
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သျှင်မ

# မရည်ရွယ်ပေမယ့်

(အချစ်နှင့်မေတ္တာဘွဲ့လုံးချင်းဝတ္ထုသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၆၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၆၁၁၀၉
ထုတ်ဝေခြင်း
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်။
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း(၁)-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ - ဝဝ၄၂)(သစ္စာမွန်ပုံနှိပ်တိုက်)
အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေ(က+ဂ) ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ၆ လင်း
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချီရေး- မြတ်မာမာယမင်း၊ မင်းလေး
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
သျှင်မ
မရည်ရွယ်ပေမယ့် / သျှင်မ - ရန်ကုန်။
ရဲအောင်စာပေ ၊ ၂၀၀၉ ။
၂၂၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မရည်ရွယ်ပေမယ့်



BURMESE CLASSIC .com

## အခန်း ▸▸ ၁ ◂◂

မှားသွားပြီ ထင်တယ်။

နှစ်ယောက်အတူတွက်ချက်လိုက်တဲ့နံပါတ်က သူပေါင်းတာ မှန်မှာပဲ ခေါင်းညိတ်ခဲ့မိသည်။

ပြန်ထွက်လာပြီးမှ ကိုယ်သွင်းသည့်ပစ္စည်းတန်ဖိုးနှင့် အရင်လက်ကျန်စာရင်းပေါင်းတော့ ဒီလောက်မကသေးတာ သတိရလာ၏။

ငွေက နည်းနည်းလေးကွာတာမဟုတ်။

ချက်ချင်း ပြန်ပြောရမည်။

စိုးရိမ်စိတ်နှင့် သတိလက်လွတ် ရပ်တန့်လိုက်မိတာ လမ်းပေါ်မှာ တဲ့ခနဲ။

"ဟော့"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

ဆိုင်ကယ်နဲ့ လှူကိုတိုက်မိတာမဟုတ်။

ဒါပေမယ့် လက်ကိုင်နဲ့ သူမ၏လက်က ဖြောင်းခနဲ နိုက်မိသွားသည်။

လန့်ဖျပ်ဆုတ်လိုက်ပေမယ့် ကဏ္ဍရော်လမ်းမပေါ်မှာ လှူက ပုံကျသွား၏။

"တောက်"

တက်ခေါက်သံလိုလို ကြားလိုက်ရသည်။

လူတွေ ဝိုင်းဝန်းလှမ်းကြည့်တာကို မလိုလားသည့်ပုံနှင့် ထိုသူ ဒေါနှင့်မောနှင့် ဆင်းချလာ၏။

"လက်ကိုတိုက်မိသွားတာ၊ မင်းလဲသွားတာ ကိုယ့်ကြောင့် ထင်ကြဦးမယ်၊ ကဲ... ထ"

ပြောလည်းပြော၍ လက်မောင်းတစ်ဖက်ကို ခွဲထူပစ်လိုက်တာ ပိုင်စိုးပိုင်နင်း...

"အား"

ခပ်ယိုင်ယိုင်ပါလာသည့် သူမကိုယ်ကိုထိန်းရင်း လက်ကောက်ဝတ်ကို ထိုသူ ဆုပ်ကိုင်လိုက်တော့ ရှူးရှူးဝါးဝါး အော်သံလေး ထွက်လာ၏။

"ဘာဖြစ်တာလဲ"

"လက်... လက်က... အား"





ဆိုင်ကယ်လက်ကိုင်နှင့် ရိုက်မိသည့်လက်ကို သတိရကာ ဆုပ်ကိုင်ထားသည့်လက်ကောက်ဝတ်လေးကို ထိုသူက ပြန်လွှတ်၏။

"ခြေထောက် ဘာဖြစ်သေးလဲ"

ဟု မေးပြီး ခွဲထူပေးထားသည့် သူ့လက်ကိုလွှတ်လိုက်ပြီး သေချာကြည့်သည်။ သူမ ရပ်နိုင်နေ[illegible]ကြည့်၍

"မင်း ဘာမှမဖြစ်ဘူးနော်"

ဟု သူပဲ ကောက်ချက်ချ၏။

လူတွေကလှမ်းကြည့်နေကြရင်း ကိုယ့်[illegible] သွားကြ၏။

သူကလည်း သူမမျက်နှာကို ခပ်စူး[illegible] ကြည့်ပြီး အငှားကားတစ်စီးကို လှမ်းတားသည်။

"အို... ဘာလုပ်တာလဲ"

"မင်းကို ဆေးဖိုးဝါးခပါ ပေးလိုက်မှာ၊ မောင့်" အထက်စီးဆန်စွာ လှည့်ပြော၍ ကားရပ်တဲ့အထိ [illegible] နေပြီးမှ

"သူ့ကို သူပြောတဲ့အထိ ပို့ပေးလိုက်ပါ"

"အို... ပန်း ပြန်လို့မဖြစ်သေးဘူး [illegible] ဦးမှာ"

သူကိုင်ထားသည့်လက်မောင်းကိုပါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ လှည့်ကြည့်၏။

"ဒါဆိုလည်း မင်းကိစ္စ မင်းလုပ်လေ၊ ရော့… ဘယ်လိုမှမအောက်မေ့နဲ့၊ ကိုယ်မှာ အချိန်မရှိလို့"

သူ့အောင်းဘီအိတ်ထဲကိုနှိုက်လိုက်သည်။

ပြန်ထွက်လာတော့ လက်ထဲမှာ ထောင်တန်တစ်အုပ် ပါလာ၏။

ဘယ်လောက် ဘယ်မျှ မရေတွက်ပါ ပါသလောက် ကိုင်ရှိုခွဲဖြတ်လိုက်ပြီး ပန်းလက်ထဲကိုထည့်လိုက်၏။

ထို့နောက် ဘာမှမပြောဘဲ ကျဲသောခြေလှမ်းများနှင့် ဆိုင်ကယ်ဆီသို့ ပြန်လှည့်သွားလေသည်။

ပန်း ဒဏ်ရာကိုလည်း မေ့သွားသည်။

ဒီလူ ဘယ်လိုပုံစံလုပ်သွားတာလဲဆိုတာလည်း မတွေး ဖြစ်တော့ဘဲ မနည်းမနောထည့်ပေးသွားသည့် ထောင်တန်တွေကို ကျစ်နေအောင် ဆုပ်ထားလိုက်မိသည်။

ጰ ጰ ጰ

သစ္စာမွန်စာပေ

## အခန်း » ၂ «

"အား"

"အို… သမီး"

ပြည်းပြည်းလျှောက်လာသည့် ခြေလှမ်းက အခြေ တစ်ပိုင်းဖြစ်သွား၏။

ဒေါ်မူမူဆွေ သမီးရဲ့ခုတင်ဘေးမှာ တင်ပါးလွှဲဝင်ထိုင် လိုက်ချိန်တွင် 'လက်ကောက်ဝတ်လေးတစ်ဖက်ကို [illegible] တစ်ဖက်နဲ့ ဖိဆုပ်လျက် ပန်းလည်း အိပ်ရာထဲက [illegible]

"သမီးရယ်… လက်ကို ဆေးခန်းသွားပြလိုက်[illegible] ပြောတာမရဘူး၊ အချိန်ရှိသေးတာယ်၊ ထ… ထ… [illegible] လိုက်ပို့မယ်"

"ဟင့်အင်း… မေမေ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်း အိပ်ရာထဲက ထထိုင်လိုက်သည့်တိုင် တင်ပါး အောက်မှာဖိနေသည့် ဆံပင်တွေကို ဆွဲမထုတ်နိုင်သေး။

ပန်းရောင်ရင့်လျက် အနည်းငယ်ယောင်နေသည့် လက်ကောက်ဝတ်ကို ဘေးကနေ ဖွဖွလေးပဲ ဆုပ်ထားနိုင်သည်။

တစစ်စစ်ကိုက်ခဲနေသည့်လက်က ချိုင်းအောက်ထိအောင် နာသည်။ လိမ်းဆေးတွေ ဘယ်လောက်ပဲလိမ်းလိမ်း မသက်သာတာကို သက်သာသလိုနေပြခဲ့ပေမယ့် ညအိပ်ရာဝင်တော့ ဘယ်လိုမှဟန်မဆောင်နိုင်တော့။

အိပ်ရာထဲမှာလှဲ၍ အိပ်ပျော်ဖို့ကြိတ်မှိတ်ကြိုးစားခဲ့သည်။ မှေးခနဲ အိပ်ပျော်သွားကာမှ လက်ချောင်းထိခတ်ကာ အသည်းခိုက်အောင် နာသွား၏။

ခုတော့ မေမေလည်း သိသွားပါပြီ။

လက်ကိုဆွဲကြည့်ပြီး ယောင်နေတာမြင်တော့ ပိုဆိုးသွား၏။

"သမီးရယ်... ဖေးခန်းသွားပြရင် အလွန်ဆုံးကုန်နှစ်ထောင် သုံးထောင်ပေါ့၊ သိပ်ဖြစ်မှာမဟုတ်ဘဲ မကုဘဲနေမှ ပိုဆိုးသွားလိမ့်မယ်"

"နေပါစေတော့ မေမေရယ်၊ မေမေ ပေးရမယ့်ကြွေးကို ဒီငွေနဲ့ဆပ်နိုင်တာပဲ ပန်း ဝမ်းသာလှပြီ၊ ဒါ ဖြစ်စမို့လို့ပါ၊ ဆေးထပ်လိမ်းလိုက်ရင် ပျောက်သွားမှာ"





ပိုးဟပ်ပျော့သားလေးလိုနုဖပ်ဝင်းအိနေသည့် လက်ချောင်းသွယ်သွယ်လေးတွေကို မနာအောင် ဖွဖွလေးဆုပ်ကိုင်ရင်း ဒေါ်မူမူဆွေ စိတ်မကောင်းဖြစ်သွားမိသည်။

"သမီးလေးရယ်... မေမေ့ကြွေးကို အစ်ကိုနေ ဆပ်ပေးလိုက်မှာစိုးလို့ မဟုတ်လားဟင်"

ပန်းမျက်ဝန်းလေးတွေ ငေးခနဲ ဖြစ်သွား၏။

ပြီးတော့ ခပ်လေးလေး ခေါင်းညိတ်ကာ

"ဟုတ်တယ် မေမေ၊ ပန်း ဆိုင်ကယ်တိုက်ခံရတာ ဒဏ်ရာရခဲ့ပေမယ့် ဒီငွေကိုရလိုက်တော့ အရမ်းဝမ်းသာသွားတာ၊ အဲဒါ မေမေ့အကျပ်အတည်းတစ်ခုကို ဖြေရှင်းပေးနိုင်ပြီမို့လို့ပါ၊ ပြီးတော့..."

"ပြီးတော့ သမီး အစ်ကိုနေနဲ့ မေမေ့ကို မပတ်သက်စေချင်ဘူး မို့လား"

သားအမိနှစ်ယောက် အကြာကြီး ငေးကြည့်နေမိကြ၏။

လက်ကနာကျင်မှုကြောင့် ပန်းမျက်နှာလေး ရှုံ့မဲ့သွားလျက် ငုံ့ပစ်လိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ၊ ဒါပေမယ့် မဟုတ်တာလည်း ရှိပါသေးတယ်၊ မေမေအခက်အခဲဖြစ်တိုင်း သူကူညီပေမယ့် သူ့ကို မေမေ အလွယ်တကူတွေ့ရတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ၊ မုဆိုးဖို သူဌေးတစ်ယောက်ကို မုဆိုးမ သူဆင်းရဲတစ်ယောက်က ဟိုရှာ ဒီရှာလုပ်ရတာ မေမေ ပေးဆပ်လိုက်ရတာတွေပါ၊ ဘာဖြစ်ဖြစ် အလကားရတာ ဘာမှမရှိဘူး မေမေ၊ ပန်း မေမေ့ကို ဒီလိုမဖြစ်စေချင်ဘူး၊ ဦးနေရိပ်က မခန့်မှန်းနိုင်လောက်အောင် ချမ်းသာတဲ့သူ၊ မေမေ့ရဲ့ငယ်ချစ်ဟောင်း၊ အခု နှစ်ယောက်လုံး လွတ်လပ်နေကြပြီ၊ သားသမီးတွေရှိခဲ့ကြတာကိုလည်း တာဝန်ကျေခဲ့ကြတဲ့သူတွေပါ၊ ဦးနေရိပ်က မေမေ့ကို တင့်တင့်တယ်တယ် လက်ထပ်ဖို့ ကမ်းလှမ်းတဲ့ကိစ္စမှာ ပန်း မကန့်ကွက်ပါဘူး''

''သမီးရယ်''

''ပန်းက သူဌေးမို့ မေမေ့ကို သဘောတူတာမဟုတ်ဘူး၊ ဦးနေရိပ်နဲ့မေမေ စကားပြောနေကြတာကို နားထောင်ပြီး ပန်းကိုယ်တိုင် ဦးနေရိပ်ကို လေးစားခဲ့တာပါ၊ မေမေလည်း ကိုယ့်ရဲ့ငယ်ချစ်ဦးကို မျှော်လင့်နေမှာပဲ၊ ဖခင်မဲ့ခဲ့တဲ့ ပန်းဘဝကို မေမေ ရှုပ်ရှုပ်ချွံချွံ ပြုစုပျိုးထောင်ခဲ့ပြီးပြီဆိုတော့ ပန်း မေမေ့ကို ဘာမှ ဝေဖန်စရာမရှိတော့ဘူး၊ မေမေ့ကို ပန်း နားလည်လို့ ကူညီချင်တာပါ၊ နောက်ကို ဒုက္ခရောက်တိုင်း သူ့ဆီက အကူအညီမယူပါနဲ့ မေမေ၊ ပန်းနဲ့မေမေ တိုင်ပင်ပြီး အတိုင်းအတာတစ်ခုနဲ့ ရှန်းကန်ကြတာပေါ့နော်''

ဒေါ်မူမူဆွေ ငေးငိုင်နေမိလေသည်။





သမီးရဲ့ဖေဖေ ဆုံးသွားပြီးကတည်းက မကျွမ်းကျင်သော စီးပွားရေးတွေကို မထိန်းသိမ်းနိုင်ဘဲ ကသောင်းကနင်းတွေ ဖြစ်သွားလိုက်တာ ဘယ်လိုမှအဖတ်မဆယ်နိုင်ခဲ့။

ကျန်ခဲ့တာလည်း ဒီသမီးက လူမမယ်လေး။

သူမအတွက် တိုးတိုးဖော်မရှိခဲ့သည်မို့ နားလည်တာလည်းရှိ၊ မလည်ဘဲလည်း နားထောင်ပေးရှာသော သမီးလေးကို ရင်ခွင်ထဲမှာပွေ့ပိုက်၍ ငိုစရာဆိုလည်း မြေး၍အတူတူငိုကြသည်။

ရယ်စရာရှိတော့လည်း သမီးလေးနဲ့ပဲ ရယ်ရ။

နောင်တစ်ချိန်မှာ သမီးလေးဟာ သူမရဲ့အရိပ်၊ သူမ၏ကိုယ်ပွားလေးလို ဖြစ်လာခဲ့သည်။

ထို့ကြောင့် သူမအပေါ် သမီးလေးနားလည်နေတာကို ကြည်နူးမိသည်။

ဒါပေမယ့် အနစ်နာခံပေးတာကိုတော့ မလိုချင်ပါ။

''သမီးရယ်... ဒီကြွေးတစ်ခုကိုရှင်းပစ်နိုင်ရုံနဲ့ မေမေတို့က သူနဲ့ကင်းသွားမှာမှ မဟုတ်တာ၊ မေမေလေ နောက်ကို...''

''နောက်ကို ဆင်ခြင်ဖို့ ပန်းမပြောပါဘူး မေမေ၊ ပန်းဖြစ်စေချင်တာက မေမေ သူနဲ့လက်ထပ်တဲ့အချိန်မှာ သူ့အသိုင်းအဝိုင်းတွေရဲ့အမြင်ထဲမှာ ဦးနေရိပ်ထောက်ပံ့ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တဲ့ မိန်းမတစ်ယောက်အဖြစ် မရှိစေချင်တာ၊ ဆင်းရဲလို့ သူဌေးကို အပိုင်ကြံပြီး အားကိုးရှာတာမျိုး မဖြစ်စေချင်ဘူး၊ မေမေ့ကို သူ့အသိုင်းအဝိုင်းက သိလိုက်တဲ့အချိန်မှာ မေမေဟာ ဦးနေရိပ်ရဲ့ အချစ်ဦး၊ ဒါပဲ၊ အားကိုးရှာလိုက်တာနဲ့ မေတ္တာရိပ် ကိုယူတာ အများကြီးကွာပါတယ်၊ မေမေ့သိက္ခာမာန်ကို လုံးဝ ထိခိုက်မသွားစေချင်တာ''

''သမီးရယ်''

''မေမေ''

''ဟင်''

''ဦးနေရိပ်က အရမ်းကိုနုပျိုပြီး ငယ်ရွယ်ချောမောနေ တာဆိုတော့ ကြားရတဲ့သတင်းတွေ တကယ်မှန်နေမလားဟင်''

ဒေါ်မူမူဆွေ ပင့်သက်လေးရှိုက်၍ လိမ်းဆေးဘူးကို ဖွင့်သည်။

ပန်းလက်ကောက်ဝတ်လေးကို ညှစ်ညင်သာသာလေး လိမ်းပေးရင်း…

''မှန်တယ် သမီး၊ ဒါပေမယ့် သူကချောလို့ ပြီးတော့ အရမ်းချမ်းသာတော့ ပေါ်လွင်တာပေါ့၊ အားကိုးချင်တဲ့ မိန်းကလေးတွေရော၊ ချောတာကို မက်မောတဲ့သူတွေရော၊ ဘာပဲဖြစ်ဖြစ် သမီးရယ်၊ တစ်ယောက်တည်းရပ်နေရင်တော့ တစ်ယောက်တည်းပဲ မြင်မှာပေါ့၊ သူ့ဘေးမှာ တခြားသူတွေပါ





စုပြုံရပ်နေရင်လည်း စုပြုံမြင်မှာပဲလေ၊ ဒီလိုမြင့်တဲ့အခါ ဦးနေရိပ်က သိပ်ရှုပ်တာပဲလို့ ဝေဖန်ကြလိမ့်မယ်၊ ဒါကို သူ ဘယ်လိုရှင်းမလဲ''

ပန်း ဘာမှမပြောဘဲ ငြိမ်သက်၍ နားထောင်နေသည်။

''သူ့စိတ်ကို မေမေသိတယ်၊ တစ်ဖက်သတ်ယုံကြည် ခဲ့တာမျိုး မဟုတ်ဘူး၊ ယုံကြည်ထိုက်လို့ ယုံတာပါ၊ မေမေ သေချာမသိသေးတာ တစ်ခုပဲရှိတယ်၊ သမီးလေး သူနဲ့ မေမေ လက်ထပ်ဖို့ တကယ်သဘောတူရဲ့လား''

ပန်းလက်ကလေးကို ခေါင်းစည်းပဝါပါးလေးနဲ့ ဖွဖွ လေး ပတ်ရင်းမေးတော့ ပန်း မေမေ့ကို မော့ကြည့်သည်။

''ပန်းက သဘောမတူဘူးဆိုရင် မေမေ နောက်ဆုတ် မယ်ဆိုတာ ပန်းသိတယ်၊ တားဆီးရက်ပါ့မလား မေမေရယ်၊ မေမေစိတ်ချမ်းသာဖို့ထက် ပန်း ဘာကိုမှဂရုမစိုက်ဘူး''

ဒေါ်မူမူဆွေ ပန်းကိုယ်လုံးလေးကို ကြည်နူးချမ်းမြေ့စွာ ထွေးပွေ့ထားလိုက်မိသည်။

ကိုယ့်အလိုကို ကြည်ဖြူလိုက်လျောပေး၍ ကျေနပ် သွားတာ မဟုတ်ပါ။

သမီးလေး ကိုယ့်အပေါ် တကယ်နားလည် လေးစား တာမှန်း သိ၍ဖြစ်သည်။

မတတ်သာလို့ ခွင့်ပြုပေးရတာမဟုတ်ဘဲ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အုပ်ထိန်းသူတစ်ယောက်က ကိုယ့်ကလေးအပေါ် ကောင်းစားစေချင်သော စေတနာမျိုးနှင့် ကြည်ဖြူနေတာမို့ ဝိုး၍ ကြည်နူးမိရသည်။

သူမရည်ရွယ်ချက်တွေကလည်း သမီးလေး တစ်သက်လုံး နွမ်းပါးစွာနေလာခဲ့သမျှ ပြည့်စုံချမ်းသာစေချင်၍ပါ။

ဦးနေရီဝမှာ ဆွေမျိုးအသိုင်းအဝိုင်း ဘာမှမကျန်ခဲ့။

ကျန်ခဲ့တာက သူမလိုပဲ သားလေးတစ်ယောက်တည်း။

ᴥ ᴥ ᴥ

## အခန်း ⏩ ၃ ⏪

ဆေးရုံဝင်းထဲကိုရောက်သည်နှင့် အရေးပေါ်ကိုပဲ တောက်လျှောက်ပြေးလာခဲ့မိသည်။

"နေခ"

သူ့နာမည်ကိုခေါ်၍ ဟန်ထည်က ပြေးထွက်လာ၏။

"ဘယ်လိုနေလဲ"

သူမေးလိုက်တော့ ဟန်ထည်က ခေါင်းခါပြ၏။

"အခြေအနေ မကောင်းဘူး နေခ၊ သူ့အိမ်ကို အကြောင်းကြားဖို့ လိုမယ်ထင်တယ်"

နှစ်ယောက် ရင်ဆိုင်လိုက်မိမှ အမြေးရစ်၍ သူ စဉ်းစားသည်။

"ဒီကောင်က သူ့ကိုယ်သူ 'လစန်းစံအိမ်'က မိသားစုလို့ သတ်မှတ်ခဲ့တာမဟုတ်ဘူး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့်ကွာ၊ အခုဖြစ်ကြတဲ့ ရန်စကလည်း သူ့အစ်ကိုကြောင့် ဖြစ်ရတာပဲ၊ ငါတို့ပြောပြလိုက်မှဖြစ်မှာ''

''ပြောပြဖို့က သင့်တယ်၊ ဒီကောင် ငါတို့ကို တစ်မျိုးထင်မှာ စိုးရတယ်''

''အဲဒါ နောက်မှရှင်းမယ်ကွာ၊ မင်း ပြောရခက်ရင် ငါ့ကို ဖုန်းပေး''

ဖုန်းဆိုမှ သတိရသည်။

သူ့မှာ ဖုန်းပါမလာခဲ့။

''နေဦး၊ မင်း အခြေအနေ သွားစောင့်ကြည့်၊ ငါပဲ သွားဆက်မယ်''

ဆေးရုံထဲမှာပဲ ဖုန်းပြန်ရှာတော့ ဘယ်ဖုန်းမှမအား။

''ဟုတ်ကဲ့ရှင်၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ပေးရှင့်လက်ခံဖို့အတွက် ကျွန်မဘက်က လက်ခံထားပါတယ်၊ တခြားသူနာပြုတွေနဲ့ ဆက်သွယ်ကြည့်ပါဦး''

''... ...''

''စိတ်မကောင်းပါဘူး၊ ကျွန်မမှာ ပေးရှင့်ရှိနေလို့ပါ''

''... ...''

''ဟုတ်ကဲ့၊ ကျွန်မ...''

''ဒီမှာ ခဏ''

စောင့်တော့ စောင့်နေပါသေးသည်။

သစ္စာမွန်စာပေ



အပြာရောင်ထမီနှင့် ခေါင်းအုပ်စဖြူလေးနှင့် ကျောခိုင်းရပ်၍ ဖုန်းဆက်နေသည့် နာ့စ်လေးလက်ထဲက ဖုန်းကို မရမဖြစ်သူလိုအပ်နေသည်ဖြစ်ရာ...

''ရှင်''

ပခုံးကို လက်တို့ခေါ်တော့ နာ့စ်လေးက ဖျတ်ခနဲလှည့်လာ၏။

''အရေးပေါ်လူနာတစ်ယောက်အတွက် အရမ်းအရေးကြီးနေလို့ ခဏပေးပါ''

ဖုန်းကိုဆွဲယူလိုက်ပြီးမှ အပြာရောင်လဲ့လဲ့အခံပေါ်မှာ အညိုရောင် မျက်ဝန်းအိမ်ကလေးတွေ ရှုးလက်နေသည့် ထိုမျက်နှာလေးကို သတိထားမိသွားသည်။

တစ်နေရာရာမှာ မြင်ဖူးသလိုပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏵ ၄ ⏴

"မွင့်မွင့်လင်းလင်းပြောရအောင် နေခ၊ မင်း မုန်းနေသလား"

နေခ ဒယ်ဒီ့ကို ဖျတ်ခနဲ မော့ကြည့်သည်။

သားအဖဆိုတာ ရုတ်တရက် မယုံကြည်စရာဖြစ်လောက်အောင် ချောမွေ့နေဆဲရှိသည့် ဒယ်ဒီ့မျက်နှာက နှစ်ပေါင်းများစွာ မြင်လာခဲ့ရတဲ့အတိုင်း အရယ်အပြုံးတို့ ကင်းမဲ့လျက် ရှိသည်။

ဒယ်ဒီဟာ မုဆိုးမ်ဒွေ့ဆိုသော မိန်းမတစ်ယောက်အကြောင်း ပြောနေချိန်မှလွဲ၍ လှုပ်ရှားမှုကင်းမဲ့နေတတ်သည့်မျက်နှာသည် လူစိမ်းမိတ်ဆွေကိုတောင် သိပ်ခွဲခြားခဲ့တာ မရှိ။





ထိုမိန်းမကို ဒယ်ဒီသည်

"ဒယ်ဒီ သူ့ကို သိပ်ကိုမြတ်နိုးခဲ့တာ၊ သူ့ကြောင့် ဒယ်ဒီ့အသွေးအသား၊ ဘဝ၊ ခန္ဓာပျက်ရသလို ဒယ်ဒီ့ကြောင့် သူလည်း ပျက်စီးခဲ့ရတာ၊ အခု သူ့ဘဝကို ဒယ်ဒီ ကာကွယ်ချင်တယ်၊ အရိပ်ပေးမယ်၊ အဲဒီအချိန်မှာ မင်းကြောင့် ဒယ်ဒီ မျက်နှာမပျက်ချင်ဘူး၊ မင်းကြောင့် သူ့ကို ဂုဏ်မငယ်စေချင်ဘူး"

"ဘာဆိုင်လဲ ဒယ်ဒီ"

သူပြောပြီး ထရပ်လိုက်တော့ မထိုင်သေးဘဲရပ်နေသည့် ဒယ်ဒီနှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။

"ဒယ်ဒီနဲ့လက်ထပ်မယ့်ကိစ္စမှာ ကျွန်တော့် [illegible] ခဲ့တာ မရှိဘူး ဒယ်ဒီ၊ လမ်းကြောင်းရှင်းနေတာပဲ၊ ဘာတွေ လိုသေးလဲ"

"လိုတယ်၊ မင်း မကျေနပ်လို့ရှောင်နေတဲ့ပုံ ဒယ်ဒီ မလိုချင်ဘူး၊ အဲဒါ ဒွေ့အတွက် အများကြီးကျဆင်းသွားနိုင်တဲ့ ဂုဏ်သိက္ခာတွေပဲ၊ ပွဲတွေးတစ်ယောက်ကို လက်ခံ[illegible] အောင် သူ့သမီးကို သူက စည်းရုံးနိုင်တယ်၊ ဒယ်ဒီက သား ကြည်ဖြူတဲ့ မိန်းမကို မျက်နှာငယ်စွာ လက်ထပ်ရမှာလား"

နေခက ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး [illegible]

"ကောင်းကင်က ကောင်းတင်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့အတိုင်း သူရှိနေမှာပဲ၊ အထက်အောက် လှန်ပစ်ချင်လို့မရဘူး''

''ဒါပေမယ့် ကမ္ဘာကြီးလုံးနေတယ်ဆိုတာ မင်းလက်ခံရမယ်၊ မင်းရဲ့အမြင်မှာ မိခွေဟာ ဆင်းရဲနွမ်းပါးပြီး အားကိုးရှာနေတဲ့ ခပ်ညှိုးညှိုးမိန်းမလို့ ထင်ချင်ထင်မယ်၊ ဒယ်ဒီ့အတွက်ကတော့ ဘာနဲ့မှတန်ဖိုးဖြတ် လဲယူလို့မရနိုင်တဲ့ ဘုံဗိမာန်တစ်ခု၊ ဒယ်ဒီ့တစ်ဘဝလုံး မျှော်လင့်ခဲ့တဲ့ ဗိမာန်ဟာ မဟေသီဆိုတဲ့ မိန်းမနဲ့ တည်ဆောက်ရမယ့်ဗိမာန်မဟုတ်ဘူး''

''သေသွားပြီးတဲ့ မာမီ့ကိုထားလိုက်ပါတော့ ဒယ်ဒီ၊ မပုတ်ခတ်ပါနဲ့''

ဦးနေရိပ်က ကြေကွဲသောအပြုံးနှင့် ခါးထောက်လိုက်သည်။

''သူသေသွားလို့ ဒယ်ဒီပြောရတာလို့ မင်းထင်လား။ တစ်ဘဝလုံးမှာ မရိုးသားခဲ့တာက မင်းရဲ့မာမီ၊ အဲဒါတွေ မင်းသိသင့်ပါပြီ၊ ပြောပြမယ် နားထောင်''

ဇာတ်လမ်းတစ်ပုဒ်ဟာ စာအုပ်ထဲမှာ ချရေးလိုက်လို့လည်း ရသည်။ ဒါပေမယ့် နေရိပ်ဆိုတဲ့ယောက်ျားတစ်ယောက်က မှားပြီဆိုတာသိလိုက်သည့်နောက်မှာလည်း အံကြိတ်ခဲ့သည်။

ဘယ်ဒိုင်ယာရီထဲမှာမှ မရေး၊ ဘယ်သူ့ကိုမှလည်း ရင်မဖွင့်။





သူပြောဖြစ်ခဲ့တာ တစ်ခွန်းပဲရှိသည်။

''ခင်ဗျားနဲ့ကျွန်တော်သိနေတာပဲ မဟေသီ''

ဆိုသော စကား။

ကျောင်းမှာ သုံးပွင့်ဆိုင်ဖြစ်ကြတာပေမယ့် မဟေသီက နောက်ဆုံးဖြစ်ကာ မူမူခွေနဲ့ နေရိပ်ကတော့ ပထမနှစ်အတူတူပဲ ဖြစ်သည်။

ရင်းနှီးလှသည် မဟုတ်ပါ။

သို့သော် လူချမ်းသာချင်း ဆက်ဆံနွယ်မိကြတာမျိုး၊ စီးပွားဘက်ဖြစ်ကြသည့် မိဘချင်း ခင်ခင်မင်မင် ရှိကြသည်။

ထို့အတူ မဟေသီနဲ့ နေရိပ်လည်း ခေါ်ဖြစ်ပြောဖြစ်ကြ၏။ မူမူခွေကတော့ ထိုစဉ်ကတည်းက သာမန်ဝတ်နိုင် စားနိုင်ရုံ အဆင့်အတန်းမျိုးလောက်ပဲ ရှိခဲ့သည်။

နေရိပ်နဲ့ မဟေသီက အစက ကိုယ်ပိုင်ကားတွေနဲ့ ကျောင်းတက်ကြ၏။ နောက်တော့ နေရိပ်က မူမူခွေကို မက်မော၍ ဖယ်ရီလိုက်စီးသည်။

နေရိပ်ကြောင့် မဟေသီလည်း ဖယ်ရီပေါ်ရောက်လာသည်။

သုံးပွင့်ဆိုင်ကဏ္ဍဇာတ်လမ်းဟာ ရိုးရိုးလေးပါပဲ။

ဒါပေမယ့် ဆန်းပြားစွာ အနိုင်ယူသွားသူက မဟေသီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းသည် ဖြောင့်တန်းစွာ သွားသော်လည်း အချစ်စစ်ဆိုသောအရာသည် ကောက်ကွေ့ရှောင်ဖယ်သွားခဲ့၏။

တကယ်တမ်း လက်ထပ်ဖြစ်ကြသောအခါ ချစ်သူကိုချိန်း၍ တကယ်ခိုးဖြစ်ခဲ့သည်က မဟောသီဖြစ်နေသည်။

ချစ်တဲ့သူချိန်းသည့်နေရာကို အရောက်လာခဲ့နိုင်သော်လည်း တကယ်ပေးဆပ်လိုက်ရသည့်ရင်ခွင်ဟာ ချစ်သူရင်ခွင်မဟုတ်ဘဲ တခြားယောကျ်ားတစ်ဦး၏ ရင်ခွင်ဖြစ်ခဲ့၏။

"ဘာဖြစ်လဲ နေ၊ ဒါ သူ့နဲ့တန်တာကို ပေးလိုက်တာပဲ၊ ငမျိုးက မချမ်းသာပေမယ့် နင့်ရဲ့ဆွေလောက် မဆင်းရဲဘူး၊ ရည်းစားများပေမယ့် ဆွေဆိုတဲ့တစ်ယောက်ကိုတော့ သူ တကယ်ချစ်တာပါတဲ့၊ ဟွန်း"

ဘယ်လိုမှ ကာကွယ်ချိန်မရ။ ပြေးထွက်ခွင့်မရလိုက်သော မဟောသီ၏ အကွက်ကျကျ စီစဉ်မှုများကြောင့် သူ့ဘဝထောင်ကျခဲ့သည်။

မှုမှုဆွေကတော့ မျိုးချုပ်နှင့် လက်ထပ်လိုက်ရှာသည်။ နေရိပ်နဲ့ မှုမှုဆွေ မေတ္တာမျှမီတတည်းက မျိုးချုပ်က မှုမှုဆွေကို ရွှတ်လိုက်ကြိုးစားဖူးသည်။

သို့သော်… ချစ်လွန်း၊ စွဲလမ်းလွန်းလို့တော့မ ဟုတ်ပါ။

လှတာမြင်လို့ ဇရတ်သုတ်ခ ရှုပ်ပွေချင်တာမျိုး။

ဒါကို မဟောသီက အခွင့်အရေးတွေဖွင့်ပေးပြီး သေချာ





ကြံစည်တွန်းပို့လိုက်သဖြင့် မှုမှုဆွေကို အောင်မြင်စွာ ကြံစည်နိုင်ခဲ့ခြင်း ဖြစ်သည်။

လင်ရယ်၊ မယားရယ်ဖြစ်ကြတော့လည်း အနာဟောင်းများကို တူးဆွမဲ့ရွဲ့ရင်း အိမ်ထောင်ရေးက အဆင်မပြေခဲ့ပေ။

ဒီသတင်းတွေက မဟောသီက အပြည့်အစုံပြန်၍ ဖောက်သည်ချသည်။

"စိတ်မကောင်းစရာပဲ နေ၊ နင့်ရဲ့ဆွေတော့ သမီးတစ်ယောက်နဲ့ ကျန်ခဲ့ပြီဆိုပဲ"

သူမပြောသမျှ ဘာမှလည်း ဝင်မဆေး။

ရန်ထဖြစ်တာမျိုးလည်း မလုပ်ဘဲ နေရိပ်က လက်သီးဆုပ် အံကြိတ်နေခဲ့သည်သာ။

"ဖြစ်မှာပေါ့၊ သူက ရည်းစားဟောင်းကို လွမ်းပြနေတာကိုး၊ ဟိုက အိမ်မကပ်ဘဲ အပျော်လိုက်နေတယ်၊ ဒီတော့ စီးပွားက ပျက်ပြီလေ၊ အစတုန်းက ရှိခဲ့တာလေးတောင် ကုန်ပြီ ဒါ သူ့ကံပဲ၊ သူကိုက မချမ်းသာထိုက်တာ"

"ခင်ဗျား ပြောရတယ်နော်၊ ခင်ဗျားလုပ်[illegible] ခင်ဗျားသိတယ်"

"ဟား ဟား ဟား"

လုံးဝနှုတ်ပိတ်နေခဲ့သော နေရိပ်ထံမှ [illegible] နာကြည်းသံထွက်လာလျှင် မဟောသီက [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်မိဘ၏ ချစ်ခင်လိုလားမှုကို အပြည့်အဝရခဲ့သော သူမက နေရိပ်နဲ့ မူမူဆွေ ဘဝနှစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားနိုင်ခဲ့သူ။

သားတွေ သမီးတွေ ရနေကြတဲ့အထိ ကလေးရှေ့မှာပဲဖြစ်ဖြစ်၊ ဘယ်မှာမဆို နေရာမရွေး မဟေသီက ပြောရဲသည်။

နေရိပ် ပြန်ပြောသမျှကိုလည်း အပြုံးမပျက် နားထောင်သည်။ နောက်ဆုံး အရက်ပုလင်းထောင်နေတာကိုတောင် သူမက သဘောတကျ ကိုယ်တိုင်ဝင်သောက်လိုက်သေးသည်။

"ကျွန်တော်အရက်သောက်ရင် ခင်ဗျား အနားကို မလာပါနဲ့"

မူမူဆွေမှလွဲ၍ နေရိပ် ဘယ်မိန်းမကိုမှ ဖောက်ပြန်ဖို့ စိတ်မကူးခဲ့။

စိတ်ကူးလို့လည်း မရနိုင်ပါ။

သို့သော်...

အလွန်စက်ဆုပ် မုန်းတီးဖွယ်ကောင်းသော မဟေသီဆိုသည့် မိန်းမကို ဒီအရက်ကြောင့် သူ မှားယွင်းခဲ့သည်။

အိမ်ထောင်သည်ဆိုသော ဘဝထိ မူမူဆွေကို သစ္စာမပျက်ဖို့ ဆုံးဖြတ်ခဲ့သော ရည်ရွယ်ချက်များ ကျိုးပျက်ခဲ့ရ၏။

ဘဝသည် ထပ်ခါထပ်ခါ သေဆုံးခြင်းဖြင့် ဘယ်လိုမှ နလံမထူနိုင်ဘဲ ဖြစ်ခဲ့သည်။

သစ္စာမှန်စာပေ



ကြားထဲမှာ သူ့ကြောင့် ဘဝပျက်သွားရှာသော မူမူဆွေအတွက် ဖြေမရနိုင်ဘဲ ဘဝ၏အမိပ္ပါယ်ကို အရက်နဲ့ဆက်ပစ်ခဲ့သည်။

ဘယ်လောက်ထိ ဆိုးသလဲဆိုလျှင် မဟေသီက သားကိုလည်း ဂရုမစိုက်ခဲ့ပေ။

'သူမလည်း ဘဝပျက်တာပဲ' ဟု အရက်တွေမူးလာပြီး ပြောတော့ နေရိပ် ဟားတိုက်ရယ်သည်။

သူ့ရယ်သံကြောင့် ကလေး ဝါးခနဲ လန့်ငိုတော့ သူပဲ ကောက်ချီ၍ ချော့နေ့ရ၏။

သား ရှစ်နှစ်သားမှာ မဟေသီ နိုင်ငံခြား ထွက်သွားသည်။ လုံးဝပြန်မလာတော့ဘဲ နောက်သုံးနှစ်ကြာတော့ နာရေးသတင်းကြားရတာပဲ ဖြစ်သည်။

မူမူဆွေကတော့ သူ့ထက်အရင် စောစောစီးစီးပဲ မုဆိုးမလေး ဖြစ်သွားရှာတာပါ။

မျိုးချုပ်ခံသွားပြီဆိုကတည်းက အကူအညီပေးချင်လို့ သူ သွားရှာခဲ့သေးသည်။

သားအမိနှစ်ယောက် မန္တလေးပြောင်းသွားပြီဆိုသော သတင်းမှလွဲ၍ ဘာမှမကြားခဲ့ရ။

ပြန်လည်၍ ဆုံစည်းခဲ့ကြတာ ဘာများကြာသေးလို့လဲ။ သားအမိနှစ်ယောက်ခမျာ ကုတ်ကုတ်ခြစ်ခြစ်နဲ့ ခြကျူးကျူး၊

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သေးသေးလေး အပိုင်ရှိသော်လည်း ဆင်းရဲနေကြရာ၏။

မန္တလေးကိုလိုက်ခဲ့ပါဆိုလည်း မလိုက်။

အိမ်ထောင်တွေမရှိကြတာ ကြာပြီမို့ လက်ထပ်ပါရစေဆိုလို့လည်း မရ။

တစ်ခါတလေ အကူအညီပေးတာလောက်ကို လက်ခံသည်။

လက်ထပ်ဖို့စဉ်းစားမည်ဟု ပြောရုံနှင့် သူ့ဘဝဟာ အသစ်တစ်ဖန် မျှော်လင့်ချက်တွေ ရှိခဲ့ရတာ ဖြစ်သည်။

ဒီတစ်ခါ မူမူဆွေ ခေါင်းညိတ်တာနှင့် ရန်ကုန်ကိုပါအောင်ခေါ်မည်။ လူကြီးစုံရာနှင့် သေချာလက်ထပ်ယူမည်။

သူ့သမီး၊ ကိုယ့်သား အားလုံးဟာ တစ်သဘောတည်း၊ တစ်စိတ်တည်း ဖြစ်ချင်သည်။

“အဲဒါ ဒယ်ဒီ့ဆန္ဒပဲ သား၊ အဖြစ်တွေကလည်း အဲဒါပဲ၊ မင်းကို ဒယ်ဒီက စာနာပေးပါလို့ တောင်းပန်နေတာ မဟုတ်ဘူး၊ မကန့်ကွက်ဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့ ခါးထောက်မျက်မှောင်ကုတ်ကြည့်နေမှာ ဒယ်ဒီ မခံနိုင်ဘူး၊ မင်း အခုမချစ်တတ်ဘူးဆိုရင်လည်း ချစ်တတ်လာမှာပါ၊ မစာနာတတ်ရင်နေ၊ ဆန္ဒမပြပါနဲ့”

အားလုံးကိုပြောပြပြီး ဦးနေရိပ်က အမိန့်ဆန်သော်လည်း မေတ္တာရပ်ခံသည့်သဘောနှင့် အဆုံးသတ်၏။

သစ္စာမွန်စာပေ



နေခ မျက်နှာတစ်ချက်ပွတ်ပစ်ကာ ဆိုဖာပေါ်မှာ အိခနဲ ထိုင်ချပစ်လိုက်သည်။

သိခဲ့သားပဲ။

မာမီနဲ့ ဒယ်ဒီ ညစဉ်ရက်ဆက် ဒီစကားတွေနဲ့ပဲ ရန်ဖြစ်ခဲ့ကြတာ။

ဒါပေမယ့် မာမီ ဒီလိုလုပ်ခဲ့တာကိုတော့ သူ မသိခဲ့ပါ။ အခု ဒယ်ဒီ အမှန်တွေကိုပြောနေတယ်ဆိုတာလည်း သူ ယုံသည်။

တရားတာ၊ မတရားတာကို မဝေဖန်လိုပေမယ့် ဒယ်ဒီ့ရင်ထဲကိုတော့ နားလည်လိုက်မိသည်။

“ကျွန်တော် နားလည်ပါပြီ”

သူခေါင်းညိတ်လိုက်တော့ ဒယ်ဒီ့ဆီမှာ တစ်သက်လုံး မမြင်ဘူးခဲ့သော အပြုံးကို မြင်လိုက်ရသည်။

“ဒယ်ဒီ ကျေးဇူးတင်တယ်၊ မင်း မန္တလေးကို သွားဖို့ ရှိတယ်ဆို”

“ဟုတ်တယ် ဒယ်ဒီ၊ သူငယ်ချင်းတစ်ယောက် အဲဒီမှာ ပြဿနာတစ်ခုဖြစ်ပြီး ဆေးရုံတင်ထားရတယ်၊ ဒီတစ်ခေါက်သွားပြီးရင်တော့ ပြီးပါပြီ”

ဦးနေရိပ်က ခေါင်းညိတ်၍ ဘောင်းဘီအိတ်ထဲကသော့ကို ထုတ်ပြီး လှမ်းပေးသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းသုံးစွဲဖို့ လိုသလောက်ထုတ်ယူသွားပါ၊ သွေတို့ကို ဒယ်ဒီ စကားလျှော့ကြုံပါးလို့ရမလား"

သော့ကို လှမ်းယူ၍ နေခ ခေါင်းခါလိုက်သည်။

"ကျွန်တော်မသွားချင်ဘူး ဒယ်ဒီ"

ဦးနေရိပ်ကလည်း ချက်ချင်းပဲ ခေါင်းညိတ်၍

"ရတယ်၊ ဒယ်ဒီမှာ နိုင်းဖို့လူရှိပါတယ်၊ မင်းလည်း အပေါင်းအသင်း၊ လူမှုရေးကိစ္စတွေ ရှိသလောက်လုပ်ပါ၊ စီးပွားရေးလည်း မင်း အခု ဝင်ချင်ဝင်၊ ထွက်ချင်ထွက်၊ ဘယ်လိုနေနေ ဒယ်ဒီ ခွင့်ပြုတယ်၊ မင်း အားလုံးနားလည်နေတာပဲ၊ တစ်ခုပဲရှိတယ်၊ ဒယ်ဒီတို့ လက်ထပ်ဖို့သေချာတဲ့ တစ်နေ့မှာ မင်း အဆင်သင့်ရှိနေပါစေ၊ အဲဒီအချိန်မှာ မင်းဘက်က လူမှုရေး၊ သာရေးနာရေး ဒယ်ဒီမလိုချင်ဘူး"

နေခ ခေါင်းညိတ်၍ နေရာမှ နောက်ထပ် ဆရပ်သည်။

"မင်း အမြန်ရထားနဲ့လိုက်မှာလား"

"မဟုတ်ဘူး၊ လေယာဉ်နဲ့"

ᅎ ᅎ ᅎ



## အခန်း ⁌ ၅ ⁍

"ဒီတိုက်က ဘယ်သူ့ဗွားတာလဲ"

"ငါတို့ပဲ ဗွားတာပါ"

"ဝါမယုံဘူးကွာ"

လမ်းသစ်မျက်နှာက အရျှော့ခံချင်လို့ စိတ်ကောက်နေတဲ့ ကလေးလိုမဟုတ်ဘဲ နာကြည်းချက်များနှင့် တင်းမာနေသည်။

ဟန်ထွန်း နေခ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

သူတို့သုံးယောက်ထဲမှာ ဆင်းရဲတာ ဘယ်သူမှမရှိ။ သို့သော် လမ်းသစ်ကျတော့ အမွေကိစ္စများနှင့် အိမ်တွင်းရေးအတွက် ရှုပ်ပွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြီး မေတ္တာဝေခဲ့သည့် လမ်းသစ်ခများ မိသားစု၏အားမှာလွှင့်နေခဲ့သော်လည်း တကယ်တမ်း အစ်ကိုတွေ၊ ညီမတွေ ဒုက္ခရောက်ကြ၊ ဖယ်ားရှုပ်ကြတာမြင်လျှင် သူ မနေနိုင်။

သူကသာ ခင်တွယ်ရပြီး မိသားစုက ဖယ်ကျဉ်ခံရတဲ့ ဘဝ။ အရင်းအချာ သူပဲရှိပေမယ့် အရင်းမချာတာတွေက အနားမှာ နေခွင့်ရပြီး သူကတော့ လမ်းပေါ်မှာဖြစ်၏။

မိဘဆီက မေတ္တာကိုသာ လိုချင်ခဲ့သော လမ်းသစ်က မာနကြီးသည်။ သူကသာပေးဆပ်၍ မယူချင်ခဲ့သည့်မာနကိုပြရင်း အသေခံလိုသူ။

"ငါဘာဖြစ်ဖြစ် သူတို့အရိပ်အောက်ကို ငါ့ကို ထိုးထည့်မပေးနဲ့ကွာ၊ ငါ့ဦးလေးကိုသာ ခေါ်ပေးပါ"

သူ့လေသံကို ပြန်လျှော့ပြီး လမ်းသစ်က တောင်းပန်၏။

"မင်းရဲ့ဦးလေးကရော ပြေလည်လို့လား လမ်းသစ်ရာ၊ ပြီးတော့ ဦးလေးဆိုတာ ဘယ်နှစ်ဝမ်းကွဲမှန်းမသိ၊ အစွန်အဖျားပဲ တော်တာ၊ ငါတို့ကိုယုံပါ၊ လုံးဝမပြောဘူး၊ ဒါပေမယ့် ယုံထားလိုက်ပါဦး၊ သေချာတာတစ်ခုက မင်းဆန္ဒကိုမယူဘဲ ငါတို့ ဘာမှမလုပ်ဘူး၊ အခု မန္တလေးကိုလာခဲ့ကြတာက ငါတို့ကိစ္စ၊ မင်းညီအစ်ကိုတွေနဲ့ ဒီမှာလာဆုံပြီး ပြဿနာထဲ မင်းပါ





ခဲ့ပေမယ့် ငါတို့ကြောင့်ဆိုရင်လည်း မမှားဘူးလေ"

နေခက ရှင်းပြတော့လမ်းသစ် အိပ်ရာပေါ်မှ ခြေဆင်းထိုင်ရင်း ငြိမ်နေ၏။

"ဟုတ်တယ် လမ်းသစ်၊ မင်းရဲ့လူမမာစရိတ်လောက်က ငါတို့အတွက် ဘာမှအပန်းမကြီးဘူး၊ အခု မင်းကို ဒီမှာ စပါယ်ရှယ်နာ့စ်နဲ့ သွားနိုင်လာနိုင်တဲ့အထိ ငါတို့စောင့်နေမယ်၊ မင်းအခြေအနေကောင်းမှ ရန်ကုန်ကိုပြန်မယ်၊ ဟိုကျမှ မင်း ဘယ်မှာပဲနေနေကွာ"

လမ်းသစ်မျက်နှာပေါ်က တင်းမာမှုတွေ ပြေကျသွားသည်။ မျက်လွှာချ၍ ခေါင်းညိတ်ရင်း

"ငါ့အတွက် နာ့စ်တွေ ဘာတွေငှားဖို့ မလိုပါဘူးကွာ၊ ရပါတယ်၊ မင်းတို့လည်း ရန်ကုန်ကိုပြန်ကြရမှာ၊ ငါ ဒီအတိုင်းပဲ ပြန်လိုက်ပါ့မယ်"

"မဟုတ်ဘူး၊ မင်းကို ဆေးရုံကကို ဆင်းခိုင်းသေးတာ မဟုတ်ဘူး၊ ငါတို့က တမင်ခေါ်ချလာတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံထက်စာရင် အိမ်မှာဆို ပိုကောင်းလို့ပါ"

လမ်းသစ်က မသန်မစွမ်းဖြစ်သွားသည့် ခြေထောက်တွေကို ဖိနှိပ်ရင်း စိတ်ညစ်နေသော မျက်နှာနှင့်…

"သံတုတ်နဲ့ရိုက်တာ ခေါင်းကိုတစ်ခါတည်း ရိုက်ခွဲသွား အေးရောကွာ၊ ခြေထောက်ကိုမှ ရိုက်ခဲ့ရတယ်လို့၊



www.burmeseclassic.com

www.burmeseclassic.com

တောက်…''

မကျေမနပ် တက်ခေါက်ရင်း ပြောနေသည်။

ခေါင်းကိုလည်း ရိုက်သွားခဲ့လို့ အရေးပေါ်တန်းရောက်ခဲ့ရတာ မေ့နေသလား မသိ။

*နေခ မသိသောပြုံး၍ ထရပ်လိုက်သည်။*

''ဟန်ထည်… မင်း ဈေးသွားမလား၊ ငါသွားရမလား''

''ငါပဲသွားပါ့မယ်၊ မင်း ဘာမှမ၀ယ်ခြမ်းတတ်ပဲနဲ့၊ ချိန်းထားတဲ့ဆရာမရောက်လာရင်သာ မင်း အဆင်ပြေအောင်ပြော၊ စပါယ်ရှယ်နာ့စ်ငှားရတာ မလွယ်ဘူး''

''လွယ်ပါတယ်ကွာ၊ မလွယ်လွယ်အောင်လုပ်နိုင်ဖို့ပဲလိုတာ''

သူငယ်ချင်းချင်း အနစ်နာခံတတ်သည့် အကျင့်ကောင်းလေးရှိသော်လည်း နေရာတကာမှာတော့ အလွန်ဥကျကျဖြစ်တတ်သည့် နေခ။

နှစ်ယောက်တွဲ၍ ထွက်သွားကြသည့် နေခနဲ့ဟန်ထည်ကို နောက်ကနေကြည့်ရင်း လမ်းသစ် သက်ပြင်းချသည်။

ပြီးတော့ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

⁂ ⁂ ⁂



## အခန်း ⏩ ၆ ⏪

တိုက်ကလေးက တစ်ထပ်တိုက်ပုပုသေးသေးလေးပေ ယ့် ပေါ်တီကိုထည့်ထားပုံက လှသည်။

အငှားကားတစ်စီးဝင်လာသည့်အရိပ်ကို စောင့်ကြည့်နေရင်း စိတ်မရှည်စွာ ထရပ်လိုက်မိစဉ် တံခါးရှေ့သို့ အရိပ် လေးတစ်ရိပ် ကျလာ၏။

သူ ဖျတ်ခနဲ ကြည့်မိသည်။

အငှားကားမဟုတ်ဘဲ ခပ်မြင့်မြင့် သွယ်နွဲ့သော န်းမလေးတစ်ယောက် ဖြစ်နေ၏။

အလွန်ဖျော့သော စကားဝါရောင်ဝတ်စုံလေးက ခေတ်ဝတ်နေကြသလို ထမီစကတ်လည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အတိုအကျပ် ဘာမှမရှိဘဲ ရိုးရိုးထမီအပွင့်နုပ်လေးများပဲ ဖြစ်သည်။

ရင်စေ့၊ လက်စက AK ဆွယ်တာလေးနှင့် ကျစ်ဆံမြီး နှစ်ဖက်ကို ရင်အုံမို့မို့မှာ တစ်ဖက်စီ ကျစ်ချထား၏။

ပေါင်လယ်လောက်ထိ ရှည်ကျနေသည့်ဆံပင်တွေကို နေခ တစ်စတစ်ဆုံးကြည့်ပြီးမှ ချိန်းထားသည့်နာရီကို သတိရ သည်။

""မင်းက ဖုန်းဆက်ချိန်းထားတဲ့ နာစ့်လား''

""ဟုတ်တယ်''

ခပ်ပြတ်ပြတ်ပဲဖြေပြီး ဘာဂျာတံခါးနားမှာ သူမက ခြေစုံရပ်၏။

""အထဲကိုလာပါ''

ပြောပြီး နေခက ဆိုဖာကိုညွှန်ပြကာ သူလည်းထိုင် သည်။

ဒါပေမယ့် သူမက အနည်းငယ်မျှပင် ရွေ့မတိုးဘဲ တိုက်ထဲကို ငေးကြည့်၏

""ဦးဟန်ထည်ဆိုတာ ရှင်လား''

နေခ မျက်မှောင်ကုတ်သွား၏။

""ဟုတ်တယ်၊ မင်းမေးစရာ၊ သိချင်တာ ဒီမှာထိုင်ပြီး မေးလို့ရတယ်''





နေခ ခပ်ဝေ့ဝေ့ဆိုတော့မှ သူမက လှမ်းဝင်လာ သည်။

မျဉ်းတဖြောင့်တည်းလျှောက်လာသလို ကိုယ်ဟန် မတ်မတ်နှင့် စည်းချက်ညီသည်။

တောင့်တောင့်ကြီးမဟုတ်ဘဲ နွဲ့နေ၏။

လှုပ်ခတ်သွားတတ်သော ကျစ်ဆံမြီးရှည်၏ ဆံဖျားတို့ က လမ်းလျှောက်သည့်ကိုယ်ဟန်အတိုင်း နွဲ့ခါနေသည်။

စကားဝါရောင်နှင့် အသားရောင် ခွဲလို့မရအောင် လှ နေသော သူမတစ်ကိုယ်လုံးက ဝင်းဝင်းစက်စက်လေး ဖြစ်၏။

တော်တော့်ကို လှပါသည်။

လှတယ်ဆိုတာထက် ယဉ်သည်။

ခေတ်နောက်ကျပြီး ခပ်တုံးတုံးပုံမျိုးမဟုတ်ဘဲ ရူးရဲ သော သူမမျက်ဝန်းလေးတွေက ပါးနပ်ထက်မြက်နေ၏။

ထပ်၍သိလိုက်သည်က ဒီမျက်နှာလေးကို သူ မှတ်မိ လိုက်ပြန်သည်။ ဒါပေမယ့် ဘယ်မှာမှန်းမသိ။

""ထိုင်ပါ''

သူ့ရှေ့မှာပဲ သူမက ဝင်ထိုင်သည်။

အနက်ရောင် လက်ကိုင်အိတ်လေးပေါ်မှာ တင်ထား သော နီးမြန်းပြည့်တင်းနေသည့် လက်ချောင်းသွယ်သွယ်လေး တွေဆီ အကြည့်ရောက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဆို ဘာမှအပြစ်ဆိုစရာမရှိ။

ထို့ကြောင့် သူ ပြုံးလိုက်တော့ သူမမျက်ခုံးတန်းလေးတွေ တွန့်ခနဲ ဖြစ်သွားသည်။

''မင်းကို အားတော့နာတယ်၊ ဒီမှာ ချေ့ခံကျေးမွေးမို့ ဘာမှရှိမနေလို့ပါ၊ ဒီတိုက်ကို တို့က ခဏငှားထားတာ၊ လူမရှိတော့ ချက်ချင်းခရီးသွားလို့မဖြစ်လို့လေ၊ တို့သုံးယောက်လုံး ရန်ကုန်ကဆိုတော့ ဒီမှာချေ့သည်၊ တို့နာမည်က နေခ၊ အပြင်သွားနေတဲ့တစ်ယောက်က ဟန်ထည်၊ အထဲက လူမာကတော့ လမ်းသစ်''

''ရှင်တို့က ဘာတွေလဲ''

မေးပုံက ရင့်သည်။

နေခက ခပ်ရှုးရှုးပြန်ကြည့်၍

''လူဆိုးသူခိုးတွေ မဟုတ်တာတော့ သေချာတယ်''

''သုံးယောက်က သူငယ်ချင်းတွေလား၊ ညီအစ်ကိုလား''

သူမမေးနေပုံက လုပ်ငန်းနှင့်မသက်ဆိုင်တော့ဘဲ အထက်စီးဆန်စွာ စစ်ဆေးနေသလိုမျိုး ဖြစ်လာသည်။

နေခ မျက်နှာမကြည်လင်တော့ပေ။

''ညီအစ်ကိုလိုခင်ကြတဲ့ သူငယ်ချင်းတွေပဲ၊ ဒါနဲ့ မင်း ပြောပါဦး၊ မင်းရဲ့နာမည်၊ တို့ မင်းကို မြင်ဖူးနေသလိုပဲ''





နေခအမေးကို သူမက မဖြေသေးဘဲ နှုတ်ခမ်းလေးစေ့ထားရင်း ပြုံးတော့မလို မဲ့တော့မလို ကြည့်သည်။

''အဲဒါတွေက အရေးမကြီးပါဘူး၊ လိုလည်း မလိုအပ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ပေးရှင့်တိုင်းကို လက်မခံထားတတ်လို့ပါ''

ပြောပြီး တစ်ဖြိုင်တည်း ထရပ်လိုက်၏။

ထိုအခါ သူမကို ဆေးရုံထဲမှာ ဂျူတီဝတ်စုံကလေးနှင့် မြင်ဖူးခဲ့သည့်အဖြစ်ကိုပါ သတိရလိုက်ပြီး နေခ လိုက်ရပ်သည်။

''နေပါဦး၊ မင်းနဲ့ဟန်ထည် လုပ်ငန်းသဘောတူပြီး ဒီကိုချိန်းလိုက်တာ မို့လား''

''သဘောတူ မတူ ဆုံးဖြတ်ဖို့ ကျွန်မလာတာပါ၊ လာဖြစ်တာကလည်း ဦးဟန်ထည်ဆိုတဲ့လူက ဒေါက်တာဦးနိုင်သော်ကို အကူအညီတောင်းလို့ ဆရာ့အမိန့်နဲ့ ကျွန်မလာတာ၊ အလုပ်လက်ခံဖို့ မခံဖို့ကို ကျွန်မ ဆုံးဖြတ်ခွင့်ရှိတယ်''

သူမက ပြောရင်း နောက်ကြောင်းပြန်လှည့်၏။

''နာစ့်ငှားရတာ မလွယ်ဘူး''

ဟု ဟန်ထည်ပြောသွားသည့်စကားကို သတိရကာ နေခ သူမနောက်ကို လိုက်သည်။

''နေပါဦး၊ မင်း ဘာကြောင့်လက်မခံဘူးလို့ ငြင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလဲ၊ ဘာကြောင့်လဲ၊ ဒီမှာ အရှမ်းကို လိုအပ်နေလို့ မျှော်နေကြတာ၊ ဒီတိုင်း ထွက်မသွားနဲ့လေ''

ရှေ့ကနေ ဝိတ်ရပ်ပစ်လိုက်မိတာ ရိုင်းသွားသလား။ ပိုင်စိုးပိုင်နင်း ဖြစ်သွားသလား။

နေခ မစဉ်းစားမိပေ။

လောလောဆယ် သူနာပြုတစ်ယောက် မဖြစ်မနေ အရေးတကြီး လိုအပ်နေသည့်ကိစ္စက နောက်ထပ်တစ်ယောက် ရှာဖွေဖို့လည်း အချိန်မပေးနိုင်။

ဖွတ်တရွတ်ပုံဖြစ်လာသည့် သူ့ကို ထိတ်လန့်ဟန်ရော လျက် ဒေါသဖြစ်သွားသော မျက်လုံးအစုံက ဒိုင်းခနဲ လာ ဆောင့်၏။

''ရှင် ဘာလုပ်တာလဲ''

''ကိုယ်တို့ နာ့စ်တစ်ယောက် လိုချင်တယ်၊ ဒေါက်တာ ဦးနိုင်သော်က လွှတ်ပေးမယ်လို့ပြောတယ်၊ အခု မင်းရောက် လာတာ အဆင်ပြေနေပြီပဲ၊ လက်မခံနိုင်ဘူးဆိုတာ ဘာလဲ''

မြင့်မားလွန်းသည့် အရပ်အမောင်းနှင့် ရှေ့ကနေ ဝိတ် ရပ်ထားသူကို ပန်း မော့ကြည့်နေသည်။

ပန်း အရပ်မနိမ့်ပါ။

ဒါပေမယ့် သူက ပန်းထက် အများကြီးပိုမြင့်နေသည်။ စွင့်ကားသယောင်ရှိသော မေးရိုး၊ ဝိရိယပုံကျလျက်





ပါးသယောင်ထင်ရသော နှုတ်ခမ်းအစုံနှင့်။

ထိုသူ့မျက်နှာပေါ်မှာ အမြဲတမ်းဗိုလ်ကျတတ်ခဲ့သော အရှုံးမပေးချင်သည့် အစွမ်းဆန်မှုများကို မြင်နေရသည်။

ပန်း မေ့ပါ့မလား။

ဆေးရုံပေါ်မှာ မြင်လိုက်ကတည်းက မှတ်မိသည်။

ပန်းကို လမ်းမပေါ်မှာ ထောင်တန်တစ်ထပ်ထည့်ပေး ပြီး ဆေးဖိုးဝါးခဟု ဂရုမစိုက်စွာ ပြောသွားသည့် ယောကျ်ား။

ဤလူနှင့် သုံးကြိမ်မြောက် တွေ့ဆုံနေရခြင်းဟာ တိုက်ဆိုင်တာမှန်းသိလျက်နှင့် အံ့ဩချင်သည်။

သူက ကိုယ့်ကို မှတ်မိပုံမရတော့ ပန်းက စေ့စေ့ကြည့် ၍ မဲ့လိုက်၏။

''ရှေ့က ဖယ်ပါ''

''မဖယ်နိုင်ဘူး၊ မင်း ဒီထိရောက်လာပြီး ချွေးချေးပုံ မြင်သလို တွန့်ဆုတ်လှည့်ပြန်သွားတာ ကိုယ် လက်မခံဘူး၊ ဆွေးနွေးရအောင် ပြန်ထိုင်ပါ''

''မထိုင်နိုင်ဘူး၊ ဆွေးနွေးဖို့လည်း မလိုဘူး၊ အလုပ် လုပ်တာ ကျွန်မမှာ သတ်မှတ်ချက် ရှိတယ်၊ လူရွယ်ယောကျ်ား တို့ ကျွန်မ မပြုစုဘူး''

''ဪ… ဪ…''

''သက်ကြီးရွယ်အိုနဲ့ မိန်းမ၊ ကလေး''



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလှူရှယ်တွေကတော့ မဖျားနေဘာတော်ကြ ဘူးလား"

"ဖျားရင် ဆေးကုပေါ့၊ ဆရာဝန်တွေ နာ့စ်တွေ အများကြီးပဲ၊ ကျွန်မလက်မခံပါဘူးလို့ ပြောပြီးပြီပဲ"

"မင်းကို ဒေါက်တာဦးနိုင်သော်က မပြောဘူးလား"

"ဟုတ်တယ် မပြောဘူး၊ စကားထဲမှာမပါတော့ ကျွန်မအလုပ်အကြောင်း သိနေတဲ့သူဆိုတော့ အထူးတလည် ဂရုမစိုက်မိပဲ ထလာတာ၊ ဆရာမေ့နေလို့ ဖြစ်မှာပါ၊ သိရင် သူ တခြားနာ့စ်ကို လွှဲပေးမှာ၊ တဲ... ကျွန်မရှေ့က ဖယ်ပေး"

"မဖယ်နိုင်ဘူး"

"ဘာ"

မျက်ဝန်းနှစ်စုံ စူးစူးရဲရဲ ဆုံမိကြ၏။

ရက်ရက်စက်စက်လှသလောက် အလွန့်အလွန်မာနကြီး သော မိန်းမတစ်ယောက်အဖြစ် နောက်ထပ်သတ်မှတ် ဖြစ် သည်။

"မင်း စဉ်းစားပါဦး၊ အခုလူနာက လူငယ်ပေမယ့် ခြေနှစ်ချောင်းလုံးမသန်တဲ့ လူနာ၊ ပြီးတော့ ကိုယ်ကျင့်တရား ကို ကိုယ်တို့ လုံးဝအာမခံတယ်၊ သူ မင်းကို ဒုက္ခပေးမှာလည်း မဟုတ်တဲ့အတွက်"

ဖြင်းဆန်ဖို့ ပင့်တက်လာသည့် မျက်တောင်ဖျားလေး





တွေကို ငုံမိုးကြည့်၍ သူမကို ဘာမှပြောခွင့်မပေးဖို့ ဆုံးဖြတ် ရင်း

"ဒီမှာ ခရီးသွားလာရင်း ပြဿနာဖြစ်လို့ ခဏနား နေကြတာ၊ ကိုယ်တို့ကိစ္စတချို့ကို ဒေါက်တာဦးနိုင်သော် သိ ပါတယ်၊ အကြမ်းဖျင်းအားဖြင့် ယုံကြည်ပါလို့ ကိုယ် တောင်း ပန်တယ်၊ တခြားနာ့စ်ရှာဖို့ အချိန်မရှိတော့ဘူး၊ ဒေါက်တာ ကလည်း ပြောတယ်၊ မင်းနဲ့ အဆင်ပြေဖို့ ပြောကြည့်ပါတဲ့၊ နောက်ထပ်တစ်ယောက်ရှာဖို့ သူ ကူညီမှာမဟုတ်တော့ဘူး ထင်တယ်၊ အဲဒါ မင်း စဉ်းစားပါဦး၊ အနည်းဆုံး တစ်ပတ် လောက်ပဲဖြစ်ဖြစ်..."

"ကျွန်မ လက်မခံနိုင်ပါဘူး၊ နောက်ထပ်ပြောလည်း ဒီစကားပဲ"

"ဟ... မင်း တင်းလှချေလား၊ မင်း ဒီအလုပ်ကို လုပ်နေပြီး ဒီလောက်ထိ ဓိစာကြောင်တာ သဘာဝကိုမကျ ဘူး၊ ဘာလဲ... ပိုက်ဆံနည်းမှာစိုးလို့လား၊ မင်းပါးစပ်ဟလိုက်၊ ပြောသလောက်ပေးမယ်"

"ရှင်"

ယန်း မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားသည်။

"ညဆိုပေမယ့် အနားမှာ ကိုယ်တို့ရှိနေမယ်၊ လူနာ ကို မင်း တွဲထူချီပိုးနေဖို့ မလိုဘူး၊ သူ့ခေါင်းမှာ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းရထားတယ်၊ လက်ပြင်မှာ နည်းနည်းကြေထားတာ ရှိတယ်၊ အဲဒါတွေအတွက် ဒဏ်ရာကို ဂရုစိုက်ပေးရုံပဲ၊ ဒီလောက်ထိ အဆင်ပြေအောင် ကိုယ်ပြောပြနေတာ၊ မင်း ဘာဖြစ်လို့ တင်းခံနေတာလဲ''

''ကျွန်မစိတ်နဲ့ ကျွန်မကိုယ်၊ ရှင် ဝေဖန်ဖို့မလိုပါဘူး၊ ညမှုညတာ ကျွန်မက စောင့်ပေးရမှာ၊ မိသားစုလည်းမဟုတ်၊ မြို့ခံလူတွေလည်းမဟုတ်၊ ယောက်ျားတွေအလယ်မှာ...''

''အဲဒီအတွက်ကို...''

''လုံးဝ ဆောရီး''

ပန်း သူ့ကို ရှောင်ထွက်လိုက်သည်။

''တောက်''

ပခုံးချင်းယှဉ်လျက် ဆန့်ကျင်ဘက်လားရာကို မျက်နှာမူလိုက်မိစဉ် သူ့ထံမှ တက်ခေါက်သံကြောင့် ပန်း တုံ့ခနဲ ရပ်သွား၏။ သူကလည်း လှည့်ကြည့်သည်။

ခပ်စောင်းစောင်း မျက်ဝန်းနှစ်စုံ ဆုံမိလိုက်ကြစဉ်မှာ မီးပွင့်မီးဖွားတွေ စင်ထွက်သွားသည့်နှယ်။

''မင်းနာမည် ဘယ်သူလဲ''

ပန်း မျက်နှာလွှဲပစ်လိုက်၏။

''မလိုပါဘူး''

ᅏ ᅏ ᅏ

သစ္စာမွန်စာပေ

# အခန်း ⁍ ၇ ⁌

''လာ... လာပါ ခွေရယ်၊ ဒါ မင်းနေရမယ့် ထာဝရ ရင်ခွင်ပဲဟာ၊ ဘာဖြစ်လို့ လျှောက်ကြည့်နေတာလဲ''

အပြင်ဘက်မှအသံတွေကြောင့် ကွန်ပျူတာရှေ့မှာ ထိုင်မလှုပ်ပြင်ပြီးမှ တံခါးဝကို လှမ်းကြည့်လိုက်မိ၏။

ရွှေအိုရောင် ပါတိတ်သည် ပြည့်ဝင်းလှပသော ကိုယ်ပေါ်မှာ ပျော့ပျော့ကပ်ကပ်လေးရှိနေလျက် ဆရာမတွေ ထုံးဖွဲ့သလို ဆံပင်ကို နောက်တွဲဆံထုံးပုံ့ပုံ့လေး ထုံးထားသည်။

ဘာပန်းမှမပန်ဘဲ ငွေကြယ်လေးတွေပါသည့် ပိုက်ပါးလေးနှင့် ထပ်အုပ်ထားရုံနှင့် မျက်နှာပြည့်ပြည့်လေးက ရှင်းနေသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရမ်းနုငယ် လှပနေတာမျိုး မဟုတ်။

မျက်ဝန်းအိမ်ကျယ်သလို မျက်ကွင်းညှိုနေတာလေး ရှိသည်။

သို့သော် ခလေးထောင့်ဆန့်ချင်သည့် မျက်နှာကျပုံနှင့် ထူပြည့်သော နှုတ်ခမ်းလွှာများကြောင့် ခန့်ခန့်တည်တည်လေးပဲ ဖြစ်နေပြီး ကြည့်ကောင်းပါသည်။

အကြည့်တို့ ကြာမြင့်စွာ ဆုံနေခဲ့ကြသည်။

ဒေါ်မူမူဆွေဆိုတာကို နေခ ပထမဆုံးမြင်ဖူးလိုက်သည့် ခဏမှာပဲ အဖုအထစ်ဖြစ်ခဲ့ဖူးသော စိတ်တို့အားလုံး ညှံ့သက်သွားခဲ့သည်။

လှလွန်းသည်မဟုတ်ဘဲ ကျက်သရေရှိသည့်မိန်းမ တစ်ယောက်၏ သိမ်မွေ့ခြင်းများမှာ သူ ထင်မြင်ခဲ့သမျှ ကွေ့ကောက်မှုတို့ကို မတွေ့။

မျက်ဝန်းတို့ကို တခြားရွှေ့ပစ်လိုက်ပြီး နေခ စားပွဲမှာ ထိုင်လိုက်သည်။

ဦးနေရိပ်က ဒေါ်မူမူဆွေ့လက်ကို တယုတယ ဆွဲခေါ်လာပြီး ဧည့်ခန်းမှာ ထိုင်စေသည်။

ပြီးတော့...

"သားရေ... အဲဒါ နောက်မှလုပ်ကွာ၊ ဒီမှာ ဒယ်ဒီ မိတ်ဆက်ပေးမလို့"





နောက်တစ်ကြိမ် ပြန်လှည့်လာသည့် မျက်နှာကို ဒေါ်မူမူဆွေက သေချာပြန်ကြည့်သည်။

ဦးနေရိပ်၏ တစ်ဦးတည်းသောသား နေခစား။

အရုပ်အမောင်းကအစ ဦးနေရိပ်ထက် ပိုမြင့်သည်။

အသားက ဖြူသည်ဆိုတာတွေထက် ပိုချင်သည်။

ဒါပေမယ့် ဖြူဖတ်ဖြူလျော်မဟုတ်ဘဲ ရဲနေသည့် နှုတ်ခမ်းများနှင့် ကြည့်ကောင်းသည်။

ထူနက်သော မျက်ခုံးတန်းများကြောင့် မြန်မာလိုပဲ ချော၏။

ကုတ်ထောက်ဆံပင်က လှိုင်းတွန့်ရေးရေးနှင့် ကပိုကရို ဖြစ်၏။ သမီးနဲ့ဆို အသက်ဘယ်လောက်ကွာနိုင်မလဲ။

သူ့သားနဲ့ ကိုယ့်သမီး တည့်ကြပါ့မလား။

မေးရိုးကျပုံနှင့် နှုတ်ခမ်းသားတို့၏ ပိရိကျနမှုကို အကဲခတ်၍ သည်ကောင်လေးမှာ မာကျောကျော ဂရုမစိုက်တတ်သည့် စိတ်ဓာတ်မျိုးရှိနိုင်သည်ဟု ကောက်ချက်ချမိသည်။

ဒါဟာ ချမ်းသာကြွယ်ဝကြသည့် မိဘများနှင့် အလိုလိုက်ခံ ဘဝများကို ပိုင်ဆိုင်ခဲ့ကြသည့် ကလေးတိုင်း၏စရိုက်။

သမီးလေးကိုတော့ ချမ်းချမ်းသာသာ မထားနိုင်ခဲ့ပေမယ့် အလိုလိုက်ယုယခဲ့တာပါပဲ။ ဒါပေမယ့် သမီးလေးက ဆိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပေမယ့် မာနတော့ရှိသည်။

ကိုယ့်သမီးမို့ အကောင်းမြင်ဝါဒနဲ့ကြည့်တာ မဟုတ်ပါ။ ဒီမာနမျိုးဟာ မပြည့်စုံသော မိန်းမသားတိုင်းအတွက် ထားသင့်သော မာနပဲဖြစ်သည်။

ဒါဆို အနိုင်ယူနေကျမို့ အနိုင်ရဖို့ကြိုးစားချင်သည့် ဒီကလေးနှင့် မာနကြီးသည့် ကိုယ့်သမီးလေး သင့်မြတ်ပါ့မလား။

ရင်ထဲမှာ မောသွားသည်။

မိထွေးမို့ ကိုယ့်ကို ဘယ်လိုမြင်သလဲဆိုတာထက် ဒီကလေးသဘောထားဆိုးလျှင် သမီးလေး မျက်နှာငယ်ရမည့် အဖြစ်ကိုပဲ ဦးဆုံး စဉ်းစားမိသည်။

သူ့မဘဝမှာ သမီးလေးဟာ ကိုယ့်ဘဝထက် အရေးကြီးပါသည်ဟု ပြောရဲလောက်အောင် သမီးလေးသာ အဓိက။

သူ့မအပေါ် အမြဲတမ်း နားလည်ကူညီခဲ့သည့် သမီး။

ဆင်းရဲခဲ့သမျှ မျှဝေခံစားရင်း တူညီစွာ ရုန်းကန်ခဲ့ကြသည့် သားအမိနှစ်ယောက်ဘဝမှာ အမေနဲ့သမီးရယ်လို့ မဟုတ်တော့ပါ။

ရင်ထဲတွင် တဒင်္ဂပူလောင်သွားသည့်အတွေးများနှင့် ဒေါ်မူမူဆွေ မျက်နှာပုံစံမမှန်နိုင်ဖြစ်သွားတာကို ဦးနေရိပ်က အကဲခတ်၏။





"ဆွေ"

"ရှင်"

ဒေါ်မူမူဆွေ ဖျတ်ခနဲ မော့ကြည့်တော့ ဦးနေရိပ်နှင့် သားဖြစ်သူက သူ့မရှေ့မှာ ထိုင်နေကြပြီဖြစ်၏။

ဦးနေရိပ်က သားလက်ကို ဆုပ်ကိုင်ပြီး ဒေါ်မူမူဆွေကို ပြုံးပြ၏။

"သူက ကိုယ့်သားလေ၊ နေခစားတဲ့"

နာမည်ပြောပြပြီး ဦးနေရိပ်က ပြုံးလိုက်သည်။

မျက်ဝန်းတို့က အပြုံးတစ်စနှင့်မို့ ရီဝေသွားသလိုရှိသော်လည်း နာကြည်းရိပ်များ စွန်းထင်လျက်။

"ဒီနာမည်ကို သားရဲ့မာမီက သိပ်သဘောကျတာ၊ ကိုယ်က နေရိပ်မို့လို့ သားကို နေခစားလို့ တမင်ပေးတာတဲ့၊ သူက ကိုယ့်ကို သိပ်နိုင်ချင်တာကိုး၊ အဟွန်း… ဒါပေမယ့် ကိုယ့်သားက သူ့လိုမဟုတ်ဘူး ဆွေရဲ့၊ ကိုယ့်အပေါ် ဘယ်တုန်းကမှ တစ်ဖက်သတ် အနိုင်ယူခဲ့တာမရှိဘူး"

"အို… အစ်ကိုကလည်း"

အသံလေးထွက်လာတော့လည်း နှုတ်ခမ်းသိမ်မွေ့နေသည်။

မျက်ဝန်းအမူအရာတို့ကအစ ချွဲနွဲ့ဟန်နှင့် ဖြားယောင်းမှုဆိုတာ ဘာမှမရှိ။ သားရဲ့မိခင်အကြောင်းကို မပြောသင့်လို့



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်နေခြင်းက နေခအတွက် အားနာမှုသက်သက်ပဲဆိုတာ ထင်ရှားနေ၏။

နေခနှင့် ဒေါ်မူမူဆွေ မျက်လုံးချင်း ဆုံသွားပြန်သည်။

နှုတ်ခမ်းနှင့်မဟုတ်ဘဲ နေခ မျက်ဝန်းများဖြင့် ရယ်မြူးရိပ်ကို မြသည်။

ကိုယ့်မိခင်တစ်ယောက်အဖြစ်မဟုတ်ဘဲ ဒယ်ဒီလက်တွဲလိုက်သည့် မိသားစုဝင်တစ်ယောက်အဖြစ်တော့ သူ လက်ခံလိုက်ပြီ ဖြစ်၏။

"သားကိုတော့ ဒယ်ဒီပြောပြပြီးသားပါ၊ သူက မကြာခင် ဒယ်ဒီနဲ့လက်ထပ်တော့မယ့် မူမူဆွေပဲ၊ နောက်ဆို တစ်မိုးအောက်မှာ လက်ရည်တစ်ပြင်တည်း နေထိုင်စားသောက်ကြရမှာ၊ ဆွေ့ဘက်ကပဲဖြစ်ဖြစ်၊ ဒယ်ဒီ့သားဘက်ကဖြစ်ဖြစ် အားလုံးကို ပွင့်လင်းစေချင်တယ်"

ဦးနေရိပ်က အစချီကာ

"ဆွေ့မှာလည်း သမီးလေးတစ်ယောက်ရှိတယ် သား၊ သူ မကြာခင် ဒီကိုပြောင်းလာလိမ့်မယ်"

ဒါလည်းသိပြီးသားမို့ နေခ ဘာမှမပြောဘဲ နေလိုက်သည်။

ဒေါ်မူမူဆွေအတွက်လည်း ငြိမ်ငြိမ်လေးထိုင်နေသည်မှလွဲ၍ ပါးစပ်ကလည်း မလှုပ်၊ လက်လည်း မပါ။





သူမသည် ဒီမိသားစုအဖြစ် အလျင်စလို အရောဝင်ချင်တဲ့မျိုး ဘာတစ်ခုမှ မကြိုးစားသလို အလွန်ခမ်းနားထည်ဝါသည့် အပြစ်ဒဏ်များနှင့် တိုက်တစ်တိုက်လုံးကို တစ်ချက်ကလေးမှ မော့မကြည့်။

သူမကြည့်တတ်သည်က နေခ၏ မျက်ဝန်းများကိုပဲ ဖြစ်တာ မိထွေးတစ်ယောက်အဖြစ် နေရာယူလိုက်သည့်အပေါ်မှာ နေခ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို စိတ်ဝင်စားနေတာမျိုး။

ထိုစိတ်ဝင်စားမှုများထဲမှာ မတော်လောဘအနည်းငယ်မျှ မရှိပါ။ မေတ္တာကိုမရလျှင်တောင် ဒေါသကိုမလိုချင်တာမျိုး။

မချစ်နိုင်လျှင်နေ၊ မမုန်းလျှင် ကျေနပ်ပါမည်။

ဒေါသအမုန်းများကိုပဲ မျိုသိပ်မရစွာ နေခမျက်နှာမှာပေါ်လွင်နေမည်ဆိုလျှင် လှည့်ပြန်သွားဖို့လည်း ဆုံးဖြတ်ခဲ့ပြီးသား။

မျက်ဝန်းချင်း မကြာခဏ ဆုံမိစဉ်မှာ နေခမျက်ဝန်းများကို သူမ ကျေနပ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်က လူကြီး၊ ဒီလောက်ထိ ပြေပြေပြစ်ပြစ် ဆက်ဆံပေးလျှင်ပင် ဝမ်းသာဖွယ်ရာပါ။

နောင်အခါ အခြေမသင့် ခလုတ်တိုက်လာနိုင်သည့် စကားလုံးအမူအရာတွေ ဖြစ်ခဲ့ရင်လည်း ခွင့်လွှတ်သည်းခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သမီးလေးနဲ့ ဖြစ်ပါ့မလား။

''ဒီတော့ ကိုယ်ပြောချင်တာက သူ့သမီးရော ကိုယ့်သားလေးရော ရင်ခွင်ပိုက်ကလေးတွေ မဟုတ်ကြတော့ဘူး၊ လူပျို အပျိုတွေဆိုတော့ မိဘတွေ အိမ်ထောင်သစ်ထူကြတဲ့ ကိစ္စမှာ ကြည်ဖြူပေးလိုက်ကြတာပဲရှိတယ်၊ ငါ့အဖေ ငါ့အမေဆိုတဲ့ လက်ခံမှုမျိုး၊ အဲ… နောင်ရှိလာနိုင်ရင်တောင် အခုဘယ်လိုမှမရှိနိုင်ပါဘူး၊ ဒါပေမယ့် သမီးကို ကိုယ်လည်း ကိုယ့်သမီးလေးလို သဘောထားမယ်၊ ဆွေလည်း ဒီသဘောပဲဆိုတာ ကိုယ်ယုံတယ်၊ သူတို့တွေကတော့ လူကြီးတွေလို မဟုတ်တော့ တမင်တကာပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ထိခတ်တိုက်ခိုက်မှုလေးတွေ ဖြစ်ချင်ဖြစ်လာမှာပဲ၊ ကလေးတွေကို ကိုယ်တို့ နားလည်ရအောင်''

ဒေါ်မူမူဆွေက ခေါင်းညိတ်၍ မျက်လွှာချသည်။

''ဆွေ နားလည်ပါတယ် အစ်ကို၊ ဒါကို ဆုံးဖြတ်ပြီဆိုကတည်းက အားလုံးပါပါတယ်၊ ဆွေ တစ်ခုပဲ စိုးရိမ်တယ်၊ သမီးလေးနဲ့ သား…''

''သိတယ်၊ အဲဒါကို ကိုယ်ပြောချင်တာပါ၊ ဝတ္တရားရှိတဲ့အတိုင်း ကလေးတွေကို ဆုံးမဖို့၊ ကိုယ်တို့က အရင်နားလည်ပေးလိုက်တဲ့သဘော၊ သမီးကတော့ အခုမရှိသေးဘူး၊





ဒါပေမယ့် ရောက်လာတဲ့အခါ သားက အိမ်ရှင်လည်းဖြစ်တယ်၊ ယောက်ျားလေးလည်းဖြစ်နေတယ်၊ ပြီးတော့ အနေအထားအရ သားဘက်က လုံးဝရိုင်းစိုင်းလို့မရဘူး''

နေခ မျက်မှောင်ကုတ်သွားတော့ ဦးနေရိပ်က ခေါင်းခါပြလိုက်၏။

''နေဦး၊ ဒယ်ဒီဆိုလိုတာက သားဆိုးနေလို့ ကြိုပြောတာ မဟုတ်ဘူး၊ တစ်ဖက်သား မိန်းကလေးက မျက်နှာငယ်တဲ့သူမို့လို့၊ နောက်ပြီးတော့…''

''အဲဒါ ပြဿနာမရှိနိုင်ပါဘူး ဒယ်ဒီ၊ ကျွန်တော်က အိမ်မှာသိပ်နေတဲ့သူမှ မဟုတ်တာ''

''ဒီလိုပြောလို့မရဘူး သား၊ ဒါ သားရဲ့အိမ်၊ သားနေတဲ့အိမ်ပဲ၊ မနေဘူးဆိုတာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် အတူနေကြမှာ၊ အိမ်မှာ လူပိုရှိလာလို့ သား အပြင်ချည်းပဲထွက်နေတာမျိုး ဒယ်ဒီက လက်ခံမှာမဟုတ်ဘူး၊ စားချိန်မှာ ပြန်စား၊ အိပ်ချိန်မှာ ပြန်အိပ်၊ အတူနေကြတဲ့လူတွေ မနေတတ်အောင် ဘယ်သူ့ကိုမကျေနပ်သလိုလို၊ မမြင်ချင်သလိုလို၊ တစ်မျိုးဆင်စရာ အနေအထားတွေ မဖြစ်စေချင်ဘူး''

''အဲဒါ သားကိုချည်းပဲ တစ်ဖက်သတ် သည်းခံခိုင်းဖို့ မလိုပါဘူး အစ်ကို၊ သမီးကိုလည်း ဆွေ ဆုံးမထားပါမယ်၊ တစ်အူတုံ့ဆင်းကြတဲ့ မောင်နှမတွေတောင် ရန်ဖြစ်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြတာပဲ၊ သူတို့ချင်း မသင့်မြတ်ကြ၊ စကားများကြတာလည်း ဖြစ်မှာပေါ့၊ ဖြစ်တဲ့အခါ တစ်ယောက်နဲ့တစ်ယောက် စိတ်ထဲမှာ အငြိုးအတေး၊ အဖုအထစ်တွေမထားကြဖို့ အဓိကပါ၊ ရန်ဖြစ်တာလည်းဖြစ်၊ ခင်ခင်မင်မင်နေတဲ့အချိန် နေကြဆိုတော့ စိတ်ချမ်းသာရတာပေါ့"

"မဟုတ်ဘူးလေ၊ ကလေးလေးတွေမှ မဟုတ်တာ၊ မသင့်မြတ်ဘူးဆိုတာက..."

"ရပါပြီ အစ်ကို၊ တော်ပါတော့၊ ဆွေ အိမ်ပေါ်တောင် မရောက်သေးဘူး၊ ကလေးတွေ စိတ်ကျဉ်းကျပ်နေပြီဆိုရင် မကောင်းပါဘူး၊ ဆွေတို့ သားအမိအပေါ် သားက လက်ခံတယ် ဆိုတာနဲ့ပဲ ဒီအချက် လုံလောက်ပါပြီ"

ဦးနေရိပ်က ဒူးပေါ်မှာ လက်ဖနောင့်နှင့်ထောက်၍ သက်ပြင်းချလိုက်၏။

"ဒါဆို မန္တလေးက ဆွေတို့အိမ်လေးကို ရောင်းပစ်ဖို့က..."

"မရောင်းဘူး အစ်ကို၊ အဲဒီအိမ်လေးပိုင်ဆိုင်နိုင်အောင် သမီးလေးနဲ့ဆွေ အရမ်းကို ကြိုးစားခဲ့ရတာ၊ သမီးလေးက သံယောဇဉ်ရှိတယ်၊ သူရောင်းမှာမဟုတ်ဘူး"

ပြောနေရင်း မျက်ဝန်းတို့ကို ရှေ့ထားလိုက်မိသည်၊ ဒီတိုက်ကြီးပေါ်ကို ပိုင်ရှင်ကို လက်ဆွဲပြီးလိုက်ခဲ့မိတာ





က ချစ်၍လည်းဖြစ်သည်။ အားကိုးချင်တာလည်း ပါသည်။

ဒါပေမယ့် သူ့ချမ်းသာမှုတွေကို ငါပိုင်ရမယ်ဆိုတဲ့ လောဘသက်သက်နဲ့တော့ မဟုတ်ခဲ့ပါ။

ဘာပဲဖြစ်ဖြစ် စိတ်ချမ်းသာဖို့အဓိကထဲမှာ သမီးလေး စိတ်ချမ်းသာဖို့၊ တကယ်လို့များ ဒီအိမ်ကြီးပေါ်မှာ သမီးလေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရတော့မည်ဆိုရင် အိမ်ဟောင်းလေး သည်သာ သူမတို့သားအမိအတွက် ဘူမိနက်သန်။

"ဒယ်ဒီ... ကျွန်တော် ရေသွားချိုးဦးမယ်"

လူကြီးတွေ စကားပြောကြသည့်အပိုင်းမှာ နေခက ထွက်သွား၏။

"ဆွေ"

"ရှင်"

ဦးနေရိပ်က ဒေါ်မူမူဆွေဘေးမှာ ပြောင်းထိုင်ပြီး ချက်နှာပေါ်က အပြောင်းအလဲတွေကို စူးစိုက်အကဲခတ်သည်။

"ဆွေ အစ်ကို့ကို မပွင့်လင်းသလိုပဲ၊ သေချာအောင် ပြောစမ်းပါ ဆွေရယ်၊ မန္တလေးက အိမ်ကိုမရောင်းချင်ဘူးဆိုတာက တစ်နေ့နေ့မှာ ဆွေ အစ်ကို့အရိပ်အောက်ကနေ ပြန်ထွက်သွားဦးမယ်ဆိုတဲ့ တွက်ချက်မှုတွေနဲ့လား၊ အခုကနေ နောက်ဆုံးထွက်သက်အထိ အစ်ကိုနဲ့ပဲ ရာသက်ပန်နေတော့မယ်ဆိုတဲ့ အစ်ကို့ရင်ထဲက ဆုံးဖြတ်ချက်မျိုး ဆွေ့ဆီမှာမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"ရှိလို့မဖြစ်ဘူး အစ်ကို"

ပြောဖို့ဖြစ်လာပြီဆိုတော့ ဒေါ်မှုမှုဆွေ မျက်နှာကို မော့လိုက်၏။

"ဆွေက ဒီမိသားစုဝင်အစစ်မဟုတ်ဘူး၊ အတုဟာ အတု၊ ညှော်သည်ဟာ ညှော်သည်ပဲ၊ ပြီးတော့ ကလေးချင်းက ရှိသေးတယ်၊ သမီးက မာနကြီးတယ် အစ်ကို၊ အစဉ်သဖြင့် သာယာအေးချမ်းမှုဆိုတာ မရှိဘူး"

"ရှိရမယ် ဆွေ၊ အစ်ကို့ဘဝအတွက် အစဉ်သဖြင့် သာယာအေးချမ်းမှုက ဆွေပဲ၊ ဆွေ အစ်ကို့နားကနေ ဒီတစ်ခါ ဘယ်မှထွက်သွားလို့မရတော့ဘူး ဒီမှာ ဆွေ၊ မင်း အခုလို ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်ရတာလည်း ကိုယ့်ကြောင့်လို့ ပြောရင်ရတယ်၊ ပြီးတော့ သားရဲ့မာမီ မရှိးသားစွာ ကြံစည်ခဲ့တာ၊ ဒါကို သားသိအောင် ကိုယ်ပြောပြပြီးပြီ၊ ဆွေတို့သားအမိ ရဲ့ဘဝကို ကယ်တင်ထားတာ၊ ကိုယ့်ဘက်က စိတ်မလုံစရာ မရှိဘူး၊ သား မကြည်ဖြူဖို့လည်း မရှိဘူး၊ သားမကြည်ဖြူခဲ့ ရင်တောင် ကိုယ် ဂရုမစိုက်ဘူး၊ သူ့ ယောက်ျား၊ သူ့မိဘ၊ သူ့ဘိုးဘွားရဲ့ အမွေအနှစ်နဲ့ သူ့မှာ ပညာတတ်ဟယ်၊ ကိုယ် အဲဒီလောက်ထိ ပြတ်သားဖို့ ဆုံးဖြတ်ခဲ့တာ"

"ဆွေကတော့ မပြတ်သားနိုင်ဘူး အစ်ကို၊ သမီးလေး





တ အမိက၊ သမီးလေးရဲ့ဆန္ဒ၊ သမီးလေးရဲ့ဆုံးဖြတ်ချက်နဲ့ ဆွေ့ဘဝကို ရှင်သန်မှာ၊ ဒီတော့ ဆွေနဲ့အဆင်ပြေဖို့ မပြေဖို့ ထက်၊ သမီးလေးနဲ့ အဆင်ပြေ မပြေက ပိုအရေးကြီးတယ်၊ ဆွေ ဘာကိုမှ စကားကုန်ပြောလို့မဖြစ်သေးဘူး"

ဦးနေရိပ်မျက်နှာကြီး သုန်မှုန်သွားသည်။

အဆင်ပြေမလိုနဲ့ အမှားရှုံးသွားပြန်ပြီ။

"ပြောပါဦး ဆွေ၊ ဒါဆို အစ်ကို့ကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်တာက အဆင်ပြေ မပြေ စမ်းသပ်ဖို့ပဲလား၊ ဘာဖြစ်လို့လဲ"

"အစ်ကို့ကို ချစ်လို့ပါ"

"ဆွေရယ်"

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၈ ⏪

ထမင်းစားဝိုင်းမှာ လူစုံတော့ ဦးနေရိပ်က နေခကိုကြည့်၍

"သား... အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဒယ်ဒီ"

မောမကြည့်ဘဲဖြေပြီး နေခက ဟင်းပန်းကန်တွေကို လိုက်ကြည့်၏။

"အကြီးမြ"

"ဟော"

အကြီးမြက ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးနဲ့ မလိုက်အောင် ချက်ချင်းရောက်လာ၏။

"အိမ်မှာ ဆားမရှိတော့ဘူးလား"





"ဟင်... ဘာဖြစ်လို့လဲ လူလေးရယ်"

ဒေါ်မူမူဆွေရော ဦးနေရိပ်ပါ နေခ ဘာဖြစ်လို့မေးမှန်း မသိကြ။

"ဟင်းတွေက ပေါ့ရှက်နေတာပဲ"

နေခ ပြော၍ ရှုံ့မဲ့ပြသည်။

ဒေါ်သဖြစ်လို့ ဆူတာမျိုးမဟုတ်ဘဲ စိတ်ပျက် သည်းတွားတာမျိုးဖြစ်၏။

"ခုတလော အကြီးမြချက်လိုက်သမျှ ပေါ့နေတာ ချည်းပဲ၊ အဲဒါ ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး၊ စားတဲ့ လူတွေကို မေးကြည့်"

ဦးနေရိပ်နဲ့ ဒေါ်မူမူဆွေကိုပါ ဝေ့ကြည့်ပြီး သက်သေ ထူတော့ အကြီးမြ မျက်နှာငယ်သွားရှာသည်။

"ဟုတ်လားဟင်၊ အကြီးမြ တောင်းပန်ပါတယ် လူလေးရယ်၊ ဟုတ်မှာ သိလား၊ အကြီးမြကတော့ ဘာကိုပဲ မြည်းမြည်း ငန်နေတယ်ချည်း ထင်တာ"

"ကောင်းတာပေါ့"

နေခက ခပ်ငေါ့ငေါ့ပြောပြီး ထမင်းကို ဖွန့်ခတ်ရင်းနှင့် စိတ်မပါစွာ မွှေနှောက်နေ၏။

ဒေါ်မူမူဆွေက အကြီးမြကို စာနာစွာကြည့်ကာ

"အဲဒါက ဖြစ်တတ်တယ် သားရဲ့၊ ယောကျ်ားလေးမြင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်ဖြစ် အသက်လေးဆယ်နားနီး၊ လေးဆယ်ဝန်းကျင် လောက်ဆို ခံတွင်းက ပြောင်းသွားတယ်၊ အငန်ကို လုံးဝ လက်မခံချင်တာအမှန်ပဲ၊ ဒေါ်လေးက ချက်ပြုတ်နေတာဆို တော့ သူမြည်းတော့ သူ့ပါးစပ်ထဲမှာ အနေတော်ဖြစ်နေတာ မျိုး၊ နောက်ဆို အားလုံးအဆင်ပြေအောင် ဒေါ်လေးနဲ့ အန်တီ ဝိုင်းကူချက်လိုက်မယ်၊ သားစားချင်တာ အန်တီ့ကိုပြောနော်"

"ဟာ… မဟုတ်တာ ဆွေ၊ ချက်ပြုတ်ဖို့မလိုပါဘူး"

ဦးနေရိပ် ဗျာပျာသလဲ ထဖြစ်တော့ နေခက ပြုံး၏။

မာမီ့အပေါ်ကျတော့ ဒယ်ဒီ ဘာတစ်ခုမှလှည့်မကြည့်ခဲ့ဘဲ ဒေါ်မူမူဆွေကိုဆို အရိပ်တကြည့်ကြည့် ဖြစ်နေတတ်၏။

လက်ထပ်လိုက်တာလည်း မခမ်းနားလှပေမယ့် လူသိ ရှင်ကြားပဲဖြစ်ကာ သတင်းစာထဲမှာ တစ်ပတ်တိတိ ထည့် သည်။

ဘုရားမှာ၊ လူ့အိုရုံမှာ သိန်းပေါင်းများစွာလှူ၍ ဦးနေရိပ်၊ ဒေါ်မူမူဆွေဆိုသော ကမ္ပည်းတင်၏။

ဒေါ်မူမူဆွေ တည်တည်ငြိမ်ငြိမ်လေးနေခဲ့သလောက် ဒယ်ဒီက ဗျာယာခတ်နေ၏။ အပန်းဖြေခရီးထွက်ဖို့ပြင်နေတာ လည်း ဒယ်ဒီပဲဖြစ်၏။

ဒေါ်မူမူဆွေက ဘယ်သွားဖို့မှ သဘောမတူလို့။

ဒါတွေကိုသိနေသဖြင့် နေခ ပြုံးမိခြင်းဖြစ်သည်။





မာမီကပဲ ဟိုတုန်းကတည်းက ကြင်ကြင်နာနာ၊ ယုယု ယယ သိပ်မရှိခဲ့လို့လား။

မာမီနဲ့အတူနေခဲ့ရတဲ့အာလက မကြာခဲ့လို့လား။ ဘာကြောင့်ဆိုတာတော့ မသိပါ။

ဒယ်ဒီ သူ့ငယ်ချစ်ဦးတစ်ယောက်အပေါ် ဗျာယာခတ် အောင် ချစ်နေခြင်းအတွက် နေခ မကျေမနပ်ဖြစ်ခဲ့တာ မရှိ။

ဒါကြောင့်လည်း လက်ထပ်တဲ့နေ့ကတည်းက ဒီနေ့ထိ ဒယ်ဒီ့ကို နားနိုင်းပြီး သူ လုပ်ငန်းထဲဝင်ပေးခဲ့သည်။

ဘွဲ့ရ အလုပ်လက်မဲ့ဆိုပေမယ့် စီးပွားရေးလုပ်ငန်းဆို လည်း ဒယ်ဒီ့လုပ်ငန်းအားလုံးကို သူ ရင်းနှီးပြီးသား။

သူ့အတွက် စီးပွားရေးကို စိတ်ဝင်စားလှတာလည်း မဟုတ်။ မလုပ်ချင်ပါဘူးဆိုတာမျိုးလည်း မဟုတ်ပါ။

ဒယ်ဒီလိုအပ်လျှင် သူ ဝင်ကူသည်။

တစ်ချက်ကလေးမှ ပြန်မကြည့်ဘဲ သူငယ်ချင်းတွေနဲ့ ခရီးသွား၊ ဆင်သလိုနေလိုက်တာမျိုးက များ၏။

ဒါကိုလည်း ဝင်လုပ်ပါလား၊ ဝင်ကူပါလားလို့ ဒယ်ဒီ ဘယ်တော့မှမဆူခဲ့ပေ။

သားအဖနှစ်ယောက်ကြားမှာ သိပ်နွေးထွေးလှသည် မဟုတ်ခဲ့ပေမယ့် သဘောထားကွဲလွဲတာ၊ တင်းမာခဲ့ကြတာ လည်း တစ်ခါမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်"

အတွေးထဲသို့ ဒယ်ဒီ့စကားသံ ဖြတ်ဝင်လာမှ စိတ်က ရှေ့တည့်တည့်သို့ ပြန်ရောက်လာသည်။

"ပေါ့နေမှန်းသိရင်လည်း ဒေါ်မြက ပြင်ချက်ပေါ့ သားကလည်း အရမ်းချေးမထူနဲ့၊ လူကြီးကို နားလည်ပေးရမယ်"

"မဟုတ်သေးပါဘူး အစ်ကို၊ ဆွေက အိမ်မှာ ဘယ်လောက် အလုပ်များနေလို့လဲ၊ ပြီးတော့ သားက အစ်ကို့ကို ကူညီနေတဲ့ သား၊ အစ်ကိုတို့သားအဖအတွက် ဆွေလည်း ကူညီချင်တာပေါ့၊ ဒေါ်လေးလည်း အသက်ကြီးပါပြီ၊ ဈေးသွား ဘာသွားနဲ့၊ ချက်ပြုတ်ရတာ ပင်ပန်းပါတယ်"

"ဟာ… ဈေးသွား ဘာသွားဆိုတာတော့ ထည့်မပြောနဲ့၊ ဒါကို သူတောင်းဆိုလို့ အစ်ကိုခွင့်ပြုထားတာ၊ ချက်ပြုတ်စရာက နှစ်ရက်၊ သုံးရက်စာဝယ်ပြီး ရေခဲသေတ္တာထဲ ပစ်ထည့်ထားလို့ ရတာပဲ၊ လှုပ်လှုပ်ရှားရှား သွားလာနေမှ ကျန်းမာရေးကောင်းတယ်လို့ သူကိုယ်တိုင်ပြောတာ ဆွေ၊ ဒါက ကူညီတယ်ဆိုပြီး ဈေးသွားပေးဖို့မပြောနဲ့၊ ခွင့်မပြုနိုင်ဘူး"

"ဟင့်အင်း… မဟုတ်ဘူး၊ ဆွေက ချက်ပြုတ်ကူမှာပါ"

စကားပြောနေရင်း နေခရယ်လိုက်တာမြင်တော့





ဦးနေရိပ် မျက်နှာနီသွားတာ

"ကိုယ်ပြောတာ ဒီလိုပါ၊ ရန်ကုန်မှာ ဆွေက သိပ်ရင်းနှီးတာမဟုတ်ဘူး၊ နေခင်တွမ်းဝင်သွားတော့မှ သွားတာလာတာ ပြဿနာမရှိဘူးလေ"

ဖြေရှင်းလိုက်တော့မှ ခပ်ဟဟရယ်ပြီး နေခ ဖွန်းခက်ရင်းကို ချသည်။

ပါးစပ်သုတ်ပြီး ထရပ်လိုက်တော့…

"သား"

ဒေါ်မူမူဆွေက နေခ ထွက်သွားမည်စိုး၍ ကမန်းကတန်း ခေါ်လိုက်ပြီးမှ

"သား ခဏနာရီလောက်အားလားဟင်"

နေခ ခုံကို ခြေထောက်နှင့် အသာရွှေ့ဖယ်၍ ထွက်ရပ်လိုက်သည်။ ပြီးမှ ပြန်ကြည့်ကာ…

"မအားဘူး အန်တီ၊ အစည်းအဝေးရှိတယ်၊ ဝန်ထမ်းအသစ် အစားထိုးဖို့ကိစ္စတွေလေ၊ ဘာဖြစ်လို့လဲ"

"ဪ… အင်း၊ ရပါပြီ သားရယ်၊ အန်တီ မှာစရာလေး ရှိလို့၊ အရေးမကြီးပါဘူး၊ သွား… သား သွား"

နေခ ခေါင်းညိတ်ပြီးထွက်သွားတော့ စားလက်စကို လက်စသတ်တာ ဦးနေရိပ်က ခုံရော လူရော ဒေါ်မူမူဆွေအား တိုးထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကို ဘာခိုင်းချင်လို့လဲ ဆွေ၊ ကိုယ့်ကို အရင် မပြောဘဲနဲ့၊ ဆွေ ဘာလုပ်ချင်လို့လဲ"

ဒေါ်မူမူဆွေက ဘာမှမပြောသေးဘဲ အကြီးမြ ဝန်းကျင်တွေ သိမ်းဆည်းသွားသည့်ဆီ လိုက်ကြည့်နေ၏။

ပြီးမှ…

"သမီးလေးကို ဘူတာမှာ သွားကြိုပေးဖို့ ပြောချင်လို့ပါ၊ သူတို့ချင်း မိတ်ဆက်ပြီးသားလည်း ဖြစ်သွားအောင်လို့၊ ဒါပေမယ့် မဖြစ်ဘူးထင်ပါတယ်၊ လူကြီးကွယ်ရာမှာကျမှ လွတ်လွတ်လပ်လပ်ကြီး ဘုဘောက်ကျနေကြရင် အခက်"

"ဘယ်လို ဆွေ၊ သမီးက ဒီနေ့လာမှာလားဟင်၊ အဲဒါကို ဘာဖြစ်လို့ ကြိုမပြောတာလဲ၊ ဒီလောက်အရေးကြီးတာကို ဆွေရယ်"

"လာဖြစ်ချင်မှလည်း လာဖြစ်မှာပါ၊ သမီးကိုက သေချာမပြောတာ၊ တာကူးတက လာမကြိုပါနဲ့တဲ့"

"မကြိုလို့ဖြစ်မလား ဆွေရဲ့၊ ဒီအိမ်ကို သူ ရင်းနှီးသေးတာမှ မဟုတ်တာ၊ တစ်ယောက်တည်း လာရမှာလား၊ ကိုယ်တို့မိသားစုက သူ့ကို နွေးထွေးစွာ ကြိုဆိုနေတယ်ဆိုတာကိုရော မပြရတော့ဘူးလား"

ဒေါ်မူမူဆွေက ခေါင်းလေးညိတ်၍ ငြိမ်နေ၏။

ဦးနေရိပ်က လက်သုတ်ပဝါ ကိုင်ထားသည့်





ဒေါ်မူမူဆွေလက်ကို ထပ်ဆုပ်ကိုင်လိုက်ပြီး

"အစ်ကို့သဘောအရဆိုရင် သားနဲ့သမီးကိုပါ လက်ထပ်ပေးလိုက်ချင်တာ"

"အို… မဟုတ်တာ အစ်ကိုရယ်"

"ဘာဖြစ်လို့မဟုတ်တာလဲ၊ မင်းဘာဝ၊ မင်းရဲ့ခံစားချက်တွေအကုန် မင်းရဲ့သမီးပဲဖြစ်နေတဲ့ကိစ္စမှာ၊ ဒီအိမ်မှာ သမီးနဲ့တစ်စုံတစ်ခုဖြစ်တာနဲ့ မင်း ကိုယ့်ရင်ကိုခွဲဖို့ ကြိုးစားမှာ၊ ကိုယ့်အတွက်က သမီးကိုပါပိုင်မှ ဖြစ်တော့မှာလေ၊ ပြီးတော့ မင်းရဲ့ ချွေသည်ဆိုတဲ့စကားကိုပါ ဖျောက်ဖျက်လို့ရအောင် သမီးကို အိမ်ရှင်လုပ်ခိုင်းတာ သဘာဝမကျဘူးလား"

"ဟင့်အင်း… လူပြောစရာဖြစ်အောင် မလုပ်ပါနဲ့ အစ်ကို၊ ဒီစကားတွေကို ကလေးတွေရှေ့မှာ သွားမပြောမိပါစေနဲ့၊ သားရဲ့မေတ္တာကိုရဖို့ ကြိုးစားနေတုန်း အထင်မြင်လွဲစရာတွေ ဖြစ်ကုန်ပါ့မယ်"

ဦးနေရိပ်က စိတ်မချနိုင်သော မျက်နှာနှင့်…

"သမီးက ခုထိမလာဘဲနေနေတာရော ဘာဖြစ်လို့လဲ၊ အစ်ကိုတို့ကိစ္စကို…"

"သမီး ကျေနပ်ပါတယ် အစ်ကို၊ ဒီကိစ္စနဲ့ လုံးဝမဆိုင်ဘူး၊ သမီးက သူဝါသနာပါတဲ့ အလုပ်လေးရတာ မကြာသေးဘူးလေ၊ အလုပ်ကို ရန်ကုန်ကိုပြောင်းဖို့ စာတင်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျမှ ပြောင်းလာမယ်တဲ့"

"ဒီနေ့ လာမယ်ဆိုတာကရော"

"ပြောင်းရွှေ့စာ ကျလို့ပေါ့၊ အစ်ကိုနဲ့ လက်ထပ်ဖို့အထိ စိတ်ကယိုင်နေပြီဆိုကတည်းက ဒီလိုပဲ ဆွေ ဆုံးဖြတ်တော့မယ်ဆိုတာ သမီးသိတယ်၊ အဲဒီကတည်းက စာတင်ခဲ့တာ"

"သြော်"

"အခု စစ်ကိုင်းဘက်ကနေ တာဝန်ကျနေတဲ့ သူ့သူငယ်ချင်းတွေနဲ့ အိမ်မှာပဲ စုနေကြတယ်လေ"

"မြန်မြန်ပြောင်းလာပါစေဗျာ"

"ဘာဖြစ်လို့လဲ အစ်ကို"

"သြော်… လာမယ့်ဘေး ပြေးတွေ့လိုက်ချင်တာ၊ သမီးကို ကိုယ်တို့က တည့်အောင်ပေါင်းမှ အမေကိုရမှာ မို့လား"

"အစ်ကိုကလည်း"

ဒေါ်မူမူဆွေက ပြုံးလိုက်ပြီး စားပွဲမှ ထရပ်လိုက်သည်။

ဦးနေရိပ်က အတူလိုက်ရပ်ပြီး ဒေါ်မူမူဆွေမျက်နှာကို မြတ်နိုးစွာ ကြည့်၏။

"မင်း ဘယ်လိုပြောင်းလဲသွားလဲတော့ မသိဘူး၊ ကိုယ်ကတော့ မင်းကို ဟိုတုန်းကထက်တောင် ပိုချစ်ပါသေး





တယ် ဆွေ"

တိုးလျှစွာ ပြောသည်။

ဒေါ်မူမူဆွေ မော့ကြည့်ရင်း ပြုံးမိသည်။

ဒါပေမယ့်…

ဆွေ့ရင်ထဲမှာလည်း ထပ်တူထပ်မျှပါပဲလို့ မပြောဖြစ်။

ⵌ ⵌ ⵌ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁍ ၉ ⁌

သူ နာရီကြည့်၍ထလိုက်တော့ အတွင်းရေးမှူးက လှမ်းကြည့်သည်။

''ဆရာ... သွားတော့မှာလား''

''အင်း.. သွားကြို့ပေးဖို့ပြောခဲ့လို့၊ ငါ ပြန်မလာနိုင် တော့ရင် မလေးက ကိုစောမှန်းကို ညနေပြန်ချိန်းလိုက်''

''သူက အရေးကြီးတယ်ဆိုရင်တော့ ကျွန်တော် ဆရာ ဖုန်းနဲ့ လှမ်းချိတ်ပေးရလိမ့်မယ် ထင်တယ်''

နေခ ခေါင်းညိတ်လိုက်သည်။

''ရတယ်... လုပ်လေ''

ပြောပြီး ဘယ်တော့မှလည်း မဝတ်ဖြစ်သည့် ကုတ် အင်္ကျီကိုယူ၍ လက်မောင်းမှာ တင်လိုက်သည်။





ကုမ္ပဏီမှာ မိန်းကလေး အတွင်းရေးမှူးထားသည့် ကိစ္စ ရော၊ ကျန်သည့် လူမှုရေး ဘာညာဗေယျာတွေများကော သွားပုတ်လေလွင့်စကားတွေ ထွက်ခဲ့ပြီးသည့်နောက်မှာ ဦးနေရိပ်က အတွင်းရေးမှူးကို ယောက်ျားလေးပဲထားသည်။

မိန်းကလေးမှ စေ့စပ်သည်။

မိန်းကလေးအတွင်းရေးမှူးက အသင့်တော်ဆုံးဆိုသည့် စကားတွေကို ဂရုမစိုက်စွာ၊ စိတ်တိုင်းမကျမချင်း လိုသလို ပုံချထားသည်။ စိုင်းအောင်က ဦးနေရိပ်၏ စိတ်တိုင်းကျ အတွင်းရေးမှူး။

နေခလည်း ကျေနပ်သည်။

စိုင်းအောင်နှင့် အလုပ်လုပ်ရတာ မဆိုးပါ။ ဆိုးတာက ဒယ်ဒီပဲ ဖြစ်သည်။

''ရှေ့လျှောက်လည်း မင်း အရင်လိုနေလို့တော့ မရ ဘူး သား၊ ဒယ်ဒီမှာ စီးပွားရေးရယ်၊ အိမ်ထောင်ရေးရယ်၊ နှစ်ဖက်ဖြစ်လာပြီ၊ မင်းလည်း တစ်နေ့နေ့ လက်ထပ်ရမှာပဲ၊ အိမ်ထောင်ဦးစီး လုပ်ကြည့်ဦးပေါ့''

နည်းနည်းတော့ ချုပ်ချယ်မှုတွေ စလာသလို ရှိသည်။ ပြီးတော့ မှာသေးသည်။

''ကောင်မလေးရောက်လာရင် မင်း စီးစီးကျော့ကျော့ ဆက်ဆံပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

ဘယ်လိုဆက်ဆံရမလဲဆိုသည့် အတွေးတောင်မှ တစ်ခါမှမဝင်ခဲ့ဖူးပါ။ စိတ်ကိုမဝင်စားဘူး ဒယ်ဒီဟု ပြော လိုက်ချင်သည်။

ခုတောင်မှ အန်တီဆွေမသိအောင် ကုပ်ပြီးမှာနေခဲ့ သေးသည်။

"သေချာကြိုခဲ့နော်၊ ဆွေက သားတို့အဆင်မပြေ ဖြစ်ကြမှာ စိုးနေတာ"

တဲ့။

သူနဲ့ ဒေါ်မူမူဆွေ ပြေပြေလည်လည် ခေါ်ပြောဆက်ဆံ နေကြတာကိုသိ၍ ဒေါ်မူမူဆွေနဲ့ လှည့်ပြောသည်။

ဒယ်ဒီက သူ့ဆန္ဒတွေ ပူပြင်းနေတာတော့ ထည့် မပြော။ ကားမောင်းရင်း ပြုံးလိုက်မိသေးသည်။

ဘာရယ်မဟုတ်ဘဲ ခုရက်ပိုင်းတွေမှာ ဒယ်ဒီအမူအရာ လှုပ်ရှားမှုတွေ ပျော်ရွှင်တက်ကြွလာခဲ့တာ သူ ကျေနပ်နေမိ သည်။

မိသားစုထဲမှာ ဟိုတုန်းကထက် စိုပြေနေခဲ့တာတော့ အမှန်ပါပဲ။ ဟိုတုန်းက မာမီနဲ့နေစဉ်နှင့် အခုအချိန်ဟာ အတော် ကြီး ကွာခြားသွားခဲ့သည်မို့ အချစ်အကြောင်းကို နေ နည်းနည်းတော့ စိတ်ဝင်စားလာသည်။





အချစ်မပါသော အိမ်ထောင်ရေးဟာ ဒီလောက်ထိ ပူလောင်ခြောက်သွေ့စေခဲ့သလား။

ကားရပ်ပြီး သူ ထွက်လာကြသည့် ခရီးသည်တွေကို လှမ်းကြည့်လိုက်သည်။ ရထားဆိုက်တာနှင့် သူရောက်တာ အတော်ပဲဖြစ်သည်။

ဒါပေမယ့် ကိုယ်ကနေ ရှာဖွေကြိုဆိုဖို့ မလို။

"ကားနံပါတ်နဲ့အရောင်ကို ပြောထားမယ် သား၊ သမီးဓာတ်ပုံပြဖို့က ဒီမှာ ပါမလာဘူး၊ ကားကိုရှာပြီး သမီး ရောက်လာလိမ့်မယ်၊ နာမည်မေးပြီး တင်ခေါ်လာခဲ့ရုံပဲ၊ သမီး နာမည်က ပန်းမျက်နှာ"

ကားကိုမှီ၍ ရပ်စောင့်ရင်း မှဲ့လိုက်မိသည်။

နာမည်ကတော့ ပျံ့နေတာပဲ…

"ဒီမှာ လူလေးရယ်"

ကိုယ့်အတွေးနဲ့ကိုယ်နေတုန်း လက်မောင်းကို လာပုတ် သဖြင့် လှည့်ကြည့်မိ၏။

မျက်နှာမှာ ချွေးသီးတွေထနေသည့် အသက်ခြောက် ဆယ်ခန့် အမျိုးသမီးကြီးတစ်ယောက်က သူလှည့်ကြည့်တော့ ကြေမွနေသော စာရွက်ပိုင်းလေးတစ်ခုကို ပြကာ

"ဒီလိပ်စာ ပြည့်စုံရဲ့လား သား၊ ကြည့်ပေးပါဦး၊ ဒီနားမှာပဲလို့ ပြောတယ်၊ ဆိုက္ကားငှားသွားရင် ရမလားကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကားငှားဖို့ ပိုက်ဆံတ မရှိတော့လို့''

နေခ လိပ်စာကိုကြည့်ပြီးမှ အမျိုးသမီးကြီးအား ပြန်လှည့်၍

''လိပ်စာက ပြည့်စုံပါတယ်၊ ဒါပေမယ့် ဆိုက္ကားငှား သည်း အဘွား အများကြီးပေးရမှာပဲ၊ လာ… လာ… ကျွန်တော် ကားငှားပေးလိုက်မယ်''

''ဟဲ့… လူလေး၊ နေဦး… အဘွားမှာ…''

အမျိုးသမီးကြီးက သူ့လက်ကို ကမန်းကတန်း လှမ်းဆွဲတော့ သူ ပြန်လှည့်၍ ပြုံးပြလိုက်သည်။

''ကျွန်တော်ကားခ တစ်ခါတည်း ရှင်းပေးလိုက်ပါ့မယ်၊ အဘွားသွားမယ့်ခြံက ကျွန်တော့်သူငယ်ချင်းခြံမို့လို့ပါ၊ အဘွားက လမ်းသစ်နဲ့ ဘာတော်လဲဟင်''

''အို… မြေးလေးကို သားတာ သိနေတယ်၊ လမ်းသစ်က အဘွားရဲ့ တစ်ဦးတည်းသော မြေးလေးပေါ့၊ ဒါပေမယ့် အဘွားက သူတို့အုပ်စုတွေက အရာမသွင်းကြတဲ့ အပြင်လူလိုပါပဲ''

လမ်းသစ်တို့အိမ်မှာ မိသားစုကိစ္စ၊ အမွေကိစ္စတွေက ရှုပ်နေသည်။

နွမ်းပါးသောပုံစံနှင့် ဒီအမျိုးသမီးကြီးက လမ်းသစ်၏ အဘွားဆိုတာ ယုံနိုင်စရာပင်မရှိ။





သို့သော် နေခ ဘာမှမမေးပါ။

ကားပေါ်သို့ သေချာတင်ပေးလိုက်ပြီး လူကြုံရဦးမှာမို့ ကားဆီ ချက်ခြင်း ပြန်လှည့်ခဲ့သည်။

ထိုစဉ်…

သူ့ကားရှေ့မှာ မိန်းကလေးတစ်ယောက်။

အညိုရောင် သားရေသေတ္တာလေးကိုဆွဲထားလျက်၊ သူမခြေထောက်နားမှာ လက်ဆွဲအိတ်ကြီးတစ်လုံးလည်း ချထားသည်။

နောက်ကျောကကြည့်တော့ အလွန်လှပသော ကိုယ်လုံးနှင့် ပေါင်လယ်လောက်ရှည်နေသည့် ဆံပင်တွေကို ပထမဆုံး သတိထားလိုက်မိသည်။

အဖြူရောင်လက်ကိုင်ပဝါလေးနှင့် နောက်မှာစုချည်ထားသော ဆံပင်တွေက ဂါဝန်ပါးလေးပေါ်မှာ ထူထူခဲခဲ ဝဲဖြာနေသည်။

သူမသည် ကားကို သေချာလိုက်ငုံ့ကြည့်နေတာဖြစ်ကာ လူမတွေ့သည့်အဖြစ်ကြောင့် ပတ်ဝန်းကျင်ကို ဟိုဒီ လှမ်းကြည့်တာမျိုးလည်း ရှိ၏။

နောက်နားရောက်မှ သူ ခြေစုံရပ်လိုက်ပြီး

''မင်းက ဘယ်သူလဲ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com

နေခ၏မေးလိုက်သံကြောင့် လန့်တာရော၊ အံ့သြသွားတာရော ရောတာ ‘ဟင်’ခနဲ အသံလေးထွက်သွား၏။

ထို့နောက် သူ့ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်လျှင်

“ဟာ”

“ဟင်… ရှင်…”

အံ့အားသင့်သွားကြတာ နှစ်ယောက်လုံးပဲ ဖြစ်သည်။ မျက်နှာတွေ ပြန်တင်းသွားကြတာလည်း ပြိုင်တူ။

“ရှင်က”

“မင်း ဒီကားနားကိုရောက်ရတဲ့အကြောင်းရင်း အရင်ပြောပါ”

လက်ပိုက်လိုက်ပြီးမှ ခပ်မိန့်မိန့်မေးလိုက်ခြင်းကြောင့် ပုံစံကို မနှစ်မြို့နိုင် ဖြစ်သွားမိသည်။

ပြီးတော့ ကိုယ့်ကိုကျတော့ စကားတောင်ဆုံးအောင် ပြောခွင့်မပေး။

သားရေသေတ္တာကိုဆွဲထားသည့်လက်က နာလာတာကိုလည်း သတိထားမိလာကာ ပန်းမျက်နှာလေးက အံကြိတ်လိုက်သလို ဖြစ်လာ၏။

“ကားတစ်စီးလုံးကို ကျွန်မက ခိုးထမ်းသွားလို့ရသလား၊ ဘာဖြစ်လို့ရောက်နေတာလဲ၊ ရှင်းလား”

“ဟား… စွာလှချေလား”

သစ္စာမွန်စာပေ



နေခ လက်ပိုက်ဖြေ၍ ခပ်နွဲ့နွဲ့ခါးထောက်သည်။

သူမက ပန်းမျက်နှာလား။

ဖြစ်နိုင်ချေရှိတာကို မဖြစ်နိုင်ဘူးလို့ပဲ သူ တွက်လိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ သူမနဲ့သူ ဆုံနိုင်စရာ ဒီလောက်ထိ တိုက်ဆိုင်မှုမဖြစ်နိုင်။

“ကားကိုထမ်းသွားလို့မရပေမယ့် မောင်းပြေးလို့ရတာပဲ၊ ကိုယ်က လိုအပ်လို့မေးနေတာ၊ မင်း ခိုးဖို့မဟုတ်ရင် ပြီးတာပဲ၊ ဘာဖြစ်လို့ ဆတ်ဆတ်ခါသွားတာလဲ”

မလုံတဲ့အိုးက ပွင့်တယ်လို့ ပြောချင်တာလား။

ဒီလူပြောသမျှကို ဒေါသလိုက်ဖြစ်နေလို့ကတော့ စကားက လိုရင်းရောက်တော့မှာ မဟုတ်။

“ဒီကားပိုင်ရှင် ဘယ်သူလဲ”

“ကိုယ်ပဲ”

ဟင်ခနဲဖြစ်သွားမိတာကို နှုတ်ကမထွက်အောင် ထိန်းလိုက်နိုင်သော်လည်း မျက်နှာမှာတော့ ကောက်ကြောင်းရွေ့ ရှုပ်ကုန်မှာ သေချာသည်။

“ရှင်က… ရှင်က ဦးနေရိပ်ရဲ့သား…”

“မေးလှချေလား၊ ကိုယ်မေးတာကို မင်း တစ်ခွန်းပဲ ဖြေလိုက်ရင်ရပြီ၊ မင်းနာမည်ပြော”

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ တကူးတကကြီး နာမည်မေးခဲ့ဖူးတာကို သတိရလိုက်၏။ ထို့ကြောင့် ဖြေသင့်လို့ ဖြေဖို့ပြင်လိုက်သည့် နှုတ်ခမ်းက အလိုလိုပြန်ပိတ်ပြီးသား ဖြစ်သွားသည်။

"ဒေါ်မှုမှုခွေက ကျွန်မအမေ"

ပန်းဖြေလိုက်ပုံကို နားထောင်ပြီး သူက ပြုံးလိုက်သည်။

ပြီးတော့ ပခုံးတွန့်ရယ်၏။

သူကိုယ်တိုင်ပဲ ကားနောက်ဖုံးကိုဖွင့်၍

"မင်းပစ္စည်းတွေ ထည့်"

ပန်းက ဆွဲထားသည့်သေတ္တာကို အရင်ထည့်သည်။

သားရေအိတ်ကျတော့ ဆွဲလာခဲ့တာက ပြဿနာမရှိ။ အောက်ကနေ နောက်ခန်းထဲ ရောက်အောင်ထည့်ဖို့က ပန်းမျက်နှာလေး ချွေးစို့သွားမှ အောင်မြင်ခဲ့၏။

သူက ပန်းလုပ်သမျှကိုရပ်ကြည့်နေပြီးမှ နောက်ဖုံးပြန်ပိတ်သည်။ နောက်ကတံခါးကို ပန်းဖွင့်လို့မရဘဲဖြစ်နေတာကြည့်နေလိုက်သေးသည်။

ပြီးတော့မှ အသာလေးဆွဲဖွင့်ပေးလိုက်ကာ…

"မဖွင့်တတ်ရင်လည်း ပြောပေါ့ကွာ"

ပန်း မျက်နှာလေးရဲသွားတာကို ငုံ့ကြည့်ပြီး ကြိတ်ပြုံးသည်။ တံခါးကို သူ ရီမုတ်နဲ့ ပိတ်ထားတာပါ။

သစ္စာမွန်စာပေ



ပန်းဖွင့်နေတာမရမှ သူ အသာလေးဖွင့်ပစ်လိုက်တာဖြစ်သည်။ နောက်ခန်းအဖုံးဖွင့်တုန်းကလည်း ဒီနည်းနဲ့ပဲ ဖြစ်၏။

တမင်တကာ နှိမ့်ချမော်ကြွားချင်လို့တော့ မဟုတ်။

သူမ ပြုတ်သားခဲ့သမျှ ကိုယ်ပဲ လိမ့်ခံလိုက်ရတာ။

ဒါ ကိုယ့်အလှည့်…

တရားစရာ၊ မတရားလည်းနေတော့။ မင်း နည်းနည်းဖြစ်ဖြစ် စိတ်ဆင်းရဲသွားဖို့လိုတာ။

ကားထဲဝင်ထိုင်မိတော့ အပြင်ဘက်လှည့်ထားပြီးစူပုတ်တင်းမာနေသည့်မျက်နှာကို တစ်ချက်တော့ ကြည့်မိသေး၏။

ပန်းမျက်နှာမဟုတ်ဘူး၊ နေမျက်နှာ…

ပြောချလိုက်လို့ကတော့ ရောက်လာလိုက်မယ့် ကွိစိကွစတွေ…။

ဂုဂု

ᴥ ᴥ ᴥ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁂ ၁၀ ⁂

''ပန်းမျက်နှာ ဟုတ်လား၊ တကယ်လားကွ''

''ညာစရာလား၊ ဒီလောက်စိတ်ပျက်ဖို့ကိစ္စကို''

ဖုန်းထဲကနေ ဟန်ထည့်ရယ်သံသွဲ့သွဲ့ကို ကြားနေရ၏။

''ချောတယ်မို့လား၊ မင်းကလည်း နဖူးစာရှာလည် သလားမှမသိတာ၊ ဒီလောက်ထိ တိုက်တိုက်ဆိုင်ဆိုင်''

''ဘာမှလည်ဖို့မရှိဘူး၊ သူ့ဟာသူ နဖူးပဲလှည့်လှည့်၊ ခေါင်းပဲလှည့်လှည့်၊ အဲဒီမိန်းမနဲ့ ငါ ဘယ်တော့မှပြေလည်မှာ မဟုတ်ဘူး''

''မတဲ့တာ မုန်းတာမှမဟုတ်ပဲကွ၊ မုန်းနေတဲ့သူတွေ တောင်မှ…''

''ဟန်ထည်၊ မင်းကို ငါ ဝေဖန်ခိုင်းနေတာ မဟုတ်ဘူး၊ အဖြစ်ကို ပြောပြနေတာ''

သစ္စာမွန်စာပေ



မနက်က ဟန်ထည် သူ့ကို ဝင်ခေါ်သည်။

ကားပေါ်ကမဆင်းဘဲ သူ့ကို စောင့်ခေါ်တာပါပဲ။

ဒါပေမယ့် ဝရန်တာပေါ်မှာ ပန်းအိုးကိုင်နေသည့် ပန်းမျက်နှာကို တွေ့သွား၏။

''နောက်တော့ပြောမယ်ကွာ''

ဟု ဖြေခဲ့ပြီး ကုမ္ပဏီရှေ့မှာ ဆင်းနေခဲ့လိုက်သည် အထိ သူ မပြောဘဲနေခဲ့သဖြင့် အခု ဖုန်းဆက်မေးနေခြင်း ဖြစ်သည်။

''အေးပေါ့ကွာ၊ မင်းကတော့ သေသေချာချာ ရင်ခိုင် ရန့်ဖြစ်ထားတဲ့ကောင်ဆိုတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါပေမယ့် မင်းရင်ထဲမှာ တစ်မျိုးဖြစ်ချင်ဖြစ်နေမှာပါ၊ ငါ သေချာမမြင် လိုက်ဘဲနဲ့တောင် လှမှန်းသိတယ်၊ ကိုယ်လုံးကတော့ မယ်ဘွဲ့ ရထားတဲ့ ကိုယ်လုံးမျိုး၊ တကယ်ထင်းနေတာပဲ''

သူ ဖုန်းချပစ်လိုက်သည်။

ချက်ခြင်း ထမြည်လာ၏။

ကုမ္ပဏီမှာ ဖုန်းတွေ ဒီလိုပဲဆက်တိုက်ဝင်နေတာမို့ ဟန်ထည်ထပ်ခေါ်တယ်ထင်ပြီး မကိုင်ဘဲနေလို့မရ။

''ဟဲလို''

''သား… ဒယ်ဒီပါ''

''ဟုတ်ကဲ့ ဒယ်ဒီ၊ ပြောလေ''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် မနက်ပိုင်းကို မင်း အလုပ်ဖျက်ထားစေ ချင်တယ်၊ အဲဒါ ခုညနေ မင်း စီစဉ်ခဲ့လို့ရအောင် ဒယ်ဒီဆက် တာ"

"ဘာလုပ်မလို့လဲ ဒယ်ဒီ"

"သမီး ဒီမှာအလုပ်ဝင်ဖို့ကိစ္စ၊ မနက်ဖြန်သွားဖို့လာဖို့ တွေ ရှိမယ်၊ အဲဒါ ဒယ်ဒီတို့က တခြားသွားစရာရှိနေတော့ သားပဲ လိုက်ပို့ပေးဖို့ ဒယ်ဒီပြောချင်တာ"

"ဟာ… အဲဒါ… အဲဒါဖြစ်မှာမဟုတ်ဘူး ဒယ်ဒီ"

ဒယ်ဒီ့ကိုငြင်းရင်း စားပွဲမှာ တံတောင်နှစ်ဖက်လုံးတင် ကာ ခါးပါဆန့်လိုက်မိ၏။

"ဘာဖြစ်လို့လဲ"

ဒယ်ဒီ့လေသံက 'ဒါပဲပြောရသေးတယ်၊ ဘာဖြစ်သွား တာလဲ' လို့ ထည့်မေးလိုက်သည့်အတိုင်း။

"သူနဲ့ ကျွန်တော် အခုမှသိတာမဟုတ်ဘူး ဒယ်ဒီ၊ မန္တလေးမှာ…"

"အဲဒါဆို အဆင်ပြေတာပေါ့ကွ၊ စောစောကတော့ မပြောဘူး"

"မဟုတ်ဘူး ဒယ်ဒီ၊ ခင်ခင်မင်မင်သိတာ မဟုတ်ဘူး၊ လုံးဝကို မျက်နှာချင်းဆိုင်လို့မရအောင် ဖြစ်ခဲ့တာ"

"ဘယ်လို"





ဒယ်ဒီ အံ့ဩသွားတာကို သူ ရှင်းမပြနိုင်သေး။

"ကျွန်တော်ပြောချင်တာက အန်တီဆွေ့သမီးကို မလို …းတာမျိုး မဟုတ်ဘူး၊ သူနဲ့ကျွန်တော် မသင့်မြတ်ခဲ့တာက …ပ်သပ်ရှိနေခဲ့တာနော် ဒယ်ဒီ၊ အဲဒါကြောင့်"

"ဘာဖြစ်ဖြစ် သား၊ ဒယ်ဒီလက်ထပ်ဖို့ မင်းဆီက …တိတောင်းခဲ့တုန်းက ဆွေနဲ့ပတ်သက်ပြီး…"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း အန်တီဆွေနဲ့ …ပတ်သက်တာကို အရင်ပြောပြခဲ့သားပဲ၊ အဲဒီတစ်ယောက်နဲ့ …ကတည်းက မတည့်ခဲ့တဲ့ကိစ္စကတော့…"

"မင်းကို ဒယ်ဒီပြောခဲ့တဲ့အထဲမှာ ခြွင်းချက်မပါဘူး …း၊ မင်းတို့ဘာဖြစ်ခဲ့ကြတာကိုလည်း မမေးတော့ဘူး၊ …လေးတွေမှမဟုတ်တာကွာ၊ ဟိုမှာ ဟိုအကျိုး ဒီအကြောင်းနဲ့ …ဖြစ်ခဲ့လည်း ဒီမှာ ဒီကိစ္စနဲ့ ဒီအကြောင်း သမီးပန်းကို ဒယ်ဒီ …ာ မြင်မြင်ချင်းပဲ ကိုယ့်သမီးလေးပဲ မှတ်ခဲ့တာ၊ အဲဒါ မယားပါ …သမီးမို့ပြောတဲ့ စကားမဟုတ်ဘူး၊ ဗိုင်းကောင်းကျောက်ဖိနဲ့ …သိပ်ကိုကျက်သရေရှိတဲ့ မိန်းကလေး၊ ဒီလိုမိန်းကလေးမျိုးနဲ့ …သင့်မြတ်ခဲ့တာ ဘယ်သူလွန်သလဲတော့ မသိဘူး၊ ဒယ်ဒီက …တော့ ဆန်ရင်းနာနာဖွပ်ဆိုသလို မင်းကိုပဲ သတိပေးရမှာပဲ၊ …န်းကလေးနဲ့ ဖက်ပြိုင်မနေပါနဲ့"

ခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကတည်းက ပါးစပ်ကမချတဲ့ သမီး။

မယားပါသမီးမို့လို့ ဟုတ် မဟုတ်တော့ မသိ။

ဒီသားအမိကြားမှာ ဒယ်ဒီ သူ့ကိုတောင် သတိ‌ေ

တော့ဘူး ထင်သည်။

ကိုယ့်ဖခင် စိတ်ချမ်းသာနေတာပဲဆိုပြီး ကြည်ဖြူ‌ေ

ခဲ့ရတဲ့ ကိုယ့်ဘက်က သဘောထားကြီးမှုကိုတော့ ဒယ်

အမှတ်ပေးရမှန်း မသိပါလား။

ဒါပေမယ့် နောက်ထပ် အမိန့်ထပ်ထွက်မလာသ

ဖုန်းချရင်း သက်ပြင်းချလိုက်မိသည်။

ೡ ೡ ೡ

## အခန်း » ၁၁ «

အားလုံးပြောပြလိုက်တော့ ဆိုးသည်၊ ကောင်းသည် မေမေ ဘာမှမဝေဖန်ပါ။ ဒါပေမယ့် ယေ်ကျသွားသည့် မျက်နှာလေးက ဟန်မဆောင်နိုင်ရှာ။

ပြီးတော့ ပြောသေးသည်။

"မေမေက သမီးနဲ့သားကို သင့်မြတ်အေးချမ်းသွားမှာစ်လို့ ထင်ခဲ့တာ"

မေမေ တော်တော်စိတ်ဆင်းရဲသွားမှန်း ပန်းသိလိုက်ပါသည်။

မေမေဟာ မာနကြီးတတ်သူပါ။

ဒါပေမယ့် စိတ်ဓာတ်မာကျောတာမျိုး မဟုတ်။

သားအမိနှစ်ယောက်တည်းကျန်ခဲ့ကြတော့ ရှိချင်း

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပ်၊ ကျောချင်းကပ်၍ ဘဝကို ရုန်းကန်ခဲ့ရသည်။

ထိုစဉ်ကတည်းက သမီးကို ညီအစ်မမွေးချင်းလို တိုင်ပင်ခဲ့သည်။ အားကိုးခဲ့သည်။

ခုချိန်ထိ မေမေ့ဘဝမှာ ပန်းရဲ့စိတ်နဲ့ မေမေ့ကိုယ်လို ဖြစ်ခဲ့၏။

ပန်းရဲ့ဆန္ဒအတိုင်း အစစဆုံးဖြတ်ခဲ့သည့် မေမေ။ အရွယ်လည်း ရှိနေသေးသည်။

ချစ်တဲ့သူကလည်း လွတ်လပ်နေပြီ။ ကမ်းလှမ်းနေပြီ။ သူမကိုယ်တိုင် အသည်းပေါက်မတတ်ချစ်တဲ့သူဖြစ်ပါလျက်နှင့် ပန်းကိုပဲ ဦးစားပေး၍ ဆုံးဖြတ်ခိုင်းခဲ့သည်။

"သမီး စိတ်တင်းခံပြီးခေါင်းညိတ်လိုက်လည်း မေမေ ပျော်မှာမဟုတ်ဘူး သမီး၊ အားလုံးမှားယွင်းစွာ ဆက်ပြီးရုန်းကန်သွားကြရမှာ၊ သမီးစိတ်ထဲရှိတဲ့အတိုင်း မေမေ့ကိုပြော"

တဲ့။

ပန်းလည်း မေမေစိတ်ချမ်းသာရင် ပန်းပျော်ရမှာပဲမို့လို့ ခေါင်းညိတ်ပေးခဲ့တာပါ။

ခုလည်း မေမေစိတ်ဆင်းရဲသွားတာကိုကြည့်၍ ပန်းပြုံးလိုက်မိသည်။

"မေမေလက်ထပ်တဲ့ကိစ္စနဲ့ ပတ်သက်တာမှမဟုတ်တာ၊ သူနဲ့ပန်း ဘာဖြစ်နေနေ မေမေ စိတ်ပူဖို့မလိုပါဘူး၊





အန်ကယ်ကလည်း ပြောတာပဲ၊ သူ့သားနဲ့ အပြောအဆိုမတည့်ရင် လွတ်လွတ်လပ်လပ်သာ ပြောတဲ့၊ ဘယ်သူ့မျက်နှာကိုမှ ငဲ့ပြီး မျိုသိပ်ထားဖို့မလိုဘူးတဲ့"

"ဩော်… ဒါတော့ဒါပေါ့ သမီးရယ်၊ ဒီအိမ် ဒီခြံက သူ့ပစ္စည်း၊ သူပိုင်ဆိုင်တာ"

"မေမေလည်း ဇနီးပဲ မေမေ၊ ပန်းက ပိုင်ဆိုင်ခွင့်တွေ ပြောနေတာ မဟုတ်ဘူး၊ နေရာတကာ သူ့များကိုချည်း နေရာပေးနေဖို့ မလိုပါဘူး၊ အန်ကယ်ကိုယ်တိုင် သူသပ်သပ်ပိုင်တဲ့ ပစ္စည်းအားလုံး မေမေ့ကိုလွှဲပေးဖို့ဟာ၊ မေမေက လက်မခံတာပဲ၊ ကိုယ့်ဘက်က ဖြူစင်တာကို လက်တွေ့ပြပြီးပြီ၊ မေမေ ဒီကိုရောက်လာတာ လူကိုယုံကြည်ပြီး ရှိခဲ့ဖူးတဲ့ သံယောဇဉ် သက်သက်နဲ့၊ ရွှေဘုံပေါ် ချက်ချင်းရောက်ချင်လို့ မရမက ကြိုးစားခဲ့တာ ဘာမှမပါဘူး၊ ပန်းလည်း မေမေ့ကို မခွဲနိုင်လို့ ဒီမှာလာနေနေတာ၊ ဘယ်သူ့ကို အလျှော့ပေးနေရမှာလဲ"

မှန်တင်ခုံရှေ့မှာ ခေါင်းဖြီးနေရာကနေ မှန်ကိုကျောခိုင်းပြီး ပန်းက ဒီဘက်လှည့်ထိုင်သည်။

ဒေါ်မှုမှုဆွေက ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေရာကနေ ထရပ်လိုက်ပြီး ပန်းဆီ လျှောက်လာ၏။

"သမီးတို့ မသင့်မြတ်ကြတာ မေမေတို့နဲ့မဆိုင်မှန်း မေမေသိပါတယ်၊ အစ်ကိုခွင့်ပြုတယ်ဆိုတာကလည်း စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အငြိုးအတေးတွေ မကျန်ခဲ့အောင် ပွင့်ပွင့်လင်းလင်း ပြောဆိုစေချင်တာမျိုး၊ ဒါပေမယ့် သမီး ဆင်ခြင်ပါကွယ်၊ ကိုယ်မှန်တယ်ထင်တိုင်း လုပ်လို့ ပြောလို့ မသင့်လျော်တာတွေ ရှိတယ်၊ ကဲပါ … ဒါတွေထားလိုက်ပါတော့၊ သမီး မနက်ဖြန် အလုပ်ဝင်ရတော့မှာ မို့လား''

''ဟုတ်ကဲ့''

ပန်းက မှန်ဘက်ကို ကိုယ်တစောင်းပြန်လှည့်၍ ဆံပင်တွေကို ကျစ်ဆံမြီးကျစ်နေလိုက်သည်။

''သမီးကို ကားမောင်းသင်ပေးဖို့ အစ်ကိုက ပြောနေတယ်''

''ဘာဖြစ်လို့လဲ၊ ကားမောင်းသင်ပြီး ဘာလုပ်ရမှာလဲ''

''သမီးကိုယ်တိုင် ကားမောင်းပြီး ဆေးရုံသွားလို့ရတာပေါ့၊ ခုကျတော့ အိမ်မှာ ဒရိုင်ဘာထားတာမဟုတ်ဘူးလေ၊ အစ်ကိုကလည်း မပို့နိုင်ဘူး၊ သားနဲ့သွားပါဆိုတော့ရော သမီးက သွားမှာမှမဟုတ်တာ''

''မေမေရယ် … ရောက်တာဖြင့် မကြာသေးဘူး သူများစည်းစိမ်ပစ္စည်းတွေကို ပန်း မသုံးစွဲချင်ပါဘူး၊ ပြီးတော့ ကိုယ်က သူနာပြုအဆင့်လောက်နဲ့ ကိုယ်ပိုင်ကားမောင်းသွားမှာလည်း မကောင်းပါဘူး''

သစ္စာမွန်စာပေ



''ဒါကတော့ သမီးရယ်၊ ရန်ကုန်မှာ နေစဉ် လိုင်းကားတိုးစီးဖို့က လွယ်တာမှမဟုတ်တာ၊ နောက်ပြီး အခု သမီးက ဦးနေရိပ်ရဲ့သမီးအဖြစ် နေရတာ၊ သူ့ဘက်ကကြည့်တော့ မကောင်းဘူးပေါ့၊ ကိုယ်က အကြောင်းမဟုတ်ပေမယ့် သူတို့ ဂုဏ်သိက္ခာကို ငဲ့ရဦးမယ်''

ပန်းက ကျန်ဆံမြီးအဖျားမှာ ဖဲပြားကွင်းလှလှလေးနဲ့ စုပတ်ပစ်လိုက်ပြီး နေရာမှထလိုက်၏။

သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်လိုက်မိကြသည်။

''အဲဒါကျတော့ မေမေနဲ့ပန်း အမြင်ချင်းမတူတော့ဘူး၊ အပြောင်းအလဲဆိုတာ ရှိကြတာပဲ၊ ဒါပေမယ့် အံဝင်ခွင်ကျဖြစ်ဖို့ကျတော့ အပြောင်းအလဲဖြစ်တာလောက် မမြန်ဘူး မေမေ၊ မေမေနဲ့ ပန်းရဲ့ဘဝက ဒီဘဝမျိုးနဲ့ တခြားစီပါ၊ ဟိုတုန်းကတည်းက မေမေ့ဘက်ကရော၊ ဖေဖေ့ဘက်ကရော ဘယ်လူကြီးကမှ ထောက်ပံ့ခဲ့တာမရှိဘူး၊ ချမ်းချမ်းသာသာ နေခဲ့ရဖူးတာရော ရှိလား၊ အဲဒီအခြေအနေကနေ ဒီဘဝကို ချက်ချင်းပျော်ဝင်ဖို့ဆိုတာ စိတ်ကူးမယဉ်တတ်ခဲ့တဲ့ ပန်းအတွက်ကတော့ လုံးဝမလွယ်ဘူး၊ နောက်ထပ်လည်း ပန်း အပြောမခံချင်တော့ဘူး''

ဘူတာမှာ ကားတံခါးဖွင့်မရစဉ်က နေခပြောခဲ့သည့် စကားကို ပန်း ဘယ်တော့မှမေ့မှာ မဟုတ်ပါ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မကောင်းဘူးတဲ့ပစ္စည်းဆိုတာကို ပေါ်လွင်အောင် သူ ပြောခဲ့တာ။

ခါတိုင်းထက်ပို၍ မာကျောခဲ့သောစိတ်က အဲဒီမှာ ပို၍ တောင်းခဲ့သည်။

"သူတို့ပစ္စည်းတွေကို မေမေ သုံးစွဲပိုင်ခွင့်ရှိနေလည်း ပန်းက ဘယ်တော့မှမသုံးဘူး"

"သမီးရယ်… မေမေဆုံးဖြတ်ခဲ့တဲ့အထဲမှာ သမီးလေး ဘဝမြင့်မားစေချင်တာလည်း ပါတယ်"

"ပန်းသဘောတူပေးခဲ့တာကတော့ မေမေ့လိုမဟုတ်ဘူး၊ ဘဝတစ်လျှောက်လုံး မချစ်တဲ့သူကိုပေါင်းသင်းပြီး လူလည်း မချမ်းသာ၊ စိတ်လည်းမချမ်းသာနဲ့၊ မေမေ့ရဲ့ဆင်းရဲမှုတွေကို နားလည်လို့၊ ပန်းရဲ့ဖေဖေ့ကိုတောင် မေမေ့ဘဝနဲ့စပြီး မေမေသာ သူ့ရဲ့ကောင်းလို့ ပန်း မြင်ပေးခဲ့တာ"

ဒေါ်မူမူဆွေ ရင်ထဲမှာ နင့်သွားသည်။

ပန်းလက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း မေးဖျားလေးကို မော့ယူသည်။

လှပလွန်းသည့်မျက်နှာလေးကို ကြည်နူးချမ်းမြေ့ခြင်းများနှင့် ငေးကြည့်မိ၏။ ပန်းက မေမေ့လက်ကို ထပ်ဆုပ်ကိုင်လိုက်ပြီး

"ပန်းစိတ်ကူးထဲမှာ ချမ်းသာချင်တာမပါဘူး မေမေ၊





မေမေစိတ်ချမ်းသာနေဖို့ အဓိကပါ၊ မေမေ ပြုံးရယ်ကျေနပ်နေတဲ့ မျက်နှာဟာ ပန်းရဲ့ပျော်ရွှင်စွာပြည့်စုံမှုပဲ၊ ပန်းကို စိတ်ချမ်းသာစေချင်ရင် မေမေပဲ စိတ်ချမ်းသာအောင်နေပါ၊ နော်… မေမေ"

"သမီးလေးရယ်… မေမေ… မေမေ မယူရက်လိုက်တာ"

ပန်းကို မေမေ တင်းကျပ်စွာ ဖက်ထားခဲ့သည်။

မေမေ့ကျောပြင်လေးကို ပန်းလည်း ပြန်ဖက်ထားမိ၏။ စကားသံတွေ တိတ်ကျသွားမှ အပြင်မှာရပ်နေသည့် ဦးနေရိပ် ခြေလှမ်းတွေ စတင်ရွေ့လျားခဲ့မိသည်။

သူ လူကဲခတ် မမှားခဲ့ပါလား။

ဆွေ့ရဲ့ နူးညံ့ဖြူစင်မှုကို သူ သိသည်။

ပန်းဆိုတဲ့ ကောင်မလေးအတွက် မယုံနိုင်။ ဆွေ့ဘဝ ထက် ပိုပါသည်ဆိုသော ဒီကလေးမသာ ကောက်ကွေ့ခဲ့လျှင် ဆွေဆုံးဖြတ်သမျှ သူခံရဖို့ချည်း ရှိတော့သည်။

ရွှေဆိုရွှေ၊ ငွေဆိုငွေ သူ ပေးနိုင်သည်။

မပေးနိုင်သည်က အချစ်ကိုပဲ ဖြစ်၏။

ဆံဖြူ သွားကျိုးနေပါစေ။

အချစ်က ရင်ထဲမှာ ပီတိ ကလေးငယ်လေးလို နုသစ် လန်းဆန်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ပိုင်နိုင်ခွင့်မရခဲ့သမျှ ဘဝသေခဲ့ရသော သူ့ဘဝ အခုမှစရမှာပါ။ နောက်ထပ် ပိုင်စိုးချုပ်မိုးနိုင်မယ့်သူ သူ မလိုချင်တော့ပေ။

ပန်းကို ဆွေ သိပ်ကိုအလေးထားတာ တကယ့်ကို ရင်ခေါခဲ့ဖူးပါသည်။

ခုတော့ ရင်ထဲမှာ ချမ်းမြေ့သွားသည်။

ပန်းမျက်နှာဆိုသော မိန်းကလေးဟာ နာမည်နဲ့လိုက် အောင် ဖြူစင်အေးချမ်းသူလေးဟု သတ်မှတ်လိုက်သည်။

ဒါဟာ မလွဲနိုင်သည့် အမှန်တရား။

* * *

## အခန်း ›› ၁၂ ‹‹

ပန်းတွေကိုင်ပြီးဝင်လာကတည်းက နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ စန့်စန့်ကြီး လက်ပိုက်အိပ်ပျော်နေတာကို တွေ့ သည်။

တစ်ချက်ပဲ လှမ်းကြည့်ဖြစ်ပြီး အနားရောက်တော့ ပန်း မကြည့်တော့ပါ။

ခူးလာခဲ့သည့်ပန်းတွေကို စားပွဲတင်အိုးလေးထဲမှာ လှလှ ပပလေး စိုက်ထားလိုက်သည်။

"ပန်းတွေကို အခြောက်ပဲထိုး သမီး၊ ခြံထဲမှာ ပန်းတွေ ခူးလို့ကောင်း မနိုင်တဲ့ဟာ၊ ညှိုးတိုင်း လဲပေးလို့ရတယ်၊ ရေနဲ့ ဆိုတော့ ထိမိခိုက်မိတဲ့အခါ လဲပြုသွားရင် စားပွဲပေါ်မှာ ရေလို့ မရတဲ့ ပဈွည်းတစ်ခုခုရှိနေမယ်ဆို သွားရော"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ မှာထားၡ၍ ပန်းအိုးမှာ ပန်း ဒီတိုင်းပဲ စိုက်ထား လိုက်သည်။

ပန်းထိုးထားတာကို အနီးကြည့် အဝေးကြည့် မျက်နှာလေး တိမ်း၍ ကြည့်နေရင်း လက်တစ်ဖက်က ကျောက်ဖြူ ခွေးရုပ်သေးသေးလေးကို တိုက်မိသွားခဲ့၏။

"ဒေါက်"

နေခအိပ်နေသည့်ဘက်ကို ခွေးရုပ်လေးက ပြုတ်ကျသွားသဖြင့် ပန်း လှည့်ကြည့်လိုက်မိသည်။

တိုစိပ်စိပ်မျက်တောင်တွေ ယှက်ချထားပုံက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာနှင့် မတူ။

ဒါပေမယ့် လှုပ်လှုပ်ခတ်ခတ် ဖိပိတ်ထားနေတာမျိုးလည်း မဟုတ်။

"ဟွန်း"

ဘာဖြစ်ဖြစ် မနိုးသေးဘူးလို့ပဲ သတ်မှတ်လိုက်ပြီး အရုပ်လေးကိုကောက်ဖို့ သူအိပ်နေသည့်ဆိုဖာနှင့် စားပွဲကြားထဲမှာ ပန်း ဒူးလေးတစ်ဖက်ထောက်၏။

ဆိုဖာအောက်စပ်ထိပ်မှာ ကျသွားသည့်အရုပ်ကို ကောက်ယူကာ စားပွဲပေါ် သေချာပြန်တင်လိုက်၏။

ပြီးတော့ နေရာမှထရပ်လိုက်ရာ ကျောဘက်မှာ ကျစ်ချထားသည့် ကျစ်ဆံမြီးက တင်းခနဲဖြစ်သွားသည်။





ဆံပင်ကိုညှာ၍ မော့လိုက်မိရင်း လူက နောက်ပြန်လန်ပါသွားရာ…

"အမေ့"

"ဟာ… ဆောရီး"

ဆောရီးဆိုပေမယ့် မရတော့ဘူးဆိုတာကို သိလိုက်သည့်အချိန်တွင် သူ့လက်ထဲမှာ ဆုပ်ဖမ်းထားမိသည့်အရာက နက်မှောင်ထူခဲနေသော ဆံပင်တစ်စ။

ထို့ပြင် သူ ငေါက်ခနဲထထိုင်လိုက်သည်နှင့် ရင်ခွင်ထဲသို့ ပစ်ခတ်လုံးထွေးကျလာသည့် နုအိနွေးထွေးသော ကိုယ်လုံးလေးကြောင့်…

"ရှင်… ရှင် ဘာလုပ်တာလဲ"

အိခနဲ ပစ်ကျလာပြီး သူမ၏ကျောပြင်လေးနဲ့ ကိုယ့်ရင်ခွင် ထပ်လျက်ဖြစ်သွားသည်။

ခဏလေးပဲဖြစ်ကာ ပန်း ချက်ချင်းပြန်ရုန်းထလိုက်၏။ သူ့ဘက်ကို ချာခနဲပြန်လှည့်၍ အားရိုပါးရို လွှဲရိုက်ချလိုက်သော လက်တစ်ဖက်၏အရှိန်က ကြောက်ဖွယ်လိလိ။

ခုနက ကိုယ်ကမှားသည်။ ဒါပေမယ့် အမှတ်မဲ့။

အခု သူမက တမင်တကာ။

အစကတည်းက လက်လန်တတ်သော နေခကလည်း အရှိန်နှင့်ရိုက်ချလာသည့် သူမလက်ကောက်ဝတ်လေး ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆုပ်ထားလိုက်ပြီး ထရပ်၏။

"ကိုယ် တမင်လုပ်တာမဟုတ်ဘူး၊ အဲဒါ တကယ်ပြောတာ"

"ဘာတမင်မဟုတ်တာလဲ၊ ဖယ်စမ်း… လက်ကိုလွှတ်"

"လွှတ်လို့မဖြစ်ဘူး၊ ကိုယ် တမင်မဟုတ်ဘဲ မင်းရိုက်ချလိုက်ရင် ကိုယ်က ဘယ်လိုမှငြိမ်ခံနေမှာမဟုတ်ဘူး ကြိုပြောထားတာ"

"ရိုက်လေ… ရိုက်ပေါ့၊ ရှင်က ယောကျ်ားပဲ ဒါပေမယ့် မနိုင်ရင် ပြားကြေသွားပါစေ၊ ကျွန်မကလည်း ကျွန်မ ဦးခေါင်းက ကျွန်မမြတ်နိုးတဲ့ ဆံပင်တွေကို မိုက်ရိုင်းစော်ကားတာ၊ အသားဆိတ်တာထက် နာတယ်၊ ရှင့်ကို ဆံပင်က ဘာလုပ်လို့ ဆောင့်ဆွဲပစ်လိုက်တာလဲ၊ သိပ်ကို ရိုင်းစိုင်းတဲ့ လူ"

အသားဆတ်ဆတ်တုန်အောင် ဒေါသထွက်မှုက ဒါ ပထမဆုံး။ မျက်လုံးတွေပါ ပြာနေသည်။

ပြုတ်နဲ့ ဖိညှစ်ခံထားရသလိုဖြစ်နေသည့် လက်ကိုရုန်းမရတော့ ဒေါသတို့က မျက်ရည်များအဖြစ် ပြည့်အိုင်လာ၏။

ထိုယောကျ်ား၏ ပါးပြင်ကို ထုရိုက်ကုတ်ဖဲ့ချင်လွန်းလှ





နောက်လက်တစ်ဖက်နဲ့ ဆက်ကြိုးစားတော့ လက်နှစ်ဖက်လုံး သူ့လက်ထဲမှာ။

"ရှင် လွှတ်လို့ပြောနေတယ်နော်"

"ပြောတာကို နားထောင်ဦး"

"မထောင်ဘူး၊ ရှင် ကျွန်မဆံပင်ကို ဆောင့်ဆွဲတာ ဘယ်လိုတောင်းပန် တောင်းပန် လုံးဝမကျေဘူး"

"တောင်းပန်မလို့ မဟုတ်ဘူး၊ ပြောပြမလို့၊ မင်းဆံပင်က ကိုယ့်ပါးကို လာပုတ်သွားတာ၊ အဲဒါကို ကိုယ် ယောင်ပြီး ခတ်ထုတ်ပစ်လိုက်တာပဲ၊ ဒါပေမယ့် ဆံပင်မှန်းမသိခင် ကိုယ့်လက်ကိုလာပတ်တော့ ဆွဲပစ်လိုက်မိတယ်၊ မင်းကိုရော၊ မင်းရဲ့ဆံပင်ကိုရော ကိုယ် ဘာမှမရည်ရွယ်ဘူး၊ မယုံလည်း မတတ်နိုင်ဘူး"

စကားဆုံးတော့ လက်ကိုလွှတ်လိုက်ပြီး ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။

"မယုံဘူး၊ အဲဒါ ရှင်…"

"သမီး… သမီး အဲဒါ ဒယ်ဒီရှင်းမယ်"

ဦးနေရိပ် ပြေးလာသည်။

ဒေါ်မူမူခွေရော ပန်းတို့နှစ်ယောက်က 'အန်ကယ်'၊ 'သမီးအန်ကယ်' စသဖြင့် သုံးနှုန်းကြသော်လည်း ဦးနေရိပ်ကတော့ သူ့ကိုယ်သူ ဒယ်ဒီလို့ပဲ သုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှစ်ဖက်ဆုပ်၍ ခုန်ပေါက်ပစ်တော့မတတ် ဒေါသတွေထွက်နေသော ပန်းအခြေအနေကို ကြည့်ကာ ဦးနေရိပ် စားပွဲကြားထဲကို တစ်ဖက်ကနေ အတင်းဝင်ရပ်၏။

နှစ်ယောက်ကြားမဟုတ်သော်လည်း ရုတ်တရက် ဆွဲထုယန်တားဖို့ အသင့်ဖြစ်လောက်နိုင်သည့်အနားမှာ ရပ်ကာ

"သားပြောတာ တကယ်ပါ သမီးရယ်၊ ဒယ်ဒီ ဘက်လိုက်တာ လုံးဝမဟုတ်ဘူး၊ သားက ဂျူဒိုကရာတေးမှာ သင်တန်းမှူးလေ၊ ဟိုအရင်သင်တန်းတက်စကဆိုရင် လက်ကအကျင့်ပါပြီး ဖိုးခနဲ ဖတ်ခနဲ၊ ဒယ်ဒီတောင် လက်ပြန်ရိုက်ချက်မိလိုက်သေးတာ၊ ဒယ်ဒီ့စကားကိုတော့ ယုံပေးပါ သမီးရယ်၊ တကယ်ယောင်သွားတာပါ"

"သမီး"

မေမေ နောက်ကပါလာပြီး…

အနည်ထိုင်ဖို့မလွယ်ကူနိုင်သည့် ပန်းမျက်နှာပေါ်က ဒေါသတွေကို ဒေါ်မူမူခွေက သိနေသည်။

ပန်းလက်မောင်းလေးကို ဆိုဖာနဲ့ စားပွဲကြားကနေ နောက်ပြန်လေးပါလာအောင် ဆွဲထုတ်ခေါ်လိုက်ပြီး

"တမင်လုပ်ပစ်ဖို့ထိ မိုက်ရိုင်းမယ့် လူတွေလား၊ ဒီလောက်မုန်းနေကြတဲ့ လူတွေမှမဟုတ်ဘဲ သမီးရယ်၊ အမှန်တရားဆိုတာ မျက်နှာမှာရှိတယ်၊ မျက်လုံးတွေမှာ ကြည့်





လို့ရတယ်၊ တမင်တကာနဲ့ မတော်တဆကို သမီး အကဲခတ်မှပေါ့"

"ဘာပဲဖြစ်ဖြစ် သူ ပန်းရဲ့ဆံပင်ကို ဆောင့်ဆွဲပစ်လိုက်တာ မေမေ၊ ပန်း မကျေနပ်ဘူး"

"မင်းဆံပင်ကို မင်း မေးပါဦး၊ ဘာဖြစ်လို့ ကိုယ့်မျက်နှာပေါ် ရောက်လာရတာလဲဆိုတာ"

နေခက တစ်ကနေ ပြန်စလိုက်၏။

ဦးနေရိပ် ဒေါသထွက်သွားပေမယ့် နှစ်ယောက်ကြားမှာ ရှူးခနဲ တိုးတက်သွားသည့် မီးရှူးမီးပန်းလို ဒေါသအစအနတို့ ဘာနဲ့မှ ဆုပ်ဖမ်းထားနိုင်မရလိုက်ပေ။

မကျေနပ်သည့်ပန်းက ရှေ့ကို ချက်ချင်းတိုးရပ်ကာ

"ညှော်နံ့က ညှော်သည်စောင်သည် ခေတာဖြုတ်ဆိုင်တဲ့နေရာလေ၊ ရှင်က ဘာဖြစ်လို့ စနံ့စနံ့လာအိပ်နေသလဲ၊ ခင်ထိုင်တဲ့နေရာမှာ မျက်နှာကြီးဖြန့်ခင်းထားမှတော့ ရောက်ချင်တဲ့ဟာ ရောက်မှာပဲ၊ ကျချင်တဲ့ဟာ ကျမယ်၊ ကျွန်မက အလုပ်လုပ်နေတာ"

"ဆိုဖာပေါ်ဖြစ်ဖြစ်၊ ကြမ်းပေါ်မှာပဲဖြစ်ဖြစ် ကိုယ်အိပ်ချင်တဲ့နေရာမှာ အိပ်မှာပေါ့၊ အိပ်တဲ့သူက မျက်စိမှိတ်ထားတာ၊ မြင်နေတဲ့သူက ရှောင်"

"သား… တိတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"သူက မကျေနပ်ပါဘူးလို့ပြောနေတာ ဒယ်ဒီ၊ အနီး အသွတ် တောင်းပန်ရအောင် ကျွန်တော် တမင်တကာမလုပ်ဘူး လို့ ပြောပြီးသား"

နေခက ဆံပင်တစ်ချက်သပ်ပြီး ထရပ်လိုက်သည်။

ဘယ်သူ့မှမကြည့်ဘဲ နေရာမှထွက်ခွာသွားသောအခါ ဦးနေရိမ်က ပန်းကို တောင်းပန်သည်။

ပန်း ဦးနေရိမ်ကို အားနာသော်လည်း

"ရပါတယ် အန်ကယ်၊ ပန်းမကျေနပ်တာ သူ့ကိုပဲ ဘယ်သူနဲ့မှမဆိုင်ဘူး၊ အန်ကယ် ပန်းကို ဒီလောက် တောင်းပန် ဖို့ မလိုပါဘူး"

ပြန်ပြောတာက ကျေနပ်တာလား၊ မကျေနပ်တာလား မသိ။

ပန်းမျက်နှာလေးကိုကြည့်၍ လူကြီးတွေ ရင်မောသွား ကြသည်။

❀ ❀ ❀



## အခန်း ⏩ ၁၃ ⏪

"ဟော... လူလေး ပြန်ရောက်ပြီလား၊ လာ... လာ"

အကြီးမြက လုပ်လက်စတွေကိုထားခဲ့ပြီး စားပွဲခုံဆီ ပြန်လှည့်လာ၏။

"ထိုင် လူလေး၊ အိမ်မှာ ကတ်ကြေးကိုက်လုပ်စားမယ် ဆိုလို့ ဖွယ်ဖွယ်ရာရာတော့ လုပ်လိုက်ပါရဲ့၊ လူကမနဲ့ဘဲ တစ်ယောက်စီစားနေတော့ အကြီးမြကျွေးရတာ အားကိုမရဘူး၊ ဘယ်လိုဖြစ်ကြတာလဲ မသိဘူး၊ ဒီနေ့ အားလုံးနားရက်ဖြစ်ပြီး တစ်ယောက်မှ မနားကြရပါလား"

စားပွဲပေါ်က အုပ်ဆောင်းကိုဖွင့်၍ ကတ်ကြေးကိုက်စား ဖို့ ပြင်ဆင်နေရင်း အကြီးမြက ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခက နံရံဆွဲထိုင်လိုက်ပြီး အကြီးမြလုပ်နေတာကို ကြည့်၍

"ဟတ်ကျေးကိုက်က ဘယ်သူလုပ်တာလဲ၊ အကြီးမြ တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး"

အိမ်မှာ မာမီရှိစဉ်ကဆို ပိုဆိုးနေသေးသည်။

ဒယ်ဒီက ရှဲ့လိုက်၊ မာမီက ရှဲ့လိုက်၊ ဘယ်သူမှ အိမ် ၁၀်သည် မရှိကြပေ။

ဒါပေမယ့် ညပိုင်းမှာ ဒယ်ဒီ အိမ်မှာ အချိန်ပြည့်ရှိ သည်။

မာမီက ဆယ်နာရီ၊ ဆယ့်တစ်နာရီ မကျော်မချင်း အိမ်မှာမရှိတတ်။

ထမင်းနဲ့ဟင်းဆိုတာလည်း ရေစဉ် မဖြစ်မနေစားရော အာဟာရတစ်ခုဖြစ်ရမယ်လို့ မဟုတ်တော့ဘဲ စားချင်တဲ့လူက စား၊ မစားတဲ့လူက နေ။

လူချမ်းသာတို့၏ ထမင်းစားခန်းဆိုပေမယ့် စားကောင်း သောက်ဖွယ် ဟင်းလျာဆိုလို့ အမြဲမြင်ရတတ်တာလည်းမဟုတ်။

တစ်ခါတလေ မီးဖိုချောင်ထဲရောက်လာတတ်သည့် မာမီက အကြီးမြကို ဆူတတ်သေး၏။

"ဘယ်မှာလဲ၊ ဘာမှမချက်ဘူးလား ဒေါ်မြရဲ့"

"ခါတိုင်းတော့ချက်ပါတယ် သမီးရယ်၊ နေ့တိုင်းပဲ





သွန်သွန်ပစ်နေရတော့ နှမြောတာနဲ့ ဒီနေ့ကျမှ ဒါလေးပဲ ချက် လိုက်မိတာ၊ သမီးရဲ့ မောင်နေက အပြင်မှာပဲ စားစားလာတာ ဆိုတော့ လူလေးစားလို့ရတာလောက်ပဲ ဒေါ်မြ စီစဉ်ထားလိုက် တာ"

"ဪ... သူကလည်း အိမ်မကပ်ဘူးတဲ့လား၊ နေပစေပေါ့၊ ဘယ်သူစားစား မစားစား နေ့တိုင်း စားပွဲပေါ်မှာ ပြည့်နေအောင်ချက်၊ အဲဒါ ဒေါ်မြလုပ်ရမယ့်အလုပ်၊ ထမင်းဟင်း ကုန်တိုင်းချက်လို့ ဓမ္မသွားရင်တောင် ဝမ်းနည်းစရာမရှိပါဘူး၊ ... အဝယ်အနေခံထားပြီး ပိုင်းမို့ အကြွေ့အညှီရှိထားတဲ့ လူဆိုရင်တော့ နှမြောမှာပေါ့"

သူနဲ့ ကိုယ်နဲ့နေခဲ့ကြတာနဲ့ပဲ အိမ်မှာ မုန့်ပဲသွားရည်တ ဝဝစားဖြစ်ဖို့နေရသာသာ၊ နေ့ခပါးစပ်ထဲ အရသာရှိရှိလေး ရောက်နေခဲ့တာတောင် အကြီးမြ၏ ဂရုစိုက်စောင့်ရှောက်မှု ကြောင့် ဖြစ်သည်။

ကတ်ကျေးကိုက်ကို သူကြိုက်ပါသည်။ မြိတ်ဘက်ကို ရောက်တိုင်း စားဖြစ်ခဲ့သည်။

အိမ်မှာတော့ မစားခဲ့ဖူးပါ။

သူမေးတော့ အကြီးမြက ရယ်၍

"ဆွေလုပ်တတ်တာလေ၊ သူပြောတဲ့အတိုင်း အကြီးမြ လုပ်ရတာပေါ့၊ အခုတော့ လုပ်တတ်သွားပြီ၊ စားကြည့်



www.burmeseclassic.com

www.burmeseclassic.com



လူလေး၊ သိပ်ကောင်းတာ''

မြင်ဆင်ပြီးသည့်ပန်းကန်ကို သူ့ရှေ့မှာ ချပေးလိုက်ပြီး

''မှန့်လုပ်ပြီးတာနဲ့ လုပ်ငန်းသစ်အတွက် ဘာဆိုလား ဆောင်နေကာ ထွက်သွားရော၊ ခဏလေးပဲကြာတယ်၊ မုန့်သတ် ပြီး ကားလွှတ်လိုက်လို့ ဆွေ ချက်ချင်းလိုက်သွားတယ်လေ နောက်တော့မှ တစ်ယောက်ပြီးတစ်ယောက် ပြန်ရောက်လာ ကြတာ၊ လူလေးက နောက်ဆုံးပဲ''

''ကျွန်တော်က ဒီနေ့ နားလို့မရတာ ညကတည်းက ဒယ်ဒီ့ကို ပြောထားတာပါ၊ ဒါနဲ့ အကြီးမြ''

''ဘာလဲ လူလေး''

''ဟိုတစ်ယောက် စားပြီးပြီလား''

''ဘယ်တစ်ယောက်လဲ''

''ပန်း''

''သြော်... ပန်းလေး ခုနကပဲ ဝင်လာသေးတယ် မစားချင်သေးဘူးတဲ့၊ ရေချိုးပြီး ပြန်ဆင်းလာမယ် ထင်တယ် ဘာဖြစ်လို့လဲ''

နေခက မစားဖြစ်သေးသည့်ပန်းကန်ကို စိုက်ကြည့်၍ နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

''ဘာမှမဖြစ်ဘူး၊ အကြီးမြကို မှာထားမလို့''

''ဘာများလဲ''





အကြီးမြ စိတ်ဝင်စားသွားပုံရကာ နေခဘေးမှာ လက် တစ်ဖက် စားပွဲပေါ်မှာတင်၍ လာရပ်၏။

''အဲဒီတစ်ယောက် ဆေးရုံအပြန် မီးဖိုချောင်ဝင်လာ ရင် ဘာမှမကူခိုင်းနဲ့နော်၊ စားစရာတွေ မကိုင်စေနဲ့''

''ဘာဖြစ်လို့လဲ လူလေးရဲ့''

''ဟာ... သူက ရောဂါသည်တွေ၊ လူနာတွေနဲ့ လုံး ထွေးလာတာ၊ အနာအဆာတွေလည်း ကိုင်ချင်ကိုင်လာနိုင်တယ်၊ ရွံစရာကြီး''

အကြီးမြက ရယ်နေသည်။

နေခ ရွံတတ်တာ ရာဇဝင်တွင်ပါသည်။

အိမ်မှာ လူစောင့်မကျန်ခဲ့သဖြင့် လမ်းထိပ်က သွားစိုက် ဆရာဝန်ဆီမှာ အကြီးမြ သွားနုတ်ဖို့သွားတော့ နေခကိုပါ လက်ဆွဲခေါ်သွားရသည်။

ဟိုရောက်တော့ အကြီးမြအလှည့်မရောက်သေးဘဲ မှန်တစ်ဖက်ခြားထဲမှာ ပါးစပ်တွေဟခိုင်းထားပြီး မီးတွေထိုးထား သော အာခံတွင်းကို နေခ တစ်ယောက်ပြီးတစ်ယောက် မြင်နေ ရသည်။

တစ်ယောက်လာလည်း ပါးစပ်ကြီးဟမေး။

ဆရာဝန်က အညစ်အကြေးမစင်သော ပါးစပ်ကိုလည်း ကိုင်ရသည်။ မသန့်ရှင်းသည့် ရွံစရာသွားကြီးတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်နေ၏။

ပြီးတော့ သွားဖုံးယောင်နေလို့၊ ရေစီးကမ်းပြိုဖြစ်နေလို့ တာတွေများတော့ သွေးပုပ်ပြည်ပုပ်တွေ မြင်ရပြန်သည်။

"အကြီးမြ… သားသား ပြန်တော့မယ်"

တစ်ခွန်းပဲပြောပြီး ရုတ်ခနဲ ထ၏။

တစ်ချိန်လုံး ငြိမ်သက်ကာ လူနာတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်နေသည့်အခန်းထဲကို နေခ ဘာကြောင့်ငေးနေခဲ့မှန်း သတိမထားမိခဲ့။

ပြန်မယ်ဆိုတော့မှ အကျိုးအကြောင်း မေးချိန်မရလိုက်ဘဲ အကြီးမြဆွဲထားသည့်လက်ကို ဖယ်ချပစ်၍ တစ်ယောက်တည်း ပြန်သွားလိုက်သား၊ နောက်ကိုလည်း လှည့်မကြည့်။

အကြီးမြ အပြေးတစ်ပိုင်းလိုက်ရတာလည်း မမှီ။

လမ်းထိပ်နဲ့ ခြံကို ကောင်းကောင်းသွားတတ်နေတာမို့ နေခက ဂရုမစိုက်ပေမယ့် အကြီးမြ စိတ်မချနိုင်။

ထိုနေ့က ထားလည်း မတားနိုင်။ ခေါ်လို့လည်း မရတော့သဖြင့် သွားကိုက်သည့်ဝေဒနာကို အကြီးမြ တစ်ညလုံး လှိမ့်ခံနေခဲ့ရ၏။

ထိုအချိန်မှအစပြု၍ ဆရာဝန်ဆိုသည့်လူတွေကိုတောင် နေခက ရှောင်ဖယ်ဖယ် ဖြစ်သွားခဲ့၏။

တော်ရုံကိစ္စနှင့် ဆေးရုံ ဆေးခန်းကို ဘယ်တော့မှ





ခေါ်လို့မရတော့။ သူကိုယ်တိုင်လည်း ရောဂါနဲ့လူနာ၊ ဆရာဝန်နဲ့ ကုသမှုအားလုံးကို သူမြင်ခဲ့ရမည့်ချည်းဖြစ်ကာ ယေဘုယျ တုန်းကဆို ဒီထက်အများကြီး ဆိုးပါသေးသည်။

ဦးနေရိပ်နှင့် အရင်းနှီးဆုံးမိသားစုဖြစ်ကြသော ဖင်မလီ ခေါ်တဲ့ ဦးတင်ထွတ်တို့အိမ်ကိုတောင် ထမင်းစားဖိတ်တိုင်း ဘယ်တော့မှ သူမလိုက်။

အလှူအတန်းရှိလို့ သွားမည်ဆိုလည်း ရှောင်ဖယ်ကျန်ခဲ့သည်။ အကြီးမြကိုတော့ ရှုံ့တွတွနှင့် ကဝိပြောပါသည်။

"တစ်မိသားစုလုံး ဆရာဝန်တွေချည်းပဲ၊ သားယေဆိုတဲ့တစ်ယောက်ကလည်း ဆေးကျောင်းသား၊ အရိုးခေါင်းကြီး ရှေ့ချပြီး ထမင်းစားလို့စား၊ ဟားတွေဖမ်း၊ ပိုးတွေ ဖမ်း၊ တော်ပါတော့ အကြီးမြရာ"

နေခတို့က အဲဒီလို စီစာကြောင်းခဲ့တာ။

ဒါပေမယ့် အရွယ်ရောက်တော့လည်း လက်သင့်ခံသင့်တာလောက်ကို လက်ခံတတ်လာပါပြီ။

ခုကျမှ ကလေးလို နှာခေါင်းရှုံ့နေပြန်တာကို အကြီးမြ အသံထွက်အောင်ရယ်သည်။

"လူလေးရယ်… ဆရာဝန် ဆံရာမတိုင်းကို တယူသန်စွဲနေတော့တာပဲ၊ ပန်းလေးက သန့်လိုက်တာမှ၊ သူကတောင် အကြီးမြကို…"



www.burmeseclassic.com

www.burmeseclassic.com



''သန့်သန့် မသန့်သန့်၊ လူတစ်ကိုယ်လုံးမှာ အညစ်ပတ်ဆုံးက လက်ပဲ၊ လက်တွေထဲမှာမှ ဆရာဝန် ဆရာမတွေ လက်က အဆိုးဆုံး''

''အဲဒီလက်တွေက အသက်ကယ်နေတာလေ''

မထင်မှတ်ဘဲ နောက်ကျောက အသံလေးထွက်လာတော့ နေခ ပခုံးနှစ်ဖက် တွန့်ပစ်လိုက်ပြီး မဲ့သည်။

နေမျက်နှာ လာပြီ။

သူ့ ခပ်မဲ့မဲ့ပြုံးပေမယ့် အကြီးမြ မျက်နှာပျက်သွား၏။

ပန်းက စားပွဲကိုပတ်သွားပြီး နေခနဲ့ မျက်နှာချင်းဆိုင်ကျမှ ရပ်သည်။

''ရှင့်ကို ရှင့်အမေ မွေးခဲ့တုန်းကလည်း ဆရာဝန် ဆရာမတွေက လက်နဲ့မွေးပေးခဲ့တာလေ၊ ခြေထောက်နဲ့ ဆွဲထုတ်ပေးလို့မှ မရတာ''

''မင်း''

ပြုံးနေသည့် နေခမျက်နှာ ရှုံ့ခနဲ ဖြစ်သွားသည်။

ပန်း ကျေနပ်သွား၏။

''အဲဒီတုန်းက ဒီလက်တွေမရှိရင် ရှင် ခုလို ငုတ်တုတ်ထိုင်ပြီး ကျေးဇူးကန်းစကားတွေ ပြောနေနိုင်ပါ့မလား''

''ပန်းမျက်နှာ''

နေခ ကိုယ်ကို ဆတ်ခနဲမတ်၍ စားပွဲကို ဖိဆုပ်လိုက်





သည်။

''ကိုယ်ပြောလိုက်တာ အဲဒီလောက်ထိ မဟုတ်ဘူး''

''ဘာလို့မဟုတ်ရမှာလဲ၊ မစော်ကားအပ်တဲ့အရာတွေကို ရှင် စော်ကားနေတာ၊ အားလုံးနဲ့ဆိုင်တယ်၊ ကိုယ့်စကားကိုတော့ နားဝင်ချိုပြီး သူများပြောတော့ နားခါးသတဲ့၊ ဟွန်း''

ပြောင်အိအိ မဲ့ပစ်လိုက်သည့် နှုတ်ခမ်းလေးကို စိုက်ကြည့်၍ ရင်ထဲမှာ ကျင်ခနဲဖြစ်သွားသည်။

ဒေါ်သလား၊ စော်ကားခံနေရသည့် မာနလား မသိ။

သူ့ မျက်မှောင်ကုတ်သွားတာကို ပန်းက ခပ်ရဲရဲ ပြန်ကြည့်သည်။

နေခပြောခဲ့သည့်စကားအတွက် အလွန်အမင်း မကျေနပ် ဖြစ်နေမှန်းလည်း သိသာနေလျက်။

''အဲဒါတွေလည်း ဟောဒီလက်တွေနဲ့ လှီးဖြတ်နယ်ဖတ်ထားတာပဲ၊ ဆေးရုံမှာ ခွဲနှာပေါက်တဲ့လူတစ်ယောက်ကို ဖြည့်ခွဲထုတ်ပေးခဲ့ပြီး ပြန်လာတော့ ကိုယ်ပင်ပန်းနေပေမယ့် အကြီးမြပင်ပန်းနေတာကို မကြည့်ရက်တာနဲ့ ဝင်ကူရတာ ပေါ့''

ပန်းက လက်ဆယ်ချောင်းလုံးလို နေခရှေ့မှာ လက်ဖမိုးရော၊ လက်ဝါးရော စုံအောင်ဖြန့်ပြနေရင်း

''အင်း... လက်တော့ ဆေးလိုက်မိတယ် ဆေးတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရှင် မသောက်ရင် မစားနဲ့လေ"

"တောက်"

နေခ လှုံးဆဲ့ ထရပ်လိုက်၏။

"လှလေး... အို... ခုက္ကပါပဲ"

နောက်ဆုံးအကြည့်က မီးမြွားတစ်စင်းလို အလျှံတရဲရဲ နှင့် ပန်းဆီ ပြေးဝင်၏။

ပန်းက ဖြန့်ထားသည့်လက်ဖဝါးကို မသိသလိုလေး ဖြန်ကြည့်ပြီး မျက်နှုံးနှစ်ဖက်ကို ဆတ်ခနဲ ပင့်တင်သည်။

ပြီးတော့ နေခလိုပဲ ခပ်စူးစူးပြန်ကြည့်၍ မချိမချို မျက်နှာလွှဲလိုက်၏။

ဖြစ်နေလိုက်တဲ့ မျက်နှာကြီး...

ဝမ်းသာလိုက်တာ။

"အကြီးမြ"

"ဟေ"

"အကြီးမြရော ရှိလား"

"အို... မ... မရှိပါဘူးကွယ်"

"ဒါဆို ပန်းနဲ့တူတူစားမယ်နော်၊ ပြင်လိုက်မယ်"

အကြီးမြ ခေါင်းညိတ်လိုက်ပေမယ့် မတ်မတ်ကြီးဖြစ်နေသည့် ခေါင်းက အဆစ်မကျိုးဘဲ နေခဆီ ရောက်နေရှာသည်။





နေခ ရှာခနဲလှည့်ထွက်သွားတော့ ပန်းက အကြီးမြကို ကြည့်၍

"ပန်း တောင်းပန်ပါတယ် အကြီးမြရယ်၊ ဟို... စကားများကြတော့ သူနှိင့် ကိုယ်နိုင်ပြောကြတာလေ၊ သူ့ကို ထွက်သွားစေချင်လို့တော့ မဟုတ်ပါဘူး"

"အင်း... သမီးပြောတာတွေလည်း မှန်တာပါပဲ ဒါပေမယ့် လှလေးကလည်း တမင်ဟာကာ စီစဉ်နေတာ တော့ မဟုတ်ပါဘူး သမီးရယ်၊ သူက ငယ်ငယ်တည်းကလေ"

အကြီးမြက ရှိခဲ့ဖူးတဲ့အကြောင်းလေးတွေကို ပြန်လှန် ပြောပြသည်။

ပန်းက နားထောင်နေပြီးမှ...

"သူ မစားတဲ့ထသွားတာကို အကြီးမြ စိတ်မကောင်း ဖြစ်နေလားဟင်၊ အဲဒီအတွက် ပန်း တောင်းပန်ပါတယ်နော်"

"ရပါတယ် သမီးရယ်၊ သမီးတို့က ရွယ်တူချင်းဆို တော့ အလွယ်တကူ ဘယ်သူကအလျှော့ပေးချင်ပါ့မလဲ၊ သမီး ပြောလိုက်တော့ သူသိသင့်တာလည်း သိသွားတာပေါ့၊ တကယ်တော့ သိသိနဲ့ တယူသန်အစွဲဖြစ်နေတာပါ၊ အသန့် အပြန့်ကြိုက်တဲ့ သူ့မှာ ဒီလိုအလွဲအတွေးဝင်သွားတော့ စက် တုန့်တာပေါ့၊ ကဲ... သမီးစားလေ"

ပန်း စိတ်မကောင်းတာက အကြီးမြရင်ထဲကို မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါ။

နေခအတွက်ကိုများ အတွေးထဲမှာလည်း မရှိ၊ အမြင်ထဲမှာလည်း မရှိ။

ဒီထက်အထိ နာစေချင်သေးတာ။

* * *

BURMESE CLASSIC .com

## အခန်း ⏩ ၁၄ ⏪

သူ တဟားဟားရယ်ပစ်လိုက်တာကို နှစ်ယောက်လုံးက မျက်မှောင်ကုတ်၍ ကြည့်နေကြသည်။

လမ်းသစ် ရှိုးခန်းမဆီကို လှမ်းကြည့်လိုက်ပြီး ခိုင်ဘစ်ခွက် ထပ်ဖြည့်၏။

ပြီးမှ နေခကို ပြန်ကြည့်ကာ…

"ဘာရယ်တာလဲ၊ မင်း ပေပေါကြီးဖြစ်လာတာကို ကျေနပ်နေတာလား"

"အေးလေ… ပြောတုန်းကတော့ လည်ပင်းပဲ ထည့်စပ်ခဲ့တော့မလိုလို"

နှစ်ယောက်လုံးပြောတော့လည်း နေခက အရယ်ရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ပြောတဲ့စကားလုံးတွေက အဲဒီလိုပဲလုပ်ပစ်ဖို့ ကောင်းတာ"

"ရက်ချင်းကြီးထေရယ်တာ ဘာလဲ၊ ဒီရောဂါမျိုး မမြင်ဖူးဘူး"

"သူ့မျက်နှာကိုမြင်ရင် ငါ ဒေါသဖြစ်လို့မရတာ မင်းတို့ တနေသွားမှာစိ"

ဝိုင်အရက်ကို မော့သောက်နေရင်း လမ်းသစ်က မျက်လုံးစောင်းကြည့်၏။

ဟန်ထည်ကတော့ နေခ ဆက်ပြောလာဦးမည်ကို သိသောကြောင့် အသာစောင့်ကြည့်နေ၏။

"လှတာ ချောတာတွေနဲ့ မဆိုင်ဘူးကွ၊ ချစ်စရာကောင်းတယ်ဆိုတာမျိုးလား မသိဘူး၊ မျက်ခုံးပင့်လိုက်၊ နှုတ်ခမ်းရွဲ့လိုက်နဲ့ ငါဒေါသထွက်အောင်လုပ်နိုင်တာကို သူတအားကျေနပ်သွားတာ၊ အဟွန်း… မာနသိပ်ကြီးတဲ့ မိန်းမတစ်ယောက်ပုံစံကနေ ဘယ်လိုပုံစံလေး ပေါက်သွားမှန်းမသိဘူး၊ လက်ဖဝါးလေးကို ဆုပ်လိုက် မြှုလိုက်နဲ့ ကိုင်ပေါက်ချင်စရာ"

"မုန်းလွန်းလို့လား"

"ချစ်စရာကောင်းတာကို ပြောနေတာလေ၊ မဆိုင်တာ မထည့်နဲ့"





"မင်းချစ်နေပြီပေါ့"

"ဘယ်သူက ပြောလို့လဲ"

ဘာဖြစ်ဖြစ် မတိုင်ပင်တတ်။ ဝန်မခံတတ်သည့် နေခ မျက်နှာက မကြည်လင်သည့်မဲ့ပြုံးကို ဟန်ထည်က မကျေနပ်စွာ ကြည့်၏။

ဒီလောက်ထိ တမွဲ့တနွဲ့ ချီးမွမ်းနေ…

အသည်းယားနေပြီးမှ ချစ်သလားဆိုတော့ ဝန်မခံ။ မချစ်ဘူးလို့ငြင်းတာလည်း မဟုတ်။

နေခ ဘယ်လိုဗျူဟာမျိုး ခင်းကျင်းနေမှန်းမသိတာကို မကျေနပ်ချင်။

"နေပါဦး၊ သူနဲ့မင်းက ဘာမှသိပ်မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်ထိ မုန်းနေကြတာလဲ"

"ငါက မမုန်းပါဘူး"

"ချစ်နေသလားလို့မေးလည်း 'ဟင့်အင်း' လို့ ဖြေမှာမို့လား"

"အေးလေ၊ ချစ်ဖို့ဆိုတာ လွယ်တာမှတ်လို့"

"ဒါဆို မင်းရောက်လာတိုင်း ပန်း ပါပါလာတာ ဘါးစပ်ယားနေလို့လား"

"ပြောစရာမို့ ပြောတာပေါ့၊ အရင်က အိမ်မှာ ငါနဲ့ ဒယ်ဒီပဲရှိတာ၊ ပြောစရာမရှိဘူး၊ အခု သူတို့သားအမိရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူပိုလာတော့ ပြောစရာပိုတာပေါ့"

ဘာစကားဖြစ်ဖြစ် နိုက်လို့မရအောင် နေခက ဝှေ့ရသည် ကြောင်ဝတ် လုပ်ပစ်တတ်သူ။

"ဒါဆို ငါတို့မမြင်ဖူးသေးဘူး၊ အခုပြန်ရင်လိုက်ခဲ့မယ်"

"အခု အိမ်ကိုပြန်မှာမှမဟုတ်တာ"

"ဘယ်သွားသွားကွာ"

"တကူးတကကြီး လိုက်ကြည့်တာမှန်းသိရင် ဘဝင်မြင့်သွားမှာပေါ့ကွ၊ ပါးလိုက်တာ လုစ်နေတာပဲ"

"ဟား ဟား ဟား"

နေခနဲ့ ဟန်ထည်ပြောနေကြတာတွေကို လမ်းသစ်က အစအဆုံး နားထောင်ပြီး ရယ်ချလိုက်သည်။

"ဟန်ထည်ရာ၊ မင်း လက်လျှော့လိုက်စမ်းပါ၊ နေခလို ကောင်ရဲ့ ရင်ထဲကို မင်း အယ်တော့မှမြင်မှာမဟုတ်ဘူး၊ မင် ထားလိုက်၊ ယူပါ ကယ်ပါဆိုမှ 'ဆောရီး' လုပ်ပြီး လက်ပိုက် ကြည့်နေဖို့ ကြိုးစား"

"ဟား ဟား"

ဒီတစ်ခါရယ်သူက နေခ။

"နေခ ဘယ်တုန်းက ဒီလိုဖြစ်ဖူးသလဲ"

"ဖြစ်မှမဖြစ်ဖူးသေးတာ"





"ဖြစ်ဖို့လည်း မရှိဘူး"

"ထားလိုက်ပါတော့"

"ထားလိုက်ပါတယ်"

လမ်းသစ်က မျက်စောင်းရွယ်ပြီး တစ်ဖက်လှည့်သွား၏။ ရည်းစားဆိုလျှင် ဘယ်သူမှာမှ ဟုတ်တိပတ်တိ ရှိကြတာမဟုတ်။

သုံးယောက်လုံး ခရီးသွားရတာ ဝါသနာပါကြသည်။ ဗရုတ်ကျကျကြီး နေလိုက်ကြတာမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့် လူငယ်ချင်း စဟယ် နောက်ဟယ်နှင့် သူငယ်ချင်းလိုလို၊ ချစ်သူလိုလို တွဲဖြစ်သွားဖြစ်ကြသည်။

ပြီးတော့ ဘာမှလည်းမဟုတ်ဘဲ ပြီးသွားကြပြန်သည်။

"မင်း အဖြေတောင်းလိုက်တယ်ဆို"

"ဟုတ်တယ်ကွာ၊ မြဝတီသွားတဲ့ကိစ္စ သူ့ကို မပြောခဲ့ ရကောင်းလားဆိုပြီး လှည့်ကိုမကြည့်တော့ဘူး"

"ချော့ပေါ့ကွ"

"တော်ပြီ"

သူတို့အဖွဲ့က ဤသို့ဖြစ်၏။

"သူနဲ့ သာမညတောင်သွားဖို့တဲ့ကွာ၊ မိသားစုသွား ကြမှာ၊ ငါက ကန့်လန့် ကန့်လန့်ပါရမယ်တဲ့၊ ပေယီတို့ ချောင်းသာတို့ဆိုလည်း စွန့်စားရတာ ဟုတ်တုတ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဤနှယ် ဖြတ်စဲခြင်းဖြင့် ဟိုမရောက် ဒီမရောက် ဇာတ်သိမ်းလှန်ရတာ ဖြစ်သည်။

သုံးဆောက်စလုံး ရည်းစားဆိုတာကို စိတ်ဝင်စားကြသေးယ့် ခွဲထွက်ပျော်ပါးဖို့ ဘယ်သူမှဝါသနာမပါကြ။

ထို့ကြောင့် ရည်းစားလည်း မမြဲ။

ကြိုးစားပမ်းစားထားဖြစ်ကြတာလည်း မရှိ။ တစ်ယောက် အဆင်ပြေတော့မယ်ဆို ကျန်တဲ့နှစ်ယောက်က အားတက်သရော ဖြစ်နေကြပြီ။

"ဘယ်လိုလဲ၊ အဆင်ပြေတော့မလား"

"ဘယ်အခြေအနေရောက်ပြီလဲ"

"ကောင်မလေးက ဘယ်လိုဘာညာ"

အကဲခတ်ဖို့၊ အကြံပေးဖို့။

ထိုစကားများထဲမှာ လမ်းသစ်နဲ့ ဟန်ထည်က သစ္စာထားသလောက် နေခတို့က နှုတ်ခမ်းတင်းတင်းစေ့ထားပြီဆိုဘယ်လိုမေးမေး ဖြောင့်တန်းစွာ ထွက်မလာတော့ပေ။

အဲဒါဟာ သူစိတ်ဝင်စားလွန်းလို့ ထိုကိစ္စကို ဖုံးကွယ်တာမျိုးမဟုတ်ဘဲ အစပိုင်းမှာလည်း ပြောချင်မှပြောသည်။

ဟုတ်ဟုတ် မဟုတ်ဟုတ် ပြီးသွားပြီဆိုလည်း ပြောချင်မှ ပြောတာပဲ ဖြစ်၏။

ဘယ်သူ့ကိုမှ ဆရာမတင်ချင်၊ အကြံမတောင်းချင်။





မျှိုသိပ်နေတတ်တာ နေခ အကျင့်ပဲ ဖြစ်လေသည်။ ခုလည်း သူပဲစပြီးမေးတော့ ဘာမှမပြောချင်။

"ဒါဆို မေးမယ်"

ဟန်ထည်က မရမချင်းမေးဖို့ ဆုံးဖြတ်ထားသလား မသိ။ နေခကိုကြည့်၍

"မင်း အခု အိမ်မှာ နေရတာ ပျော်နေပြီမို့လား"

"မပျော်ပါဘူး"

"မညာနဲ့"

"ညာစရာလား"

"ဒီလထဲမှာ ဒယ်ဒီ့ကိုကူညီဖို့ဆိုတာတွေ အများကြီးထူးဆန်းစွာ သိတတ်လာတာကရော"

"ဒယ်ဒီ့ကို သနားလို့"

"မလုံလောက်ဘူး"

"ငါ့ဘက်ကတော့ လုံလောက်ပါတယ်၊ ဒယ်ဒီက လက်ထပ်ထားတာ မကြာသေးဘူးလေ၊ အိမ်ထောင်ဦးမဟုတ်ပေမယ့် အချစ်ဦးနဲ့ဆိုတော့ ဒီအချိန်လေးကို သူ မက်မောမှာပဲ"

"သူတော်ကောင်းလေးပဲနော်"

သူတို့ ဘယ်လိုဖြစ်နေကြတာကို နေခ သိသည်။ ကိုယ်လည်း ကိုယ့်ရင်ထဲကိုဝင်ကြည့်ဖို့ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



နေတာမှ မဟုတ်တာ။

ဒါပေမယ့် တစ်ခုတော့ ရှိပါသည်။

ပန်းကလေးတစ်ပွင့် ဖြုတ်ခနဲကြွေဆင်းလာသလို ရေချိုးပြီးစ သူမကိုယ်က သနပ်ခါးနံ့လေးတစ်ချက်ကိုတော့ ရင်ထဲမှာ ထည့်ထားခဲ့မိ၏။

ဒါကို နှစ်သက်ခဲ့တာတော့ သေချာလေသည်။

"နေခ"

"ဘာလဲ"

"ငါတို့ ချင်းတောင်ဘက်ကို ခရီးထွက်ကြမလို့၊ လိုက်မှာလား"

"လောလောဆယ်ဆို မဖြစ်သေးဘူး"

"ထင်သားပဲ"

"ဒါဆိုရင် မင်း..."

ထပ်ပြောလိုက်သည့် တန်ထည့်စကားက မဆုံးလိုက်ပေ။

နေခ ဖျတ်ခနဲ ထရပ်လိုက်သဖြင့် သူတို့မော့ကြည့်လိုက်တော့ နေခသည် မြင်နေရသည့် လမ်းတစ်ဘက်သို့ ငေးကြည့်ကာ

"ငါသွားတော့မယ်"

ဟု ပြောကာ အလျင်စလို ထွက်သွားလေသည်။





"ဘာဖြစ်သွားတာလဲ"

ဟန်ထည်က လိုက်ကြည့်ရင်း ရေရွတ်၏။

လမ်းသစ်က နေခသွားသည့်ဆီကိုကြည့်၍

"ငါထင်တယ်ကွ၊ ဟိုဘက်မှာ တက္ကစီငှားနေတာ သူ့မိတ္တေးဖြစ်မယ်"

"ဟုတ်လား"

အဝေးက အမြင်အရ အလွန်အချိုးကျပြေပြစ်သော နုံ့သာရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်သာ ဖြစ်သည်။

ကျောပေးသလို ခပ်စောင်းစောင်းရပ်နေသည့်မျက်နှာကို သေချာမမြင်နိုင်။

နေခကတော့ ဒေါ်မူမူဆွေနားကို ရောက်အောင်သွားပြီးမှ

"ကားဘာဖြစ်လို့လဲ အန်တီ"

သူ့အားမှာရပ်၍မေးလိုက်တော့ ဒေါ်မူမူဆွေ ဖျတ်ခနဲ လှည့်၏။

"ဟင်... သား"

သူ့နောက်ကိုပါ ငေ့ကြည့်ပြီး ဒီဘက်လှည့်လာသည်။

"သားတစ်ယောက်တည်းလား၊ ကားပါလားဟင်"

"ပါတယ် ဟိုဘက်မှာ၊ အန်တီဘယ်သွားမလို့လဲ"

"သယ်န်းကျွန်းက မိတ်ဆွေတစ်ယောက်ဆီသွားမလို့



www.burmeseclassic.com

www.burmeseclassic.com



သားရယ်၊ အစ်ကိုကတော့ ကားပြန်လွှတ်ပေးမယ်လို့ ပြောတယ်၊ အလုပ်ပိုမှာစိုးလို့ အန်တီဘာသာပဲ ထွက်လာတာ၊ သမီးကို သူ့ဆရာမအိမ် ဝင်ပို့ရင်းနဲ့လေ"

"ဒါဆို ကျွန်တော်လိုက်ပို့ပေးမယ်လေ၊ လာ"

ဒေါ်မူမူဆွေသည် ကားပေါ်မှာပါလာပေမယ့် စကားများများလည်း မဆို၊ မျက်ဝန်းတွေကစားတာလည်း မရှိ။

လိုအပ်မှ စကားလှည့်ပြောတာမျိုးရှိကာ နူးညံ့တည်ငြိမ်သော မျက်နှာလေးနှင့် ငြိမ်သက်စွာ ပါလာ၏။

သူမြင်ဖူး၊ တွေ့ဖူးနေသော နေရာယူတတ်ကြသည့် မိန်းမများနှင့်တော့ လားလားမှမတူပါ။

ထိုအချက်ကို သူမအား ခတင်မြင်ဖူးလိုက်ကတည်းက နေခဲ့ အကဲခတ်မိသည်။

ကြာလေ ပိုသေချာလေ။

ထို့ကြောင့် ဒေါ်မူမူဆွေနဲ့သူ စကားသိပ်များများ ပြောဖြစ်တာ မရှိသော်လည်း ရင်းနှီးနေခဲ့သည်။

သူကလည်း လေးစားမှုရှိသည်။

ဒေါ်မူမူဆွေကလည်း ဂရုစိုက်၏။

အပြန်ကျတော့ ခြံဝမှာပဲ ဒေါ်မူမူဆွေကို ချပေးခဲ့ပြီး သူ ပြန်လှည့်စဉ် ဦးနေရိပ်၏ကား ပြန်လာတာနှင့် တွေ့၏။





"ဟော… သားလိုက်ပို့လိုက်တာလား"

ဝမ်းသာကျေနပ်နေသည့် မျက်နှာကြီးနှင့်မေး၍ နှုတ်ဆက်သည်။

"ဟုတ်တယ် ဒယ်ဒီ၊ ဒီတစ်နေကုန် အလုပ်ထဲကို လုံးဝမရောက်သေးဘူး"

ဟု ပြောလိုက်တော့ မျက်နှာကြီး ပြန်၍မှဲ့ကျသွား၏။

နေခဲ့ ကားမောင်းထွက်ခဲ့ရင်း ပြုံးလိုက်မိ၏။

⌅ ⌅ ⌅

www.burmeseclassic.com

## အခန်း ⏩ ၁၅ ⏪

ဖုန်းမြည်လာသည်နှင့် ပန်း နေရာမှထလိုက်သည်။ ကိုင်လိုက်တော့ နေခအသံကို ကြားလိုက်ရ၏။

''ဟဲလို''

''အန်တီလား၊ ကျွန်တော်ပါ''

''အန်တီမဟုတ်ဘူး၊ အပြင်သွားကြတယ်''

''ပန်းမျက်နှာ''

ပန်း ဒေါသထွက်သွား၏။

''ဒီမှာ… ရှင်ပြောစရာရှိတာကို ပြော၊ မေမေနဲ့ပြောဖို့ စကားဆိုရင် မရှိဘူး''

''ဟော့… နေဦး၊ ဖုန်းမချလိုက်နဲ့နော်''





နေခ ကမန်းကတန်း ဟားဆီးလိုက်ပြီး

''အကြီးမြရှိရင် ခေါ်ပေး''

''ဘယ်သူမှမရှိဘူး၊ ကျွန်မပဲရှိတယ်''

''ဒါဆို အကြီးမြလာရင် ပြောလိုက်၊ ကိုယ်အခု…''

''အကြီးမြလည်း သူ့မြေးလေး ဖျားလို့ ခုနကပဲ ထွက်သွားတယ်၊ တစ်နေကုန် ပြန်လာဖို့မရှိဘူး၊ ရှင် လူစေ့အောင် မေးပြီး ဘာလုပ်မလို့လဲ''

''ကိစ္စရှိလို့ပေါ့ကွ၊ ဒါဆို ရှိတဲ့လူကိုပဲ ပြောတော့မယ်၊ နားထောင်၊ ဒီညနေ ငါးနာရီ ကိုယ့်ဧည့်သည်တွေ ပါလာမယ်၊ တစ်ဝိုင်းစာအတွက် ဟိုတယ်မှာ အားလုံးမှာထားပြီးပြီ၊ အဲဒါ မင်း နေရာထိုင်ခင်း ပြင်ပေးထားစမ်းပါ''

''အို… မပြင်ပါဘူး၊ အိမ်မှာ ဘယ်သူမှမရှိကြဘဲ ရှင်တို့ လူစုလူဝေးနဲ့ သောက်ကြ၊ စားကြမှာ ကျွန်မ ပြင်လည်း မပေးနိုင်ဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး''

''ပန်းမျက်နှာ… မင်းကို ချက်ပြုတ်ခိုင်းနေတာ မဟုတ်ဘူး၊ အိမ်မှာ နည်းနည်းပါးပါး ပြင်ဆင်ထားပေးရုံပဲ၊ ဒီလူစုလူဝေးဆိုတာ ကလေကချေတွေ စုဝေးကြမှာမဟုတ်ဘူး၊ နိုင်ငံခြားသားတွေနဲ့ အမျိုးသမီးတွေလည်း ပါမှာ၊ လုပ်ငန်းကိစ္စ ဆွေးနွေးကြမှာနော်၊ မင်း 'ဟင့်အင်း' လို့ မရဘူး''

ပန်း စဉ်းစားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လည်း တစ်ခါတလေ ဒီလိုပဲ ညှော်သည် နှစ်ယောက် သုံးယောက် ပါလာတတ်သည်။

အကြီးမြလည်း ပြောဖူးသည်။

"ဒါ ဘာဟုတ်ဦးမှာလဲ သမီးရယ်၊ နှစ်ယောက်တည်း ရယ်၊ အိမ်မှာရှိတာပဲ လုပ်ကိုင်ပေးလို့ရတယ်၊ တစ်ခါတလေ ခုနှစ်ယောက်၊ ရှစ်ယောက်လာကြရင် ဟိုတယ်စာတွေ မှာ ပေးရ၊ ဆိုဖို့၊ တီးဖို့တွေ လုပ်ပေးရနဲ့၊ ဖတ်ဖတ်ကိုမောရော" တဲ့။

ဒါမျိုးပဲ ဖြစ်ပါလိမ့်မည်။

လုပ်ငန်းကိစ္စဆိုတော့လည်း ဒါ သူ့အိမ်ပဲ။ လာမလုပ်ရ ဘူးလို့ ပြောလို့ရမလား။

"ဟော့... ပြောနေတာ ကြားရဲ့လား"

"ကြားတယ်၊ ကျွန်မ ပြင်ထားပေးမယ်လေ၊ နောက် ထပ်တော့ ဘာမှထပ်လုပ်မပေးနိုင်ဘူး"

"ရပြီ၊ မင်း ထပ်ပါဖို့မလိုတော့ဘူး၊ အိုကေနော်"

သူ ဖုန်းချသွားသည်။

ဒီနေ့ ပန်း ကံမကောင်းပါလား။

ညှော်သည်တွေဆိုတော့ ထမင်းစားခန်းမှာ ဖြစ်မှာ မဟုတ်။ အကြီးမြလုပ်ကိုင်ပေးတုန်းက မြင်ဖူးခဲ့တဲ့အတိုင်း ညှော်ခန်းမှာပဲ သေချာပြင်ထားပေးရသည်။

သစ္စာမွန်စာပေ



ဆိုဖာကျောမှီတွေ အသစ်လဲ။

စားပွဲကိုခေါက်ဖယ်ပြီး စားပွဲရှည်နှင့် လဲရသည်။ ပြီးတော့ ထိပ်နှစ်ဖက်မှာ ဝန်းအိုးလေးတွေပြင်ပြီး လိုအပ်မယ် ထင်တာတွေ စဉ်းစားလိုက်၊ တင်လိုက်နှင့် သုံးနာရီကျော်တော့ ပန်းတစ်ယောက်တည်း ချွေးလည်းပြန်နေပြီ။

ဒီနေ့ အလုပ်နားရက်ပေမယ့် ပိုပင်ပန်းသွား၏။

ဟိုတယ်က ကားရောက်လာပြီး ရှစ်ယောက်စာဆိုသော စားသောက်စရာတွေ ပြင်ဆင်ထားလိုက်တော့ စားပွဲပေါ်မှာ ပြည့်လျှံသွား၏။

အားလုံးပြည့်စုံရဲ့လားဟု သေချာစစ်ဆေးပြီးမှ ရေချိုး ဖို့ သတိရ၏။

ခေါင်းရော လူရော တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနေပြီ။ ဒါတွေပြင်ထားပြီးမှ သူတို့ရောက်မလာသေးတော့ ပုပ္ပူနွေးနွေး ဘယ်ဟုတ်တော့မလဲ။

ကိုယ်နဲ့မဆိုင်ဘဲ တွေးလိုက်မိသေးသည်။

ဘာပဲဖြစ်ဖြစ် ဟိုတယ်ကတော့ အချိန်အတိအကျလာ မှာပဲဆိုတော့ သူတို့လည်း မကြာခင်ရောက်လာလိမ့်မည် ထင် သည်။ နေပါစေ။

ပန်း ရေချိုးဖို့ ထွက်လာခဲ့၏။

❦ ❦ ❦

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၆ ⏪

မီးခိုးရောင်ပေါ်မှာ အဖြူအနက်ပွင့်လေးတွေပါသည့် ဝတ်စုံက ပန်းကိုယ်လုံးလေးမှာ ကပ်ချပ်နေသည်။

ဆံပင်တွေကို နောက်မှာ ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထား၏။ ဝင်းစက်စက်မျက်နှာလေးက နဖူးပြောင်လေးနဲ့ ဖြစ်နေပေမယ့် နဖူးမှာစ၍ နားသယ်စပ်ထိ ဆံယဉ်စလေးတွေ ရှိန်းမြည့်မှောင်နေသည်။

သနပ်ခါးလိမ်းတိုင်း အိမ်မှာဆို ပါးကွက်ကွက်ထားရမှ ကျေနပ်တတ်သော ပန်း၏ပါးပြင်မှာ ပါးကွက်ရိပ်ရိပ်လေးတွ တင်ထားသေးသည်။

ခေတ်နှင့် အများကြီးဖြတ်ကျန်ခဲ့ပုံဖြစ်နေသည့်တိုင် ကားရပ်လိုက်ကတည်းက သူမဆီပြေးရောက်သွားကြသည့် မျက်လုံးတို့က ခဏလေးနှင့် ဘယ်သူမှ ရုတ်ဖယ်မသွားနိုင် ကြ။





ကားနှစ်စီး ဆက်တိုက်ရပ်လာတော့ ပန်း တံခါးလာဖွင့် သည်။

နေခ ပန်းကိုစိုက်ကြည့်မိရင်း ကားပေါ်က ဆင်းသည်။

"ပန်း… ခဏ"

နောက်လှည့်ဝင်သွားသည့် ပန်း ပြန်လှည့်ကြည့်သည်။ နေခက လက်ဆွဲအိတ်ကို လှမ်းပေးကာ…

"ဒါလေး သိမ်းပေးစမ်းပါ၊ ကားထဲမှာ ကိုယ် ယူစရာ ရှိသေးလို့"

ပန်း ချက်ချင်းမယူသော်လည်း နေခက ပန်းလက်ထဲ ရောက်အောင်ထည့်၊ ပြီးမှ ပြန်လှည့်သွားသဖြင့် အိတ်က ပန်း ဆီမှာကျန်ခဲ့၏။

ဒါကြီးကို ဘယ်မှာသိမ်းပေးရမှာလဲ။

သူ့အခန်းထဲသွားထည့်ဖို့က မဖြစ်နိုင်။

ဧည့်သည်တွေဆင်းလာကြတော့ ပန်းရပ်မနေတော့ဘဲ ညဘက် စာရင်းတွေစစ်သည့် ကွန်ပျူတာစားပွဲပေါ်တင်ဖို့ ထွက် ခဲ့၏။

"သိပ်လှတဲ့မိန်းမပဲ မစ္စတာ ခ၊ ဖိုးရှိနေတာတောင် မသိခဲ့ဘူး၊ ဘယ်တုန်းက လက်ထပ်လိုက်တာလဲ"

စကားသံဝဲပဲနှင့် နိုင်ငံခြားသားတစ်ယောက်၏အသံကို ကြားလိုက်ရလျှင် ကျောခိုင်းထားသော်လည်း ပန်းတစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပူရှိန်းသွားလေသည်။

ဘယ်ကိုသွားသွား ဒီစကားပွဲကနေ နောက်ပြန်လှည့် ရမှာပဲမို့ အိတ်ကိုတင်လိုက်ပြီးမှ ကိုင်ထားသည့်လက်ကို မလွှတ် ဖြစ်ဘဲ တင်းခနဲ ထပ်ဆုပ်မိ၏။

“သူက ပန်းမျက်နှာတဲ့၊ ကျွန်တော်နဲ့…”

“လူကြီးချင်း သဘောတူလို့ လက်ထပ်ပေးတာထင် တယ်၊ မျက်စိအေးစရာပဲ ‘ခ’ ရယ်၊ တကယ် အရမ်းကိုလှတာ၊ ယူလည်း မြှတ်နိုးနေတာယ်မို့လား၊ ဒီမျက်လုံးကြီးက”

“ဟာဗျာ”

“ဟား ဟား ဟား…”

“တွေ့လား၊ နှုန်းချောလေးကို လူမမြင်အောင် ဖုံးကွယ် ထားတာ ပေါ်ပြီ၊ မလုံမလဲ မျက်နှာကြီးက ရဲလို့”

ရယ်သံတွေရဲ့နောက်မှာ နေခ၏ ဖြေရှင်းသံမပါ။ ရှက် စိတ်အစား ဒေါသက ဝင်လာသည်။

နောက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်မိတာ မျက်လုံး မှာ မီးပွင့်တွေပါသွားနိုင်သည်ဟု ကိုယ့်ကိုယ်ကို သိနေ၏။

လှမ်းကြည့်လိုက်သော နေခမျက်နှာနှင့် မျက်လုံးချင်း ဒိုင်းခနဲ ပစ်ဆောင့်သွားသည့်အတိုင်း…

နေခ မျက်နှာပြန်လွှဲသွားသည်။

ညှော်ခန်းထဲမှာ စားသောက်ရယ်မောသံတွေ ဲ အတော်





ကြာအောင် ကြားနေရ၏။

အလုပ်အကြောင်းဆွေးနွေးမယ်ဆိုတာ ဘယ်မှာလဲ။

လူကြီးလူကောင်းတွေရယ်လို့ တိတ်တိတ်ဆိတ်ဆိတ် လည်း မရှိ။ စကားပြောတာ၊ ရယ်မောတာ၊ စားသောက်သံ များနှင့် သူတို့စိုပြေနေသမျှ ပန်း အခန်းထဲမှာ မကျေနပ်မှုများ နှင့် လုံးထွေးနေသည်။

စကားသံတွေက ကျယ်ပေမယ့် မသဲကွဲ။ သူတို့ နေခနဲ့ ကိုယ့်တိပဲ စနောက်နေကြတာလား။

သူက မဖြေရှင်းဘဲ ဘာဖြစ်လို့ မြုံစိစိလုပ်နေတာလဲ။ ညှိသည်တွေပြန်သွားတော့ သူလည်း ပါသွားသည်။

ပန်း အောက်ထပ်ကိုဆင်းလာတုန်းမှာပဲ ဖုန်းမြည်လာ ၏။

“ဟလို”

“သမီးလား”

“မေမေ… မေမေ ဘယ်ကဆက်တာလဲ၊ ခုနစ်နာရီ ကျော်နေပြီ”

“ဟုတ်တယ် သမီးရယ်၊ အနားမှာ သမီးအန်ကယ် လည်း ရှိတယ်၊ အခု မေမေတို့ ပြန်လာနေပါပြီ၊ အလုပ်ကိစ္စ ကိစ္စ ချင်းမပြတ်ဘဲ ပဲခူးထိသွားလိုက်ရတယ်၊ နည်းနည်း နောက်ကျမယ် သမီး၊ သမီးတစ်ယောက်တည်းမနေရဲရင်



www.burmeseclassic.com

www.burmeseclassic.com



အကြီးမြကို…"

"အကြီးမြလည်း သူ့မြေးနေမကောင်းလို့ ပြောပြီးပြန်သွားတာ ခုထိမရောက်သေးဘူး မေမေ"

"အို… ဒါဆို သမီးတစ်ယောက်တည်း၊ သား ပြန်မရောက်သေးဘူးလား"

"အခု သမီးတစ်ယောက်တည်းပဲ၊ သူက…"

"ကျွန်တော်ရှိတယ် အန်တီ၊ ဘာပြောစရာရှိလို့လဲ"

ဒေါ်မူမူဆွေဆက်တာမှန်း ဝင်လာကတည်းက သိလိုက်သဖြင့် ပန်း စကားမလွှန်ခင် ဖုန်းကို ဆွဲယူပစ်လိုက်တာဖြစ်သည်။

မီးရောင်မှေးမှေးအောက်မှာ စူးလက်သွားသည့် ပန်းမျက်ဝန်းလေးကိုကြည့်ရင်း သူ ဆက်ပြောနေသည်။

"ပြန်သွားကြပါပြီ၊ ဟုတ်ကဲ့… ကျွန်တော်ရှိနေမှာပါ၊ ဒယ်ဒီ ဝင်စရာရှိတာ ဝင်လေ"

"မင်းကိုစိတ်မချလို့ သတိပေးနေတာ၊ ရန်မဖြစ်နဲ့"

"ကလေးတွေမှ မဟုတ်တာ"

ခပ်မဲ့မဲ့ပြုံးပြီး ဖုန်းကို ချသည်။

သူမရပ်နေတာကို ရှောင်၍ထွက်သွားဖို့ ခြေလှမ်း၏။

"ဒီမှာ"

ပြန်ငဲ့ကြည့်လိုက်တော့ မျက်လုံးချင်းဆုံမိကြသည်။





ညှော်သည်တွေနှင့် စားသောက်ပွဲဖြစ်တိုင်း ရေလိုက်ငါးလိုက် စားသောက်ရသည့် သူ့ကိုယ်ကအနံ့ကြောင့် ထင်သည်။

ပန်းက နှာခေါင်းရှော၊ နှုတ်ခမ်းလေးပါ တွန့်မဲ့၍ အထင်မြင်သေးသလို ကြည့်သည်။

"ဘာလဲ၊ သေသေချာချာ မြင်ချင်လို့ ရပ်နိုင်းတာလား"

"ရှင့်ရုပ်ကိုလား၊ ဟွန်း… နောက်နောင်ကို သူများ ထင်ယောင်ထင်ဝါးမဖြစ်အောင် နေတတ်ဖို့ ရှင့်ကို ပြောချင်တာ"

"ထင်မြင်ချက်ဆိုတာ လူတိုင်းမှာရှိကြတာပဲကွ၊ ဘယ်သူက ဘယ်လိုထင်ထင် မင်း ကိုယ့်မိန်းမ မဟုတ်ဘူးဆိုတာ သိကြတာပဲ၊ မသိတဲ့လူက ထင်ယောင်ထင်ဝါးပြောတာကို ဖြေရှင်းနေဖို့မလိုပါဘူး"

"ဘာ"

ပန်းမျက်နှာလေး ရှုံ့မဲ့သွားတာကို နေခ ဘာမှမဖြစ်သလို ပြန်စိုက်ကြည့်နေသည်။

"မဖြေရှင်းဘူး ဟုတ်လား၊ ဒါဆို ရှင်က ဟိုလူတွေကို ဝန်ခံလိုက်တယ်ပေါ့"

"မဟုတ်တာကို ဟုတ်တယ် ပြောရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မကြောင်ဘူး"

"ဒါဆို ရှင် ဘာပြောတာလဲ၊ ဖြေရှင်းဖို့မလိုဘူးဆိုတာကို ပြောစမ်းပါ၊ ကွယ်ရာမှာ ထင်ကြေးပေးနေကြတာ မဟုတ်ဘူးလေ၊ ရှင့်ရှေ့မှာ ပြောနေကြတာကို ရှင် မရှင်းလို့ရမလား"

"ရှင်းတယ်လေ၊ နှုတ်ကြီးမယုံနေတာ ဘယ်လိုလုပ်မလဲ"

"ဒါ... ဒါဖြင့်..."

"မင်းက ကိုယ့်ဖနီးပဲ"

"ဘာပြောတယ်"

"သူတို့ထင်သွားကြတာကို ပြောတာ"

"ရှင်... ရှင်..."

ပန်းမျက်နှာကို နှုတ်ခမ်းခပ်ဖိဖိစေ၍ ကြည့်လိုက်ပြီး သူ ချာခနဲ လှည့်ထွက်သွားသည်။

"နေခစား"

ပန်းက အံတင်းပြောလိုက်၏။

နေခ ရပ်စောင့်နေလိုက်သည်။

နောက်ပြန်မလှည့်ဘဲရပ်နေသော ပန်းက သူ့ပခုံးဘေးကနေ မျက်နှာအောက်က ပြူးပြူးပြဲပြဲလေး ငုံ့ကြည့်၍

"ရှင် သက်သက်လူလည်လုပ်တာ၊ အဲဒါ တံခါးဝမှာ ရှင့်အိတ်ကြီး ကျွန်မကိုပေးလိုက်တဲ့ အဖြစ်ကြောင့်၊ သိလား၊





ဒါလည်း ရှင်တမင်..."

"ဟေ"

နေခ ပန်းဘက်ကို ရင်ဆိုင်လှည့်ရပ်လိုက်၏။

"တမင်တကာ ဘာမှမပါဘူးနော်၊ မင်းစွပ်စွဲတာ များနေပြီ၊ အိတ်က ကိုယ့်အိတ်ကို ဆွဲဆင်းရတာ၊ ကားထဲမှာ မစွတာဘာ့တ ဒယ်ဒီ့အတွက် အရေးကြီးတဲ့ပစ္စည်းတစ်ခုကို ကိုင်ထားနေတာကို သူဆွဲပြီးမဆင်းရအောင် ကိုယ် ကူညီဖို့ မသင့်ဘူးလား၊ ဒါကြောင့် ကိုယ့်လက်ထဲကအိတ်ကို မင်းကို ပေးလိုက်တာ၊ ဒါ လုံးဝတိုက်ဆိုင်မှု"

"ရှင့်ရုပ်ကြီးကို မမြင်ရရင်တော့ စကားလုံးတွေက ယုတ္တိရှိသလိုလိုပါပဲ"

ဘောင်းဘီထဲ လက်နှစ်ဖက်သွင်းလိုက်ပြီး သူ ရယ်မိသည်။

ပြီးတော့ မျက်နှာလွှဲလိုက်၍

"မတတ်နိုင်ဘူး"

ပန်း အံကြိတ်၍ လှည့်ထွက်လာခဲ့သည်။

လှေခါးပေါ်တက်ခါနီးတော့ လက်ရန်းကိုကိုင်လိုက်ပြီးမှ ပြန်လှည့်ကြည့်မိ၏။

ပန်းကို နေခ ငြိမ်သက်စွာ ရပ်ကြည့်နေဆဲ။

မျက်လုံးချင်းဆုံလိုက်ပြီးမှ ဒီမျက်နှာကြီးကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သွားလွှင့်ပစ်ရမှန်း မသိ။

သေစမ်း… ဒီမျက်လုံး။

ပန်း ကိုယ့်ဒေါသနဲ့ကိုယ် ထိန်းချုပ်ဖို့ မေ့သွား၏။

ဖျတ်ခနဲ နေအောင် လှည့်တက်သွားသဖြင့် ပန်း၏ တင်သားလေးတွေနားက ဆံပင်ဖျားလေးတွေ နွဲ့နှောင်းဝှေ့ခါ သွားတာကို နေခ မော့ကြည့်နေမိ၏။

ပြီးတော့ ဆံပင်တစ်ချက်သပ်၍ ရယ်သည်။

ရင်ထဲမှာ ဘာသာမဲ့သော ကြည်နူးမှုလေးတချို့ကြောင့် သိမ့်သိမ့်ခါသွားခဲ့လေသည်။

ႏ ႏ ႏ

## အခန်း » ၁၇ «

"သား"

သူ့ကားရပ်လိုက်သည်နှင့် ဒေါ်မူမူဆွေ တံခါးနား ရောက်လာ၏။ ဦးနေရိပ်ဇာ ဆိုဖာမှာ ထိုင်နေရာမှ ထလာ သည်။

"သား အလုပ်က ပင်ပန်းလာတယ် ထင်တယ်၊ နောက်ကျတယ်နော်"

မကြီးစုဖူး တံခါးကို ကိုယ်တိုင်လာဖွင့်ပေးနေရင်း နှုတ်မဆက်ဖူးသော စကားများဆိုနေသဖြင့် နေခ အံ့ဩသလို ဖြစ်သွား၏။

ဖွင့်ထားသည့်တံခါးမှ လှမ်းဝင်ရင်း ခေါင်းညိတ်၍

"ဟုတ်ကဲ့၊ ပြန်ခါနီးမှ ဧည့်သည်တွေရောက်လာလို့"



www.burmeseclassic.com

www.burmeseclassic.com



"သားရေ… ပင်ပန်းတာလည်း ပင်ပန်းတာပေါ့ကွာ ဘယ်လိုမှတော့ သဘောမထားနဲ့၊ ပန်း ပြန်မရောက်သေးလို့ သွားကြိုပေးစမ်းပါ"

"ဗျာ"

ဒယ်ဒီဝင်ပြောတော့မှ ဒေါ်မူမူဆွေ ဘာကြောင့် စကားစမှန်း သိလိုက်ရသည်။

ကိုးနာရီ ထိုးတော့မည်။ နာရီကိုငုံ့ကြည့်လိုက်ကာ…

"သူက ဘယ်သွားလို့လဲ"

ဒေါ်မူမူဆွေက အားနာသည့်မျက်နှာနှင့်…

"လူနာမေးမလို့သွားတာပဲ သားရယ်၊ သူငယ်ချင်းဆိုလား၊ ဆရာဆိုလားပဲ၊ သူကညစောင့်ပေးချင်နေတာ၊ အန်တီကတော့ မစောင့်ရဘူးလို့ ပြောလိုက်တယ်"

"သူက မနာခံတတ်တဲ့အကျင့်ရှိလား"

"မင်း ပြန်မမေးပါနဲ့၊ မိဘက ပူပင်သောကရောက်နေတာကို"

ဦးနေရိပ်က ပြောလိုက်ပြီး နေခလက်ထဲက ကုတ်အင်္ကျီနဲ့ အိတ်ကို ပြောင်းယူလိုက်၏။

"ဖုန်းမဆက်ဘဲနေပုံထောက်ရင် သူပြန်လာမှာမို့လို့ပေါ့၊ ကားတွေ ဘာတွေများ အခက်အခဲဖြစ်နေလားလို့၊ အဲဒါ





မင်း သွားကြိုပေးလိုက်ပါ"

"သူနဲ့ကျွန်တော်က စကားပြောလို့ သိပ်အဆင်ပြေတာ မဟုတ်ဘူး ဒယ်ဒီ"

"ပြေပြေ မပြေပြေ သမီးပြန်ပါလာဖို့ပဲ လိုတာ"

"သားရယ်… သမီးအပြောဆိုးတာကို အန်တီသိပါ တယ်၊ လွန်လွန်ကျူးကျူးပြောဆိုတာရှိရင် အန်တီ တောင်းပန်ပါ တယ်၊ နည်းနည်းတော့ သည်းခံပေးပါကွယ်"

အများကြီးကို သည်းခံနေရတာဟု စိတ်ထဲမှ ပြောမိသည်။

သူပြန်ထွက်လာတော့ ကိုးနာရီခွဲတော့မည် ဖြစ်၏။

ဒေါ်မူမူဆွေပြောလိုက်သည့် လိပ်စာက ဆိတ်ငြိမ် ရပ်ကွက်တစ်ခုဖြစ်ကာ လမ်းမပေါ်ကနေ ဖွဲ့ဆင်းလိုက်ရကတည်းက မှောင်နဲ့ မည်းမည်း။

ခြံတစ်ခြံရှေ့ မီးရောင်နီကျင်ကျင်လေးအောက်မှာ ရပ် ထားသည့် ကားတစ်စီးကို နေခ လှမ်းမြင်လိုက်၏။

ကားစက်ဖုံးကို ဖွင့်ထားသည်။

အနားမှာ ယောက်ျားတစ်ယောက်…

သူ့ဘေးမှ အမျိုးသမီးဟာ ပန်းပဲဖြစ်မည်မှန်း သူသိ လိုက်၏။

အနက်ပေါ်မှာ အဖြူစက်တွေပါသည့် ပါတိတ်ပိတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကို အထက်အောက်ဝတ်ထားသဖြင့် အဖြူရောင်တွေကို အဝေး ကနေ လှမ်းမြင်နေရသည်။

ကားမီးရောင်ထိုးလိုက်သဖြင့် ပန်းက ကားလာသည့် ဘက်ကို ထွက်လာ၏။

သူ အနားရောက်သွားတော့ အိမ်ကကားမှန်းသိသွား သည့် ပုံစံက ဝမ်းသာသွားပုံလည်းဖြစ်ကာ သူ့ကိုတွေ့၍ အနည်းငယ် တုံ့သွားလေသည်။

နေခ ကားပေါ်က ဆင်းလိုက်၏။

စက်ဖုံးဖွင့်၍ နှိုက်သလို၊ ချွတ်သလို လုပ်နေသောလူ က အရပ်ပုပု၊ အသားမည်းမည်း။

ဒီအချိန်ကြီးမှာ ဘယ်လိုမှ ဒီလိုနေရာမျိုးကို ကားတစ်စီး စီး ရောက်လာဖို့ ဖြစ်နိုင်ဖွယ်မရှိသောကြောင့် မျက်မှောင်ကုတ် ကုတ်နှင့် စူးစိုက်ကြည့်နေသည်။

ဘောင်းဘီရှည်အနက်၊ ရှပ်လက်ရှည်အဖြူနှင့် နက်ခ်တိုင်အနက်ကလည်း ထင်းနေသည်။

နေခတစ်ကိုယ်လုံးကို ဝေ့ခနဲကြည့်ပြီး ဒရိုင်ဘာဖြစ်ပုံ ရသူက မျက်နှာကို ချက်ချင်းပြုပြင်လျှော့ချ၍

"ညီလေး ဘယ်ကိုလာတာလဲ မသိဘူး၊ လမ်းကြုံတုန်း ကား ခဏကြည့်ပေးစမ်းပါကွာ၊ ဘာဖြစ်သွားမှန်းမသိလို့"

"ဟုတ်လား"





နေခက ကားကို တစ်ချက်မှဝေ့မကြည့်ဘဲ ထိုသူနှင့် နီးနီးလေးမှာ ရပ်လိုက်၏။

"ဘာမှမဖြစ်တဲ့ကားကို ပြင်ပေးတဲ့ မက္ကင်းနစ်မရှိဘူး၊ ခင်ဗျား ပြန်ဝင်ပြီး စက်နှိုးကြည့်လိုက်ပါ"

"ဟင်… ဘယ်လို… မင်း…"

ဒရိုင်ဘာက ပန်းကို မလုံမလဲ လှမ်းကြည့်ကာ မျက်စိ မျက်နှာ ပျက်နေ၏။

"ခင်ဗျား မနှိုးဘူးလား"

နေခက ကားတံခါးကို ဆွဲဖွင့်ပြီး သူ ဝင်ထိုင်လိုက် သည်။

သော့တန်းလန်းနှင့် ကားကို သူနှိုးလိုက်တော့ အား ကောင်းသော အင်ဂျင်သံက နာစေး ချောင်းဆိုးဖြစ်ဖွယ်တောင် မရှိ။

ဒရိုင်ဘာက စူးစူးဝါဝါးကြည့်နေသည့် ပန်းထံသို့ မျက်နှာပျက်ပျက်နှင့် လှမ်းကြည့်သည်။

"ရှင်… တော်တော်အကြံကြီးပါလားဟင်"

ပန်း၏ အံကြိတ်သံက အက်ရှတုန်ခါနေ၏။

"ကျုပ်"

"ခွပ်"

သူ ဘာမှမပြောနိုင်သေးမီ ကားပေါ်သို့ ပက်လက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ကျသွား၏။

ကိုယ်ကို မတ်မတ်မရပ်နိုင်မီ နေခက ရင်ဘတ်စကို စုယူ၍ ဆောင့်ဆွဲလိုက်လျှင် ဒရိုင်ဘာ ရှန်းရှန်းကန်ကန်နှင့် ပါလာ၏။

"ကျုပ်… ကျုပ်နှိုးတာ တကယ်မရ…"

"ကိုတ်စမ်း၊ ခင်ဗျားပါးစပ်ကို ပိတ်လိုက်"

ကားနှင့် နောက်ပြန်ကပ်လိုက်ပြီး လည်မျိုကို လက်ဖျံနဲ့ ဖိကပ်ထားလိုက်သဖြင့် ဒရိုင်ဘာ မျက်လုံးကြီး ပြူးသွား၏။

ဘာမှလည်း အသံမထွက်နိုင်တော့ဘဲ တအစ်အစ် ဖြစ်နေ၏။

"ခြံ (…၂၈)က ဒီက နှစ်ခြံကျော်ပဲရှိတာ၊ ညွှေသည် ပြန်ပို့ဖို့ ဒီလောက်စုတ်တဲ့ကားနဲ့ ဘယ်သူပို့ခိုင်းမှာလဲ"

ခြံနဲ့က နီးနီးလေးပဲ ရှိသေးသည်။

လမ်းမပေါ်မရောက်မီ လူသူကင်းရှင်းသည့်နေရာကို တမင်ရွေးရပ်ပြီး ကားပျက်သလိုလိုလုပ်ပစ်တာ ဒီတော့မှ သိလိုက်ရတာ ပန်း အထိတ်တလန့် ဖြစ်သွားမိ၏။

ကားရပ်လိုက်တော့ ကိုယ့်ဘက်က တံခါးကို ဖွင့်မရလို့ မောင်းသည့်ဘက်က ဆင်းဖို့လုပ်တုန်း…

"ဆရာမ မဆင်းနဲ့လေ၊ ခဏကြည့်လိုက်ရင် ပြီးပါ





တယ်"

မှုမမှန်သော ကားဆီးခြင်းက သူမဖွင့်ထားပြီးသည့် ကားတံခါးကိုတောင် လာပြန်ပိတ်ခဲ့သည်။

ဒါပေမယ့် တံခါးကိုကိုင်လိုက်တုန်း နေခ၏ ကားမီးရောင် ဝင်လာလို့ နေခ အံကြိတ်ထားရင်း ဒရိုင်ဘာ မျက်လုံးကြီး ကျွတ်ကျမတတ် ပြူးထွက်လာသည်အထိ လက်ကို လည်ပင်းပေါ်မှာ ဖိကပ်ပစ်၏။

"တောက်… စိတ်ရှိတိုင်းလုပ်ပစ်လိုက်ရရင် အသက်ဘယ်ကထွက်ရမှန်း မသိလိုက်ဘဲ ဖြစ်ဦးမယ်၊ ခင်ဗျား လူကောင်း သူတောင်းတွေထဲမှာ မနေနဲ့"

"ကျုပ်… အဟွတ်… အဟွတ်…"

လက်လွှတ်လိုက်တော့ ချောင်းတွေ တဟွတ်ဟွတ်ဆိုးရင်း ဒရိုင်ဘာ ကုန်းကွသွားလေသည်။

"တက်… တက်"

ပန်းကို တံခါးဆွဲဖွင့်ပေးကာ သူ့ ကားထဲကို ဆောင့်ခနဲ ဝင်ထိုင်သည်။ ထိုးနှက်ပစ်ခဲ့တာကိုပဲ ဒေါသအရှိန်မသေသေးသလို ကားက လမ်းမပေါ်သို့ ဝေါခနဲ ကွေ့တက်၏။

ညဉ့်နက်ပြီမို့ ကားရှင်းနေ၍သာ တော်သေးသည်။

ပန်းကလှည့်အကြည့်နှင့် သူက လှည့်လိုက်ခြင်း ဆုံမိသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီအချိန်ထိ ဘာလုပ်နေတာလဲ"

မေးပုံက ပိုင်စိုးပိုင်နင်းဆန်ပေမယ့် ပန်း စိတ်မဆိုးမိသေး။

"သူတို့က ပြန်နိုင်းပါတယ်၊ ဆရာ့ဆိုတော့ အခြေအနေက မကောင်းတာနဲ့"

"အဲဒါ မင်းရှိမှပြည့်စုံမှာလား၊ ဆရာဆိုတာ ဘာလဲ၊ သူနာပြုဆရာတော့ မရှိဘူး၊ ဒေါက်တာတစ်ယောက်ကို မင်းက..."

"ဒေါက်တာလည်း လူနာဖြစ်တာပဲ၊ သူတို့ကမှ ရပ်ကွက်ထဲက လူတွေထက်တောင် ခေါင်းမာသေးတယ်၊ ရောဂါသည်းနေတာကို ဘယ်သူမှမစောင့်ရဘူးလုပ်နေလို့၊ ကျွန်မ မေမေ့ကိုခွင့်တောင်းပြီး မနက်ဖြန် စောင့်ပေးမှာ"

"ဪ... မင်းကိုတော့ စောင့်တဲ့လား"

ပန်းမျက်ခုံးလေး ဆတ်ခနဲ ကျုံ့သွား၏။

ထိုစဉ် ကားက ဘာကိုဆောင့်နင်းလိုက်မိမှန်းမသိဘဲ ဒုန်းခနဲ ဆောင့်ခုန်သွား၏။

ပန်းကိုယ်လေး ပုံပျက်ပန်းပျက် ဆောင့်ခါသွားလေသည်။

"ညကြီးမင်းကြီး ကားကို ဘယ်ကိုမောင်းနေတာလဲ"

"ညကြီးမင်းကြီးတောင် ထွက်ရဲသေးတာပဲ၊ ကြောက်





မနေနဲ့၊ ဒီမှာ ခုထိ ရေမချိုးရ၊ ထမင်းမစားရ၊ မင်းကြောင့်လေ"

ပန်း ရုတ်တရက် ချေပဖို့ခက်သွားသည်။

"မင်းအမေရော၊ ဒယ်ဒီရော ဘယ်လိုတွေ စိတ်ကူးမိပြီး ဒီအလုပ်ကို လုပ်ခွင့်ပြုထားသလဲ မသိဘူး၊ ဘာမှ အဓိပ္ပါယ်မရှိဘူး"

ဝါသနာကို ထိပါးတော့ ပန်းသည်းမခံနိုင်။

"သူများဝါသနာနဲ့ လွတ်လပ်ခွင့်ကို ရှင် မပုတ်ခတ်ပါနဲ့"

"ပုတ်ခတ်ဖို့ကို စိတ်မဝင်စားဘူး၊ ကိုယ့်လမ်းကြောင်းနဲ့ ကိုယ်ဆို အေးဆေးပဲ၊ ရှေ့လျှောက် မင်း ဒီလိုဖြစ်တိုင်း ကိုယ်က ဝင်ပါရတော့မှာ"

ပန်းက ကားမောင်းနေသည့် နေခမျက်နှာကို မှန်ထဲက ကြည့်၍ နှုတ်ခမ်းမဲ့၏။

"ရှင် ခဏခဏဝင်ပါလာစရာမလိုအောင် ကျေးဇူးမတင်ချင်တဲ့ ကျွန်မရဲ့စိတ်ထဲမှာ ခုနကတည်းက နောင်အခါ ဒီလိုမဖြစ်ဖို့ ဆုံးဖြတ်ခဲ့ပြီးသား၊ ပူမနေနဲ့"

နေခ ဖျတ်ခနဲ လှမ်းကြည့်၏။

ကားက အနည်းငယ်မျှ အရှိန်မလျှော့ဘဲ ပြေးနေဆဲ။

"ဆုံးဖြတ်လိုက်တာနဲ့ မဖြစ်ချင်တာကို မဖြစ်ဘဲနေ၊



www.burmeseclassic.com

www.burmeseclassic.com



ရတတ်သလား၊ အခြေအနေဆိုတာ ဘယ်သူမှဖန်တီးယူလို့မရဘူး၊ ကိုယ်ကတော့ မင်းနဲ့ ဒီအလုပ်ကို ခွဲထုတ်ရမှာပဲ''

''အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ''

''မဆိုင်ဘူးလို့ ပြောစမ်းပါ၊ ဘာဖြစ်လို့မဆိုင်ရမှာလဲ၊ ကိုယ့်မှာ ပြောဆိုခွင့်အပြည့်ရှိတယ်''

ကားက အဆင်သင့်ဖွင့်ထားသည့် ခြံတံခါးရှေ့မှာ ခဏလေးပဲ ရပ်စောင့်ပြီး ဝေါခနဲ ထိုးဝင်သည်။

ကားမီးရောင်ဝင်လာကတည်းက တံခါးဝရောက်နေပြီဖြစ်သည့် ဒေါ်မူမူဆွေက လှေခါးထစ်အဆုံးထိ ဆင်းရပ်ပြီး စောင့်နေ၏။

''သမီးရယ်··· မေမေ သေချာမှာလိုက်သားနဲ့''

ပန်းကားပေါ်ကဆင်းတော့ ပန်းလက်ကလေးကို ဖြေးဆွဲ၍ ပြော၏။ ပြီးတော့ ဆင်းလာသည့် နေခမျက်နှာတင်းတင်းကိုလည်း လှမ်းကြည့်သည်။

နေခ အိမ်ပေါ်တောက်လျှောက်တက်သွားပြီး ဦးနေရှိန်နှင့် စကားလှည့်ပြောနေသည်။

လည်စည်းဖြုတ်ရင်း စကားပြောနေသည့်မျက်လုံးတို့က ပန်းဆီ ဝေ့ခနဲရောက်လာတော့ ကိုယ့်အကြောင်းပြောနေမှန်း သိလိုက်သည်။

ယောက်ျားတန်မယ့် အတိုင်အတောထူနေတာ။ ဒီလို





ဖြစ်ခဲ့တာ မေမေနဲ့အန်ကယ်ကို သူပြန်ပြောပြီး ခုနက စကားမျိုးတွေပြောလျှင် မေမေ ခေါင်းညိတ်ဖို့က များနေသည်။

ဒီရောက်လာကတည်းက···

''သမီးရယ်··· ဂုဏ်သိပ်ထည်ဝါလှတာလည်း မဟုတ်ဘူး၊ အရင်လို သမီး ငွေကြေးစုဆောင်းဖို့လည်း လိုတော့တာမှ မဟုတ်တာ၊ အစ်ကိုက သမီးကို ဒီအလုပ်လုပ်နိုင်းတာ သိပ်သဘောမကျဘူး၊ ဒါလုပ်နေမယ့်အစား ဘွဲ့တွေ တစ်ခုပြီး တစ်ခုယူပြီး မြင့်သထက်မြင့်အောင် ကြိုးစားစေချင်တယ်တဲ့''

''မေမေလည်း အဲဒီလိုပဲ ဖြစ်စေချင်တယ်၊ သမီးလေး ဘဝတိုးတက်မြင့်မားစေချင်လို့ပါ၊ ဟိုတုန်းက မရှုနိုင် မကယ်နိုင်မို့လို့ ကြည့်နေခဲ့ရတာ၊ အခုချိန်မှာတော့ ဂုဏ်ရှိန်တန်နေစေချင်ပြီ၊ မနုလေးမှာလို စပါယ်ရှယ်နေခွင့်ပေးတာတွေ မရှိနဲ့တော့နော်''

မေမေတော့ စကားဦးသိမ်းနေခဲ့ပြီးသား။

''ခုတောင်မှ အိမ်မှာ နေသားမကျတော့ဘူး အလုပ်ထဲမှာပဲ ကျွမ်းဝင်အောင် လေ့ကျင့်ယူထဲ့သဘောပါလို့ မေမေကို ပြောခဲ့ရတာ''

တဲ့။

ဒီလိုဖြစ်လာတော့သာ သိသွားလျှင်

✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၈ ⏪

နားထဲမှာ ခေါ်သံကြားနေပေမယ့် မျက်လုံးတွေကို ရုတ်တရက် ဖွင့်လို့မရဘဲဖြစ်ကာ မထူးဖြစ်ခဲ့။

"သမီး… ပန်းလေး"

အကြီးမြအသံ…

"ရှင်… ရှင်… အကြီးမြ၊ လာပြီ"

မီးအရှင်ဖွင့်လိုက်ပြီးမှ တံခါးသွားဖွင့်တော့…

"သမီးရဲ့မေမေ အဖျားတွေတက်နေသတဲ့၊ မောင်နေ နိုးနိုင်းလို့ အကြီးမြ လာနိုးတာ"

"ဟင်… ဟုတ်ကဲ့ အကြီးမြ၊ ပန်း လိုက်ခဲ့မယ်"

ထင်တော့ ထင်သားပဲ။

ခုရက်ပိုင်းမှာ အန်ကယ်သွားသမျှ မေမေပါနေရတာ။ မိုးလင်းက မိုးချုပ် အိမ်ကပ်ရတယ် သိပ်မရှိ။





အနီးသွားလိုက်၊ အဝေးသွားလိုက်။

ကုမ္ပဏီမှာ နေခကို ထိုင်ခိုင်းထားပြီး သွားလာဖို့ မှန်သမျှကို အန်ကယ်က သူပဲသွားလာ ဦးဆောင်နေသည်။

တကယ်ဆို ဒါ လူငယ်က လုပ်ရမှာ။ သူ့ပုံစံက မေမေနဲ့ လက်ထပ်ပြီးကာမှ ဆယ့်ခြောက်နှစ်သားလေးလို လွတ်လပ်ပျော်ရွှင်နေမှန်း သိသာနေသည်။

မေမေကလည်း ဝေးဝေးလံလံ ဟန်းနီးမွန်းထွက်ဖို့ကို ခေါင်းခါနေပေမယ့် အလုပ်ကိစ္စဆို အန်ကယ် ဘယ်သွားသွား လိုက်သည်။

တစ်ခါတလေ ညဥ့်နက်မှ ပြန်ရောက်ပြီး ရေချိုးဖို့ နွမ်းယဲ့ယဲ့လေး ထွက်လာတာ မြင်တော့…

"မေမေရယ်… နားပါဦးလား၊ နေ့တိုင်း၀ဲ သွားလာနေရတာ၊ မိုးလင်းက မိုးချုပ်၊ ခုမှပဲ ပန်း အလုပ်ကပြန်လာတိုင်း မြင်ရတဲ့မေမေ့မျက်နှာကို မြင်ခွင့်မရတော့ဘူး၊ သူဌေးကတော် ဆိုတာ ဒါလားဟင်၊ ပန်းက မေမေ ပင်ပန်းနေလို့ ပြောတာ"

ဟု ပြောမိလျှင်

"သူပျော်နေတာ သမီးရယ်၊ မေမေ့ကိုခေါ်ပြီး သွားလာနေရတာကိုပဲ သူက ကြည်နူးနေရှာတာ၊ သူ သားတစ်ယောက်ရခဲ့ပေမယ့် သားရဲ့မာမီနဲ့ ဘယ်ကိုမှတွဲမသွားခဲ့ဘူးတဲ့၊ မေမေ့ကို သူ့မိတ်ဆွေအသိုင်းအဝိုင်းတွေနဲ့ ရင်းနှီးစေချင်သို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက အားကိုးရသည့် အလုပ်လုပ်ဖြစ်စေချင်တာ

ချစ်တတ်ကြသည်း လွန်ပါသည်။

သွားနဲ့ အမေကြားမှာ မမမေက အိပ်ရတဲ့ လဲပြီ။

မနက်ဝင်သွားတော့ ညဝတ်အင်္ကျီလဲထားပြီးဖြစ်သည့် ဦးနေရိပ်က စပို့ရှပ်ပွပွနှင့် ပုဆိုးတွပ်စိပ်နဲ့ ဖြစ်သည်။

မေမေကတော့ အသားဖျော့ဖျော့ညဝတ်အင်္ကျီပွပွနှင့် မွေ့ယာထက်မှာ ခွေခွေလေး ထိုင်နေ၏။

“လာ… သမီးလာ”

မေမွှေးမှတိုင်၍ လက်ဖဝါးကို တွေးဆုပ်ထားသည့် သူ့လက်ကိုလွှတ်လိုက်ပြီး ဦးနေရိပ်က နေရာဖယ်ပေးသည်။

“အဲဒါ ဒယ်ဒီ့ကြောင့်ပါ၊ မနက်ကတည်းက သူ မျက်နှာမလှန်းဘူး၊ ဒယ်ဒီ့ခေါ်တော့လည်း မငြင်းရှာဘူး၊ ဟိုတယ်မှာ ညီသည့်တွေနဲ့ အကြာကြီးပြောဆိုဆွေးနွေးနေကြတော့ သက်သောင့်သက်သာနေလို့မရ၊ မစားချင်ဘဲ စားရ ဒယ်ဒီ့အပြစ်ပါ၊ နောက်ကို ဒယ်ဒီ ဒီလိုမလုပ်တော့ဘူး”

ဦးနေရိပ်မျက်နှာကြီးက ဖြူတော့မည့်မိုးလို ညှိမှောင်နေသည်။

မေမေ့တစ်ဖက်မှာသွားထိုင်ပြီး နဖူးပြင်လေးကို သပ်တင်ရင်း ငုံ့ကြည့်နေသည်။





ကိုယ်တွေပူနေတာကို စမ်းသပ်ပြီး ဆေး စိတ်ပူသွားမိ၏။ အဖျားက ဘာစ်ရာသုံးတောင် ရှိနေသည်။

အိမ်မှာ ဆေးဝါးအတောင်အစုံအလင်တော့တွေ့ရှိသည်မို့ အခေါ် မြန်ခိုင်းမနေမယ် ဘာယ်လိုမှမဆိုင်နိုင်တော့။

မိုးလင်းခါနီးမှ အဖျားကျသွားပေမယ့် အစာနည်းနည်းလေး ဝင်လိုက်တာနှင့် အဖျားတက်သည်။

အားထားသမျှ ဖြစ်ခဲ့၏။

ဆရာဝန်ပင့်တော့လည်း အဖျားရှည်နေလျှင် မှုကောင်း၍ ဆေးရုံတင်ဖို့ အကြံပေးသည်။

“အို… မေမေ ဘာမှမဖြစ်ပါဘူး၊ မွေ့ ဘာမှမဖြစ်ဘူး အစ်ကို၊ ဆေးရုံမတက်ပါရစေနဲ့”

မေမေက ဘာဖြစ်လို့ ဆေးရုံမတက်ချင်မှန်း မသိ။

ဆေးရုံကြောက်လို့ပဲ ဟန်ဆောင်နေသလား။ တကယ် သက်သာသွားတာလား မသိ။

သုံးရက်မြောက်တော့ အဖျားရပ်သွားသည်။

ဦးနေရိပ်ခမျာ အလုပ်တွေရှုပ်နေလွန်းသည့်ကြားက မသွားမဖြစ်တာတွေဆီလည်း ပြေးရ၊ ဇနီးကိုလည်း ကြည့်ရ၊ နေ့ခလည်း ဝင်လာကြည့်သေးသည်။

“ဒယ်ဒီ… အန့်တို့ကိုပဲ ဂရုစိုက်ပါ၊ အလုပ်ကိစ္စတွေ ကျွန်တော် နိုင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ဦးနေရိပ် သားအဖပေမယ့် ကျေးဇူး တင်နေသေးသည်။

ဒါပေမယ့် ဦးနေရိပ်လည်း ပင်ပန်းသလို၊ မနက် ဆေးရုံသွား၊ ပြန်လို့ရလျှင် ရသလိုပြန်လာပြီး မေမေ့ကိုကြည့် ကာ တစ်ညလုံး ထိုင်စောင့်ရသည့်ဒဏ်တွေ ပိလာတော့ ဖန်း လည်း ခွေခွေယိုင်ယိုင်လေး ဖြစ်လာ၏။

မေမွေ ကျန်းမာသွားသည့်အချိန်မှာ ဖန်း အလုပ်ပင် မဆင်းနိုင်တော့။

''မေမေ့ကို စိတ်မချသေးလို့ ခွင့်ယူထားတာပါ''

ဟု ညာပြော၍ အနားယူခဲ့ရ၏။

⁂

## အခန်း » ၁၉ «

''မင်းရရင် ဆင်းတော့၊ ငါ လမ်းသစ်ကို လိုက်ပို့ရ ဦးမှာ''

''ဒါဆို ဆင်းပြီ''

ဟန်ထည်က ကားပေါ်ကဆင်းပြီး တံခါးပိတ်ပေးရင်း ငုံ့ကြည့်၏။

''ဒီတောင့်ကို မင်း တခြားလျှောက်ခေါ်မနေနဲ့ဦး၊ သတို့သားလောင်းဆိုတော့ ပျောက်ရှသွားမှာစိုးလို့ သည်းနေကြ တာ''

လမ်းသစ် မျက်နှာရှုံ့မဲ့သွားသည်။

''မင်းပါးစပ်ကိုပိတ်ပြီး မြန်မြန်ကြွစမ်းပါ''

သစ္စာမှုန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမှာ… ဒီအဘက သက်ထဲအဆင်သင့်ထည့်ပေးတဲ့ ကောင်မလေးက ချောချောလေးဆိုတော့ မီးတောက်နေတဲ့ ရုပ်ကြီးနဲ့"

"ဟာ… ဒီချေးသူခိုး"

လမ်းသစ် ဆဲလိုက်တော့မှ ဟန်ထည် ရယ်မော၍ ထွက်ခွာသွား၏။

နေခ လမ်းသစ်မျက်နှာကိုကြည့်ပြီး ပြုံးလိုက်မိသည်။ ဒီကောင် နောက်နှစ်ရက်ဆို လူပျိုဘဝက်သိမ်းပြီ။

ဒါဟာ လမ်းသစ်အတွက် ဝမ်းသာစရာမဟုတ်မှန်း သူတို့သိလျက်နှင့် စနေကြခြင်း ဖြစ်သည်။

နောက်ထပ် အမွေကိစ္စတွေ ရှုပ်လာမှာစိုး၍ အသွား ဖြစ်သူက သိနေသဖြင့် လူကြီးချင်းစေ့စပ်ပြီး ချက်ချင်း ထိမ်းမြား ခဲ့တာသာ။

"လမ်းသစ်"

"ဟင်"

"မင်းတို့အိမ်ကြီးက ဒီလိုလုပ်တော့ရော ပြဿနာတွေ ရှင်းသွားမှာတဲ့လား၊ မိန်းမရှုပ် ပိုဆိုးကုန်ရင် အသယ်လိုလုပ်မလဲ၊ လွှတ်တဲ့ငါး ပိုကြီးပြီး မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုး"

လမ်းသစ်က အားရှေ့လမ်းကို ငေးကြည့်၍ မျက်မှောင်ကုတ်နေသည်။





"သဲနဲ့ပက်ပက်၊ လမ်းကြိတ်ကြိတ်နဲ့ပဲ တက်ကြိတ်ကြိတ်၊ မြစ်ချင်တာဖြစ်ကွာ၊ ကောင်မလေးမှာလည်း ချည်းစား ရှိတယ်၊ ငါကလည်း မကြိုက်ဘူး၊ အဲဒါကြောင့် နစ်ဟာနှင့် လွှတ်မြောက်ဖို့ကြိုးစား လို့ ငါပြောထားတယ်"

"မင်းကလည်း တစ်ရက်နှစ်ရက်ဆို လက်ထပ်ရတော့မှာကို"

"ဟုတ်တယ်၊ သူလည်း ထွက်ပေါက်မရှိတော့ဘူး ထင်တယ်၊ ငါလည်း မစောတ်နိုင်ဘူး"

စကားပြောနေရင်း ရှေ့ကို မော့ကြည့်နေသည့် လမ်းသစ်မျက်လုံးတွေ ကျဉ်းမြောင်းသွား၏။

"နေခ… ရှေ့မှာ အာကောင်တွေလဲ"

"တစ်စုံတစ်ရာ ဖြစ်နိုင်တယ်"

ကြည့်ရှုနေသည့် လမ်းသစ်က မျက်နှာပျက်နေသလောက် နေခက အပြုံးမပျက်ဘဲ လမ်းရှေ့မှာ ကန့်လန့် ပိတ်ရပ်ထားသည့် ကားဆီ အရှိန်မသတ်ဘဲ မောင်းဝင်၏။

ညမှိုနေခင်းအလှတွေထဲမှာ ဒီနေ့ရာရွေးလည်း ပါသည်။ ဒါဟာ အမြဲတမ်း အေးချမ်းရှင်းလင်းနေတတ်သော ကြာကန်ကလေးနှင့် တန်ပတ်လမ်းသည်ဖြစ်သောကြောင့်

"ဒိုဝေဒတ်"

"ချုံဝေဒင်းစား"



www.burmeseclassic.com

www.burmeseclassic.com



ကားချင်း ပြင်းထန်စွာ ဆောင့်တိုက်မိပြီဟု အားလုံး ဟာခနဲဖြစ်သွားချိန်မှာ ရှေ့ကားနှင့်အထိ၌ နေခကား တုံ့ခနဲ ထိုးရပ်သွားသည်။

အထိန်းအကွပ် တိကျပေမယ့် မြည်ဟီးသံမထွက်ခဲ့ သော်လည်း ကန့်လန့်ဖြတ်ထားသည့်ကား တစောင်းအတိုင်း အနည်းငယ် နေရာရွှေ့သွားကာ နေခ၏ကားက သိမ့်သိမ့်ခုန် သွား၏။

ကားဘေးမှ ပစောက်ပုံရပ်နေကြသည့် လေးယောက် စလုံး ဖရိုဖရဲ ဖြစ်ကုန်၏။

ဆဲဆိုတက်ခေါက်သံတွေ ထွက်ပေါ်လာကြ၏။

တစ်ယောက်က ကားနားကို လွှားခနဲ ပြေးလာကာ တံခါးကို ဆောင့်ဆွဲ၏။ တံခါးက မပွင့်။

"တောက်… ဟိတ်ကောင်၊ မင်း ဆင်းခဲ့စမ်း၊ ဘာလဲ လူမိုက်လား"

နောက်တစ်ယောက်က တစ်ဖက်က ပတ်သွား၏။

"လူမိုက်မို့လို့ မဆိုင်တဲ့ကိစ္စကို ဝင်ငြိချင်တာပေါ့ နှစ်ယောက်စလုံး ထည့်ပေးလိုက်မယ်"

"နေခစားဆိုတာ ဒီကောင်ပဲ"

ခပ်လှမ်းလှမ်းမှ ပြောသံဖြစ်ပြီး ကားဆီကို တစ်လှမ်း ချင်း လျှောက်လာသူက လေးယောက်ထဲမှာ ဆံပင်အရှည်ဆုံး





အသားဖြူသော်လည်း အနည်းငယ် ဝိန်သည်။

"နေခစား"

စတီယာရင်ကို လက်ဆန့်တင်ကာ ခပ်ရူးရူးကြည့်နေ သည့် နေခစားဘေးမှာ သူရပ်ပြီး ကားတံခါးကို ပုတ်လိုက်၏။

ပြီးတော့ လက်တစ်လုံးလောက်ချထားသည့် မှန်ထိပ် မှာ လက်ညှိုးထည့်၍ မကြည်သလို ကြည့်၏။

"မင်းနဲ့မဆိုင်ဘူး နေခစား၊ ဒါ အပြင်းစားရှင်းလင်း ပွဲ၊ ပါးစပ်နဲ့မဟုတ်ဘူး၊ လက်နဲ့မပြီးရင် လက်နက်တွေပါမယ်၊ မင်း ရှောင်သွားလို့ရတယ်"

"မရှောင်နိုင်းနဲ့ တိုးနီ၊ ဒီကောင် ငါတို့ကို စထားပြီး ပြီ၊ ဟိတ်ကောင်… မင်း မဆင်းရဲဘူးလား"

တိုးနီဆိုတော့ လမ်းသစ် လူပ်လူပ်ရှားရှား ဖြစ်သွား ၏။ ဒါ သူနဲ့ယှက်ထပ်မည့် မိန်းကလေးရဲ့ချစ်သူ။

ရှုကိုမသိပေမယ့် သူနဲ့ နှစ်ယောက်ချင်း ဆွေးနွေးဖြစ် ကြတုန်းက ဒီနာမည်ကို ပြောထားခဲ့၍ သိနေသည်။

သို့သော် သူ ဘာမှပြောဆိုဖို့ အချိန်မရလိုက်ဘဲ…

"ဒုန်း"

"အ"

နေခစားက တံခါးကို ဆောင့်ဖွင့်လိုက်သဖြင့် တိုးနီ နောက်ဆုတ်လိုက်ပေမယ့် မလွတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တစ်ခုထိ လွင့်ထွက်သွားသည်။

“နေခ… မလုပ်နဲ့၊ အဲဒါ ငါ့ရှင်းမယ်”

အိမ်းသစ်နဲ့ပတ်သက်မှန်း သူ သိသွားပါ။

အမြဲကြောင့်မဲဖြစ်ဖြစ်၊ အချစ်ကြောင့် ပဲဖြစ်ဖြစ် ရှင်းလင်းကြဖို့မှာ ပါးစပ်ချင်းရှင်းမှာ မဟုတ်။

အခန့်မသင့်လျှင် လက်နက်သုံးမည်ဟု ကြေညာပြီးပြီ။ လမ်းသစ်ကို ဘယ်လိုလုပ် ထုတ်ပေးရမလဲ။

သုံးယောက်နဲ့တစ်ယောက် ရှုပ်ယှက်ခတ်သွားသည်။ တိုးနီကတော့ ပွဲဦးထွက်မှာ ညိုသတ္တုသည်းကိုထိသွားသဖြင့် တော်တော်နှင့် မထနိုင်တော့။

ဒါပေမယ့် ကျန်သည့်သုံးယောက်ကလည်း မခေကြသဖြင့် ချက်ချင်း ပွဲသိမ်းပစ်လို့မရ။

လမ်းသစ်မှာ ကိုယ်ခံပညာ ဘာမှမတတ်သဖြင့် ဘေးမှာရပ်ကြည့်ရင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော်လည်း မကူညီနိုင်။

ထိုစဉ် တိုးနီ ကုန်းထလာသည်။

လက်ထဲမှာ လက်ခနဲ…

“နေ… နေခ… ဟိုကောင့်ဆီမှာ ဓား”

သူ နေခကို သတိပေးလိုက်တာ ဖြစ်သည်။

ဒါပေမယ့် တိုးနီက နေခဆီကိုမဟုတ်ဘဲ သူ့တို





ပြေးထိုးလာသဖြင့် လမ်းသစ် “ဟာခနဲ” ဖြစ်သွား၏။

နောက်ကို ကမန်းကတန်းဆုတ်လိုက်ပေမယ့် ကျော နောက်မှာ ကားကား။

“ဟိတ်”

နေခ ရှေ့ကကောင်၏ မေးဖျားကို ဖိုဗိုထိမိမိ ကန်ပစ်လိုက်ပြီး နောက်တစ် ခုန်ဆုတ်၏။

ထို့နောက် တိုးနီ၏ ဓားကိုင်လက်ကိုပါ တစ်ဆက်တည်း ပတ်ကန်ပစ်လိုက်၏။

လမ်းသစ်ဆီမရောက်ဖို့ နေခင့်ယှက်လိုက်ရုံမဲဖြစ်သွား ကာ အနည်းငယ် အလှမ်းကွာနေသဖြင့် ထိထိမိမိ မဖြစ်။

တိုးနီ လက်ကောက်ဝတ်တစ်ခုလုံး ထူပူသွားကာ ဓားကို လွှတ်ချမိတော့မတတ် ဖြစ်သွား၏။

ဒေါသတ ရှူးခနဲပါးမှုတ်းထောင်သွားသည့် မြွေဟောက် လို အရင်လှိမ့်လို့ ဆုံးသံတစ်ချက်ထွက်လာပြီး ဓားကိုင်လက်ကို မိုက်မိုက်ကန်းကန်း ပြတ်ခွဲပစ်လိုက်၏။

နွတ်တရုတ် အနာခံပြီးသတ်ဖို့ကြိုးစားလာသည့် ဓား ချက်ကို နေခ သေလုနီးပါး ရှောင်လိုက်ရ၏။

မလွဲမသွေတစ်ချက် လွတ်သွားသည်။

နောက်တစ်ချက် ထပ်ရောက်လာတော့ နောက်နဲ့ ဘေး နှစ်ဖက်မှာ ဝိုင်းတက်လာသည့် တိုက်ချက် ကန်ချက်များ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှေ့ကဓားနှင့် ပိတ်မိသွား၏။

"နေ… ခ…"

လမ်းသစ်၏ ဝမ်းခေါင်းသံကြီးတစ်ချက်ကို ကြားလိုက်ရပြီး ဘယ်ဘက်ရင်အုံမှာ ပူခနဲ ဖြစ်သွား၏။

ထိသွားပြီကို သိလိုက်သည်နှင့် အသားနာတော့ သေခြင်းတရားကို ဂရုမစိုက်ချင်သလို ဖြစ်သွား၏။

ရှေ့တစ်လှမ်းခုန်ဝင်ကာ ဓားကိုင်လက်ကို အားရှိပါးရှိ လွှင့်ကန်ပစ်လိုက်သည်။

တိုးနီကလည်း ရှောင်ထွက်၏။

လက်ကိုမထိဘဲ ကျောကုန်းကြီးကို ကျကျနန ထိမိသွားသည်။ အောင့်တက်မူးမိုက်သွားခြင်းနှင့်အတူ ရှေ့ကို စိုက်ကျသွားတာ ဘယ်လိုမှမထိန်းနိုင်တော့ဘဲ…

"အား"

အော်သံနက်ကြီးကြောင့် လှုပ်ရှားမှုတွေအားလုံး ရပ်တန့် ကုန်ကြ၏။ လဲကျသည့်အရှိန်ကြောင့် ဤဖျာနာရှာကျင်ကျင် အော်လိုက်တာမဟုတ်မှန်း သူတို့ တွေးလိုက်မိကြ၏။

စောစောက သတ်ဖို့ ဖြတ်ဖို့ ကြိမ်းဝါးပြောဆိုခဲ့ကြသည့် သုံးယောက် မျက်လုံးကြီးတွေပြူးကာ ဆောင်မတ်သွားကြသည်။

သစ္စာမွန်စာပေ



ရင်အုံမှာ ဒဏ်ရာရထားသည့် နေခ ဒဏ်ရာကို လက်နှင့်ဖိရင်း တဖြည်းဖြည်း ညွတ်ကျသွားလေသည်။

လက်ဖဝါးနှင့်အုပ်ထားသည့်ကြားမှ စိမ့်ထွက်စီးကျလာသော သွေးတို့က မြင်မကောင်း။

မှောက်ခုံကြီး ငြိမ်သက်သွားသည့် တိုးနီကို ဘယ်သူမှ သွားမထူရဲကြပေမယ့် လမ်းသစ် နေခဆီ ပြေးသွားမိသည်။

"နေခ… နေခ၊ သူငယ်ချင်း"

နေခကို ပွေ့ထူလိုက်ရင်း မျက်ရည်စက်ကြီးတွေ လိမ့်ကျလာကြ၏။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com



[illegible]

## အခန်း (၂၀)

[illegible]

"ကံကောင်းတာက ဒဏ်ရာနက်ပေမယ့် သွေးကြောသေကြောကို မထိဘူး၊ အသက်အန္တရာယ်မရှိတော့ပါဘူး၊ ဒါပေမယ့် သွေးထွက်လွန်ထားတော့ ဒဏ်ရာအရှိန်နဲ့ တော်တော်ခံရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ပါ၊ ဝမ်းသာလိုက်တာ ကျေးဇူးတင်လိုက်တာရှင်"

ဒေါ်မူမူဆွေ ကတုန်ကယင်လေးပြောတော့ ဦးနေရိပ်က ပခုံးလေးကို ဖွဖွဖက်ထားလိုက်ပြီး

"မင်းလည်း သိပ်ကျန်းမာသေးတာမဟုတ်ဘူး၊ ကဲ... ပူမနေနဲ့တော့"

သူတို့ကိုကြည့်၍ပြုံးရင်း ဆရာဝန်ကြီးက ထွက်ခွာသွားသည်။





ဒေါ်မူမူဆွေက ဦးနေရိပ်ကို မော့ကြည့်၍ စိုနေသည့် မျက်ရည်တို့ကို မျက်တောင်များနှင့် ပုတ်ခတ်ဖယ်၏။

"သား ခုလို သွေးသံရဲရဲနဲ့ သူများလုပ်ကြံခံလာရတာ ဆွေ့ရင်သွေးလေးဖြစ်လာသလိုပါပဲ အစ်ကို၊ ဆွေ ရင်တွေ တုန်လိုက်တာ"

ဦးနေရိပ်က ပြုံးလိုက်ပြီး

"ကိုယ် ယုံပါတယ်၊ ဆွေ ပြန်နားတော့နော်၊ ဆုံးသွားတဲ့ ကောင်လေးရဲ့မိဘများဆီကို ကိုယ် လိုက်သွားလိုက်ဦးမယ်"

"ဆွေလည်းလိုက်မယ် အစ်ကို၊ ပြောတဲ့ဆိုတဲ့နေရာမှာကျတော့ မိန်းကလေးက ပိုအဆင်ပြေတယ်၊ ညကျမှပဲ နားတော့မယ်"

ဒေါ်မူမူဆွေက ဘယ်လိုမှမနေခဲ့ဘဲ ဖွတ်လိုက်ခဲ့သည်။

တိုးနီဆိုသည့် ကောင်လေးက မိဘတွေမရှိတော့ဘဲ ဦးလေးနှင့် နေသူဖြစ်သည်။

ဦးလေးဆုံးသွားပြီမို့ ဦးလေး၏ဇနီးမိသားစုနဲ့ပဲ နေရသဖြင့် ကျန်သည့်လူအားလုံးက သွေးမတော် သားမစပ်သော တိုးနီသေဆုံးရသည့်ကိစ္စကို မကျေနပ်မည့်သူ ဘယ်သူမှမရှိ။

"သိပ်ဒုက္ခပေးတဲ့ကောင်လေး၊ ဖိုးသမား၊ ကဲ... ကား

www.burmeseclassic.com



သမား၊ သူ့ဒွေးသမီးကို အရှုံးချချင်တာနဲ့ ဟိုမှာပေးစားမယ့် သတို့သားလောင်းကို သတ်ဖို့ကြိုးစားတာ"

ဆေးရုံက လူအများရှေ့မှာပဲ ဒီအတိုင်း လာပြောသွားသည်။

"ဘာလို့တရားစွဲရမှာလဲ၊ ကိုယ့်လက်နက်နဲ့ကိုယ်ဖြစ်တာ၊ ဟိုကောင်လေးကသာ တရားပြန်စွဲရင် ခံရဦးမယ်၊ သူက သွားသတ်တဲ့ကိစ္စ"

အမှုက ရှင်းနေသည်။

ပါဝင်ခဲ့ကြသည့် လူရွယ်သုံးယောက်ကလည်း အမှန်အတိုင်းပဲ အစစ်ခံကြ၏။ တိုးနီ သေဆုံးမှုမှာ သူ့လက်နက်နဲ့သူ မီးတော်တဆသာ ဖြစ်သည်။

သို့သော် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အမှုဟာ အမှုပဲ ဖြစ်၏။

ထိုပြဿနာကို ဖြေရှင်းဖို့အတွက် လုံးပမ်းရင်း ဦးနေရိုမှားရပါ၏။ တကယ်တော့ လမ်းသစ်၏မင်္ဂလာကိစ္စမဖြစ်မြောက်ရေးအတွက် သက်ဆိုင်သူတစ်စု၏ ကြံစည်မှုမှာ တိုးနီက လက်ကိုင်တုတ် ဖြစ်ခဲ့ခြင်းပင်။

မင်္ဂလာကိစ္စ ပျက်လျှင်ပျက်၊ မပျက်လျှင် လမ်းသစ်ကို သတ်ပစ်ခဲ့ဖို့ထိ တိုးနီ၏ မိုက်ရူးရဲစိတ်ကို မဟုတ်မဟတ်တွေ လုပ်ကြံရန် တွန်းအားပေးခဲ့ကြတာ ဖြစ်၏။

သစ္စာမွန်စာပေ



ခုတော့ ကြံစည်သလိုမဖြစ်ဘဲ မဆိုင်သူတွေပဲသေကြ၊ ဒဏ်ရာတွေရကြ။

လမ်းသစ်ကတော့ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်သွားပြီ ဖြစ်၏။

သို့သော် သတို့သား လမ်းသစ်ကို မင်္ဂလာချိန်နီးမှ ဆေးရုံမှာ လာခေါ်ကြရသည်။

မင်္ဂလာပွဲပြီးတော့လည်း ရောက်လာပြီး ထိုင်စောင့်နေသည်။ ကိုယ့်မင်္ဂလာပွဲကို စိတ်မဝင်စားသော လမ်းသစ်၏ စိတ်ဇောနာအားလုံးဟာ လောလောဆယ် နေခအပေါ် ပူပင်သောကများနေခြင်းမှလွဲ၍ ဘာမှမရှိ။

သူ၏အုပ်ထိန်းသူများက နေခ၏မိဘများကိုလည်း အားနာသည်။ လမ်းသစ်၏ အသက်အန္တရာယ်လုံခြုံရေးကိုလည်း စိတ်မအေးရသေးသဖြင့် ခရမကဘဲ ပြန်စောင့်ခေါ်၏။

"သားရယ် ဒီမှာလည်း အသက်အန္တရာယ်မရှိတော့ဘူး၊ ဆရာဝန်ကြီးတွေ၊ ဧပါယ်ရှယ်နာ့စ်တွေလည်း ဝိုင်းနေတာပဲ၊ မင်္ဂလာဦးညမှာ သတို့သမီးကို ပစ်ထားသလိုဖြစ်ရင် ကောင်းပါဘူး"

ဒေါ်မူမူဆွေကိုယ်တိုင် လမ်းသစ်၏အုပ်ထိန်းသူများ ပြောရခက်သည့်စကားတို့ကို ကူညီပြောပေးမှ လမ်းသစ် ပြန်သွားသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုညကတည်းက နေခ သတိကောင်းကောင်း ရနေ
ပြီ။

နှစ်ရက်လုံးလုံး သတိရလာပေမယ့် စကားမပြောနိုင်
ဘွှပ်ရှားနိုင်ဘဲ သုံးရက်မြောက်မနက်ကျမှ ပြုံးနိုင် ရယ်နိုင်
လာ၏။

ဒါပေမယ့် မပြုံးရယ်ဖြစ်တော့ဘဲ နေခ ရှုံ့မဲ့နေတော့
သည်။

"လူတွေ ဘာဖြစ်လို့လာနေတာလဲ ဒယ်ဒီ၊ ကျွန်တော်
အေးအေးဆေးဆေးပဲ နေချင်တယ်"

လူနာမေးလာကြသည့် ရှုပ်ထွေးမှုတွေကို နေခ မနှ
မြို့နိုင်။

"ပြဿနာဖြစ်သွားတာက ဖုံးဖိထားလို့ရတာမှ မဟုတ်
တာကွ၊ ဒီဘက်မှာ ပြဿနာမရှိပေမယ့် ဟိုဘက်မှာ လူ
တယ်၊ အိမ်တွင်းရေးတွေ ရှုပ်ထွေးနေကြတယ်၊ မင်းကိုလည်
ဒယ်ဒီမပြောချင်ပေမယ့် ပြောရဦးမယ်၊ သူငယ်ချင်းကို ခင်တ
က ခင်တာပေါ့ကွ၊ ကိုယ့်အသက်ကိုပေးဖို့ထိ သူ့ရဲ့ကောင်းမ
ချင်ပါနဲ့၊ သားသမီးကို မိခင်က အသက်စွန့်မွေးခဲ့တယ်၊ ဖခ
က ဘဝကိုပုံပြီး ပေးဆပ်ရတယ်၊ မင်းတို့ကျတော့ မိဘကပေ
တဲ့ ဒီကိုယ်ခန္ဓာကို မပျက်စီးအောင် မထိန်းသိမ်းဘဲ တစ်ပါးသူ
အတွက် အလွယ်တကူ ပေးပစ်လိုက်ရောလား"

သစ္စာမွန်စာပေ



နေခ မျက်နှာတည်သွားပြီး မျက်ဝန်းတွေ တခြားကို
ပြပစ်၏။

အနားမှာ ဒေါ်မှုမှုဆွေလည်း ရှိနေတာမို့...

"သားရဲ့ဒယ်ဒီက အရမ်းစိတ်ပူနေလို့ ပြောတာပါ
ယ်၊ ထိထားတဲ့နေရာက တကယ်သေနိုင်တဲ့နေရာ၊ အခု
ကြီးလွန်းလို့ အသက်ဘေးကလွတ်မြောက်ခဲ့ရတာ၊ ဒဏ်ရာ
ာ နည်းနည်းထပ်ပြီး တိမ်းစောင်းသွားခဲ့ရင် သားကို အခုတိ
ို့ ခုလိုလေး မြင်နေခွင့်ရမှာ မဟုတ်တော့ဘူး၊ ကိုယ်ပိုင်
ုံးဖြတ်ခွင့်ရှိနေတဲ့ အရွယ်ဆိုတာ မှန်ပါတယ် သားရယ်၊
ါပေမယ့်လေ ဆုံးဖြတ်မလွယ်ရဘူး၊ ဘာပဲလုပ်လုပ် မိဘကို
တိရတာဟာ သိပ်ကိုမှန်မြတ်ပါတယ်ကွယ်၊ သားရဲ့ဒယ်ဒီက
ဒါကို ပြောချင်တာ၊ တကယ်လို့များ ဒီနေရာမှာ သား တစ်ခုခု
ဖြစ်သွားခဲ့ရင် လမ်းသစ်ရဲ့မိဘများကတော့ သားကိုပိုက်ပြီး
က်မကောင်းဖြစ်ရုံပဲ၊ သားရဲ့ဒယ်ဒီက သားတစ်ယောက်ဆုံးရှုံး
တော့မှာ၊ အဲဒါ သားရဲ့ဆုံးဖြတ်ချက်၊ သားရဲ့ပေးဆပ်မှု မှန်ကန်
လား၊ သား စဉ်းစားကြည့်စမ်း"

ဒေါ်မှုမှုဆွေဟာ အသံအားဖြင့်လည်း ဆွဲဆောင်မှု
သည်။ တမင်ချွဲချွဲပတ်ပတ်ပြောတာမျိုးမဟုတ်ဘဲ နူးညံ့နေ
၏။

စကားအနှုတ်အသိမ်းညင်သာပြီး တစ်ဖက်သား စူးစိုက်

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နားဝင်မှုရှိ မရှိ မျက်ဝန်းထဲမှာ ရှာဖွေရင်း လိုအပ်သလို ဆွဲ ဆောင်သွားနိုင်သည်။

နေခမျက်ဝန်းတွေ ဒေါ်မူမူဆွေထံ ပြန်ရောက်လာ၏။

"ကျွန်တော်နားလည်ပါတယ် [illegible]

ဒေါ်မူမူဆွေ ကြည်နူးစွာ ပြုံး၏။

ဦးနေရိပ် ပင့်သက် ကြိတ်ရှိုက်သည်။

ကိုယ်ဘာပြောပြော ပြန်မပြောနားမထောင်နေခဲ့သူက ဆွေနဲ့စကားပြောတိုင်း ခေါင်းညိတ်သွားတတ်၏။

ဆေးရုံမှာ မနေချင်တော့တာတောင် ဆွေ့ကိုပဲပြောပြီ ဆွေကလည်း ဆရာဝန်ကြီးတွေနဲ့ မေးမြန်းဆွေးနွေးပြီး အိမ်ကို ခေါ်ချသွားခဲ့သည်။

ထိုအချိန်မှာ သူ့ အမှုကိစ္စနှင့် ပြေးလွှားနေရဆဲ…။

ㅈ ㅈ ㅈ

အခန်း » ၂၁ «

"စပါယ်ရှယ်နှာစ်ခေါ်တာ ယောက်ျားခေါ်လို့ရမလား ဗျ"

ဒီရက်ပိုင်းမှာ အလုပ်ကရှုပ်၊ မနားရလို့ ပင်ပန်းတော့ စိတ်က မကြည်။

ဒေါ်ရာစိတ်မချရသေးလို့ စပါယ်ရှယ်နာ့စ်ခေါ်မယ် ဆိုတာကို "ယောက်ျားဆိုရင် ခေါ်"တဲ့။

ဦးနေရိပ် ဒေါသထွက်တာကို နေခကလည်း မှုန်ကုတ် ကုတ် ပြန်ကြည့်၏။

"နေကောင်းလို့ ဆေးရုံကဆင်းလာတာကို ဘာလုပ်ဖို့ လဲ ဒယ်ဒီ၊ အခန်းထဲမှာ ယောက်ျားနဲ့မိန်းမ၊ သူလည်း အနေ ခက်၊ ကိုယ်လည်း အနေခက်"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှခက်ဖို့မလိုဘူး၊ ယောက်ျားနဲ့မိန်းမလို့လည်း သဘောထားရမှာ မဟုတ်ဘူး၊ ဆရာနဲ့ လူနာ၊ ဒီလိုသာ နေရာ တကာ ရှက်ကြောက်ဆင်ခြင်နေရရင် မင်းအမေ မင်းကို ဘယ်လိုမွေးမလဲ"

ဦးနေရိပ် ဒိုးဒိုးဒေါက်ဒေါက် ပြောပစ်လိုက်သဖြင့် နေခ မျက်နှာရဲခနဲ ဖြစ်သွား၏။

"ဆေးရုံမှာ မင်း လူမှန်းသူမှန်းမသိ ဖြစ်နေတုန်းက လည်း သမီးပန်းပဲ မင်းအနားမှာ ရှိနေခဲ့တာ၊ သူ့ခမျာ အမေကို ပြုစုခဲ့ရလို့ နလံမထသေးဘူး၊ မင်းကြောင့် တစ်ခါ ထလိုက်နေ ရကာယ်၊ ဟိုမှာ ပန်းဖူးတောင် ဖူးနေပြီလား မသိဘူး၊ မနေ့ည ကတည်းက အပြင်ထွက်တာတောင် မတွေ့ဘူး"

"ဆေးရုံမှာ ကျွန်တော်လည်း ဘာမှန်းမှမသိအောင်ဖြစ် နေခဲ့တာ၊ ဆရာဝန်၊ ဆရာမတွေ ဆေးရုံမှာရှိနေကြတာလည်း ဆန်းတာမှမဟုတ်တာ၊ အခု အိမ်မှာ"

"ဘာပဲဖြစ်ဖြစ် မင်းဒဏ်ရာက အစိမ်းသက်သက်ကြီး ရှိသေးတာ၊ ည ည ကိုယ်ပူတွေတက်နေတာလည်း စိတ်မချရ သေးဘူးတဲ့"

ဒါ ပန်းပြောထားတာပဲ ဖြစ်လိမ့်မည်။

နေခက အိပ်ရာထဲမှာ ခေါင်းအုံးနှစ်ထပ်ဆင့်ထောင်ပြီး ခပ်လျော့လျော့မှီနေရင်း ဦးနေရိပ်မသိအောင် နှုတ်ခမ်းကို ခပ်ရှုံ့





မဲ့သည်။

သူနာပြုဖို့လို့၊ ဆရာဝန်သာဆို မလွယ်။

"ရောဂါနဲ့လူရဲ့ ထုံးစံကလည်း နေ့ဆိုကောင်းနေတတ် ပြီး ညကျမှ ဖောက်ပြန်တာမျိုး၊ စပါယ်ရှယ်နာ့စ် မခေါ်လို့ကို မရဘူး"

ဦးနေရိပ်က ဒါပဲ ထပ်ပြော၏။

နေခကလည်း လက်မခံနိုင်။

"နေ့ဘက်မှာပဲထားပေါ့ ဒယ်ဒီ၊ ညဘက်…"

"ဟော့… တော်"

ဦးနေရိပ် ကုလားထိုင်ကနေ ထရပ်လိုက်၏။

"မင်းက ညကိုပဲ လက်မခံနိုင်ဖြစ်နေတာ ဘာလဲ၊ မိန်းကလေးတစ်ယောက်နဲ့ မနေရဲဘူးလား၊ မင်းကိုယ်မင်း စိတ် မချနိုင်တာလား၊ ယောက်ျားပဲကွ၊ ကြားတာ မြင်တာနဲ့ ဖောက် ပြန်လွယ်တာ မကောင်းဘူး"

"လုပ်ပြီ ဒယ်ဒီရာ…"

နေခ စိတ်ပျက်စွာ ကျွတ်ခနဲ စုတ်သပ်လိုက်ပြီးမှ ခေါင်းထဲမှာ မူးသွားပြီး မျက်နှာကို မှောလှန်နေလိုက်ရ၏။

သူ မျက်လုံးတွေကို မှေးနေလိုက်စဉ်…

"ဟုတ်ပါတယ် အစ်ကို၊ သားပြောတာကို ဆွေနား လည်တယ်၊ အစ်ကိုပြောသလောက်ကြီး မရှုပ်ထွေးဘဲ ရိုးရှင်း



www.burmeseclassic.com

www.burmeseclassic.com



လေး တွေးလိုက်ပါ။ ညမှုညတော ယောကျ်ားလေးနဲ့မိန်းကလေး စိတ်ထည့်အချစ်တာပေါ့"

"ဟိုက ဆရာမပဲ ဆွေ"

"မိန်းကလေးကို သူလက်မခံချင်တာ၊ အစ်ကို့အစ်အစဉ်ကို ဖျက်လိုက်ပါတော့၊ သမီးလည်း ရှိနေတာပဲ"

"သမီးက သူနဲ့အဆင်ပြေတာမဟုတ်ဘူး ဆွေ၊ ဆေးရုံပေါ်မှာတုန်းက သူ သတိကောင်းကောင်းမရလို့၊ အခု ပွင့်ရေတဲ့ ဒီပါးစပ်က သမီးနဲ့ရန်ဖြစ်နိုင်နေပြီ"

ဦးနေရိပ်စကားကြောင့် မျက်လုံးတွေမှိတ်ထားရင်း ပြုံးလိုက်မိ၏။ ရန်ဖြစ်မှချစ်ကြတာ ဒယ်ဒီမသိလို့ပါ။

"သားက အခြေအနေကောင်းနေပါပြီ၊ တစ်အိမ်တည်း နေကြတာပဲဟာ၊ လိုအပ်တဲ့အခါ ဝင်ကြည့်ပေးရုံပဲ"

ဒေါ်မူမူဆွေပြောမှ မေးဖို့သတိရကာ…

"သမီး နေကောင်းရဲ့လား ဆွေ၊ အပြင်သိပ်မထွက်ဘဲ အခန်းအောင်းနေလို့"

"ထွက်ပါတယ်၊ အစ်ကိုက အလုပ်များနေလို့ မတွေ့တာပါ၊ မပူပါနဲ့ အစ်ကို၊ သမီးကို ဆွေ ပြောထားပြီးပါပြီ"

"မလိုပါဘူး" လို့မျှား [illegible] ငင်းဦးမှာလား။

ဦးနေရိပ်က နေခမျက်နှာကို လှမ်းကြည့်၏။

ကြည့်စမ်း…

သစ္စာမွန်စာပေ



မျက်လုံးမှိတ်ထားပြီး နှုတ်ခမ်းတွေက ပြုံးနေသလား မသိ။

ᨊ ᨊ ᨊ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂ ။

"ဟိတ်… ဘာလုပ်တာလဲ"

"တံခါးပိတ်တာလေ၊ မမြင်ဘူးလား"

"မြင်လို့ပြောနေတာ၊ မပိတ်နဲ့"

တံခါးကိုကိုင်ပြီးမှ ပန်း ဖျတ်ခနဲ ပြန်လှည့်ကြည့်သည်။

"ရှင် ဒီတံခါး နေကုန်နေခမ်းဖွင့်၊ ညကျ အဖျားတွေတက်၊ ရှင်ကတော့ အဖျားမပြတ်လေ ကြိုက်လေဖြစ်မှာပေါ့၊ အိပ်ရာပေါ်မှာ ဇိမ်ကျနေတာကိုး၊ ရှိသမျှလူတွေ ဘယ်လောက်ဒုက္ခများနေကြသလဲ သိလား"





"ဘယ်သူက ဇိမ်ကျတာလဲ"

နေခက ခါးမတ်မတ်ထိုင်နိုင်ပြီမို့ ခေါင်းအုံးဆင့်၍ လှဲနေရင်းမှ ငုတ်တုတ်ထိုင်လိုက်၏။

"ဝေဒနာခံစားနေရတာကို ဇိမ်ကျနေတယ်ပြောရအောင် မင်း အဲဒီလို ညာတာပါတော့နဲ့ မာယာများခဲ့ဖူးလို့လား"

ပန်းက တံခါးမပိတ်တော့ဘဲ ကိုယ်လုံးပါလှည့်လာပြီး ခါးတစ်ဖက်ထောက်၏။

လေအလွှင့်မှာ ပါးတစ်ဖက်သို့ ပြေးကပ်လာသည့် ပြတင်းတံခါးမှ ခန်းဆီးစလေးကို ခပ်ကြမ်းကြမ်း ဖယ်ပစ်လိုက်ပြီး

"ပန်းတို့က တစ်သက်လုံး မူယာမာယာ မသုံးခဲ့ဖူးဘူး၊ သုံးရင်တောင်မှ မိန်းမနဲ့မာယာဟာ အမှန်တရားပဲ၊ ယောကျ်ားမာယာများတာကသာ ရှုံ့ဖို့ကောင်းတာ"

"မင်း"

နေခ မျက်နှာရဲတွတ်လျက် ချက်ချင်း ခုတင်ပေါ်က ဆင်းပစ်တော့မလို ဖြစ်သွား၏။

ပန်းက သေချာကြည့်နေကာ…

"စဉ်းစားကြည့်လေ၊ ဘယ်သူမှ ရောဂါမခံချင်ကြဘူး၊ ခံစားလာရရင် ပျောက်ကင်းဖို့ကြိုးစားကြတာပဲ၊ ရှင့်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



သက်သာဖို့နည်းလမ်းဆို ဘာမှတိုက်တွန်းလို့မရဘူး၊ တမင်တကာ လူမမာ လုပ်ချင်နေတာ''

ဒေါသကြောင့် နီရဲခက်ထန်နေသည့် မျက်နှာက မဲ့ခနဲ ပြုံးသွား၏။

စူးလက်နေသော မျက်ဝန်းများမှာ အေးစက်မှုကြောင့် အကျည်းတန်နေသည်။

''ဟုတ်ချင် ဟုတ်မယ်၊ မင်းပြုစုတာ ခံချင်လို့လေ၊ ကိုယ့်အတွက်ဆို မင်းနေနိုင်ခဲ့လို့လား''

''ဘာ''

ပန်း ဆတ်ခနဲဖြစ်သွားတာကို နေခ ကျေနပ်သွား၏။

''ရှင်က ဘာမို့မနေနိုင်ရမှာလဲ၊ တစ်စက်မှ စေတနာ မပါဘဲ လူကြီးတွေကို ငဲ့ညှာပြီး ကြည့်ပေးနေရတာ''

''သြော်... သူနာပြုဆရာမတစ်ယောက်က စေတနာ မေတ္တာတွေ ကြီးမားလိုက်တာနော်''

''ရှင်ကလွဲရင် အားလုံးကို စေတနာရှိတယ်''

နေခက အသံထွက်အောင်ရယ်သည်။

ရှင်ဘတ်ထဲက စူးခနဲအောင့်သွားသဖြင့် လက်နဲ့ဖိလိုက်မိရင်း မျက်နှာပါ မဲ့သွား၏။

ထိုအခါကျမှ ရောက်လာခဲ့သည့်ကိစ္စကို သတိရကာ ပန်း ခုတင်နား ကပ်လာသည်။





''ဒဏ်ရာဆေးထည့်မယ်၊ အင်္ကျီချွတ်''

''စေတနာမရှိဘဲနဲ့ လုပ်ပေးမနေပါနဲ့၊ အကြီးမြကိုပဲ လွှတ်လိုက်ပါ''

''အကြီးမြ မရှိဘူး၊ သူ့မြေးနာရေး သွားနေတယ်၊ ရှင်သိနေရက်နဲ့ အသားယူမနေနဲ့''

နေခက မျက်နှာကို ခပ်တည်တည် တမင်လုပ်ထားလိုက်ပြီး

''ကိုယ့်ဘယ်လက်ထိပ်တွေ တအားနာနေတယ်၊ လက်ဝါးက ဆုပ်လို့မကောင်းဘူး၊ ကြယ်သီးတွေ ဖြုတ်ပေးစမ်းပါ''

ပန်း ဖျင်းခနဲ ဖြစ်သွားသည်။

ပါးစပ်က တစ်စုံတစ်ရာ ပြောလိုက်ဖို့ပြင်ပြီးမှ ဒဏ်ရာနှင့်တွက်၍ ဒါဖြစ်နိုင်သည်ဟု လက်ခံလိုက်သည်။

သို့သော် အင်္ကျီကြယ်သီးဖြုတ်ပေးဖို့ထိတော့ စိတ်က လက်မခံ။

''မင်း ဝန်လေးနေလည်း ထားလိုက်ပါ၊ လမ်းသစ်တော်ကြာ ရောက်လာမှ ကိုယ် လုပ်ခိုင်းမယ်''

နေခက ပြောပြီး အိပ်ရာထဲ ပြန်လှဲဖို့ပြင်သည်။

''အဲဒီအတိုင်းနေ''

စေတနာမရှိပေမယ့် အန်ကယ်က ကိုယ့်ကို တရားမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာမို့ ပန်း ခုတင်မှာ တင်ပါးလွှဲလေး ထိုင်လိုက်သည်။

လမ်းသစ်က ဒီကြယ်သီးတွေကိုပဲ ဖြုတ်ပေးမှာပေါ့။ ဆေးထည့်ဖို့၊ ပတ်တီးစည်းဖို့ ဘာလုပ်တတ်မှာလဲ။

အဝါရောင်နုနု တီရှပ်လေးနှင့် ထူခဲသော ဆံပင်ရှည်တွေကို ဖြန့်ချထားသည့်ပန်းကို နေခ စိုက်ကြည့်နေမိသည်။

ဆေးသေတ္တာလေးကို သူ့ခေါင်းအုံးဘေးမှာ တင်လိုက်ပြီး လိုအပ်သမျှကို ပြင်ဆင်သည်။

ပြီးတော့ တင်ပါးနှင့် ဖိထားမိသည့် ဆံပင်ရှည်တွေကို ကိုယ်လေး အနည်းငယ်ကြွ၍ ဖယ်ထုတ်လိုက်သည်အထိ ရူးစိုက်ကြည့်နေခဲ့၏။

ပြည့်တင်းလှပသည့် ပခုံးတွန့်လေးတွေက တီရှပ်လက်ပြတ်လေးမှာ အရောင်ချင်းရော၍ ဝင်းနှစ်နေ၏။

ထူပြည့်သော နှုတ်ခမ်းရဲရဲလေးတွေမှာ ဆေးသားတင်မထားသည်က ရင်ခုန်ဖွယ်ဖြစ်၏။

ထို့ပြင် ခုခေတ် မိတ်ကပ်တိုင်း လိမ်းလို့မရ၊ ဆေးတွေအမျိုးမျိုးပြောင်းသုံးနေတာတောင် ပါးပြင်မှ အပြစ်မကင်းနိုင်ကြသည့် မိန်းကလေးအတော်များများထဲမှာ ပန်း၏ပါးပြင်လေးတွေက နုမွတ်အိစက်၏။

နဖူးဆံစအားလုံးကို ဘီးကုတ်လေးနဲ့ သိမ်းတင်ထားသည့် ရှိန်းမြသော ဆံယဉ်စလေးများနှင့် မျက်နှာကို နီးနီးလေး





မြင်နေရသဖြင့် နေခ စိတ်တွေလှုပ်ရှားလာ၏။

ပိုဆိုးသည်က ပန်း၏ကိုယ်မှရသော သင်းပျံ့သင်းလေး ဖြစ်သည်။

ပန်း လက်ဖျားလေးတွေလည်း အေးလာ၏။

သူ့ကိုမကြည့်ဘဲ ကြယ်သီးတွေဖြုတ်ပေးနေသော်လည်း ကိုယ့်ကို ရူးစိုက်ကြည့်နေမှန်း သိနေ၏။

မသိချင်ယောင်ဆောင်၍ အားတင်းထားရပေမယ့် အိမ်မှာ ဘယ်သူမှမရှိတာကို တွေးမိတော့ ရင်တွေပါ ခုန်လာသည်။

ကြယ်သီးတွေ ပွင့်သွားသည့် ရင်ဘတ်မှာ ပခုံးနှင့် သိုင်းချည်ထားသည့် ပတ်တီးဖွေးဖွေး ပေါ်လာ၏။

ဒါကို ဖြေရဦးမည်။

ပန်း နှုတ်ခမ်းလေးတစ်ချက် ဖိပိတ်မိရင်း ပတ်တီးကို စဖြေသည်။

"ပန်း"

ခေါ်ပုံက ခါတိုင်းလိုမဟုတ်ဘဲ ခနဲ့တာ ရွဲ့တာတွေမပါ။

ငြိမ်ငြိမ်သက်သက် တိုးတိုးလေးပဲ ဖြစ်၏။

ဝဲဘက်ရင်အုံမို့ ကိုယ့်ဘက်ကနေ သူ့ကိုယ်တစ်ခြမ်းကို ကျော်၍ကိုင်နေရတာ အနေခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်လိုက်တော့ ပန်း စိတ်တိုသွား၏။

"ရှင့်ပါးစပ်ကိုပိတ်ထားပြီး ဒီဘက်ကို နည်းနည်းတိုး၊ ခေးထည့်မယ်"

"အင်း"

နေခ ကိုယ်ကိုကျုံ့၍ ပန်းရှေ့တိုးလိုက်တော့ မျက်နှာက အရင်ရောက်၏။

ဒဏ်ရာပေါ်က ဂွမ်းစနဲ့ ပလာစတာကို စိတ်ဝင်စားသွားသည့် ပန်းက မျက်နှာရှေ့အတိုး...

"အို"

ပန်း၏ ညာဘက်ပါးပြင်လေးကို သူ ရှုံ့စသွားပြီ။

"ရှင်"

ပန်း ကမျာကယာလေး ပြန်ဆုတ်၍ ဒေါသရှိသည့်အတိုင်း အော်ဟစ်ပေါက်ကွဲဖို့ဖြစ်သော်လည်း...

"ရှင်... ရှင်လွှတ်နော်"

ပန်းကို ပြန်လည်ဆုတ်ခွာခွင့်မပြုခဲ့ဘဲ နေခက ဆွဲဖက်ပစ်လိုက်၏။

ထို့နောက်...

ဤအရာ သည်သို့ရှိသော်...

"လူရမ်းကား"

"အား"





တိုးသဲ့သော ညည်းတွားသံသဲ့သဲ့ကို ပန်း လုံးဝပြန်မကြည့်မိတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ❯❯ ၂၃ ❮❮

''သမီး… သမီးရေ''

''ဒေါက်… ဒေါက်''

တံခါးခေါက်နေတာကို ကြားသည်။

မေမေခေါ်နေတာကိုလည်း ပြန်ထူးနေမိ၏။

ဒါပေမယ့် ပါးစပ်ကမထွက်ဘဲ လူကသာ အိပ်ရာထဲက ကျုံးထနေခဲ့သည်။

တစ်ညလုံး ငိုထားခဲ့သည့်မျက်လုံးတို့က ဖူထူပိတ်ပိတ်ကြီးဖြစ်လျက် လေးလံနေ၏။

ညစဉ်ရက်ဆက် အိပ်ပျက်ခဲ့သဖြင့် အိပ်ရာဝင်ခဲ့ပြီးမှ ပြန်ကျုံးထတော့ ခေါင်းတစ်ခုလုံးက ရေဝင်အိုးကြီး ရွက်ထားရသလောက် လေးလံနေ၏။





''သမီး''

''ရှင်… လာ… လာပြီ မေမေ''

မီးမွှင့်ဖို့ပင် သတိမရတော့ဘဲ မေမေခေါ်နေတာကြားပြီဆိုသောအသိနှင့် တံခါးဆီကိုပဲ မကြည့်မလင် ရောက်သွားခဲ့သည်။

''မေမေ ဘာလဲဟင်''

တံခါးဖွင့်လိုက်တော့ မေမေက မေးတာကိုမဖြေဘဲ ယန်းကို စူးစူးစမ်းစမ်း ကြည့်သည်။

''သမီး ညနေကတည်းက အခန်းထဲဝင်သွားတာဆို၊ မျက်နှာကြီးလည်း နီမို့လို့ပါလား၊ နေမကောင်းဘူးလားဟင်''

လက်ဖျားလေးကို လှမ်းဆုပ်ပြီး နဖူးကို တစ်ဖက်ကစမ်း၏။

''ကောင်းပါတယ် မေမေ၊ မေမေ အိပ်တော့မလို့လား''

ညဝတ်အင်္ကျီပွပွကိုကြည့်၍ ယန်းမေးလိုက်တာ မှားသွားသည်။

''အိပ်တော့မှာမဟုတ်ဘူး သမီး၊ အိပ်ရာက တရေးနိုးလာတာ၊ ဘယ်အချိန်ရှိပြီလဲ သမီးရယ်၊ နှစ်နာရီကျော်နေပြီ၊ သမီးလေး ဘာဖြစ်နေလဲ''

ယန်း ဘာဖြေရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကထလာပြီး တံခါးဖွင့်လိုက်တာ အချိန်ကို လည်း သတိမထားမိပေ။

ကိုယ့်ကိုယ်ကိုတော့ မေးခနဲအိပ်ပျော်သွားခဲ့သည်ဟု သာ ထင်ခဲ့၏။

''ဟုတ်လား၊ ပန်း တော်တော်အိပ်ပျော်သွားတာပဲ''

ဒေါ်မူမူဆွေက သက်ပြင်းချလိုက်ပြီး

''သမီး ဘာမှမဖြစ်ဘူးဆိုရင် သားကိုခဏလိုက်ကြည့် ပေးပါဦး၊ ဒဏ်ရာက သွေးတွေ တအားထွက်နေတယ်''

''ဟင်''

ပန်း မျက်နှာလေးပျက်သွား၏။

ဒေါသတွေလည်း ကပ်လာသည်။

အဲဒီဒဏ်ရာသွေးထွက်အောင် ပန်းလုပ်ပစ်ခဲ့တာဟု ပြောပစ်လိုက်ချင်၏။

မေမေ ရင်ဘတ်ထုသွားမည် ထင်သည်။

''သူက ဘာပြောလို့လဲ သမီးရယ်''

လို့ မေးတော့ရော…

''ပန်းကို တအားနမ်းခဲ့တာ''

လို့ ပန်း ဖြေရဲသလား။ မတော်တဆလိုလို့နဲ့ သူ စော်ကားသည်။

ပြီးတော့ လူကို ဆွဲချုပ်ပြီး ယုတ်မာခဲ့သည်။





ရှက်စိတ်ကြောင့် ကိုယ်မှာ ဖျင်းခနဲဖြစ်ကာ နှုတ်ခမ်း သားလေးများကို ဖိကိုက်လိုက်မိ၏။

''လာပါ သမီးရယ်၊ အစ်ကိုလည်း နိုးနေပြီ၊ ပတ်တီး ကိုဖြေချထားတော့ ဘာမှအအုပ်အဆိုင်းမရှိဘဲ လှတ်လှတ် လပ်လပ်ကြီးဖြစ်ပြီး သွေးတွေကျနေတော့တာပေါ့''

''ဆရာဝန်ခေါ်ပေးလိုက်ပါ မေမေ၊ ပန်း နေလို့ မကောင်းဘူး''

''သမီးရယ်''

ဒေါ်မူမူဆွေ မျက်နှာပျက်သွားရှာသည်။

ပန်းနေနေခ မသင့်မြတ်လို့ ကြည့်မပေးချင်တာပဲဆိုသည့် အတွေးအပြင် သူမ ဘာမှမသိပါ။

ဦးနေရိပ်ကလည်း ထစ်ခနဲရှိတာနဲ့ 'သမီးကို သွားခေါ် ပါဦး ဆွေရယ်' ဆိုတာမျိုး။

အိမ်မှာ ပန်းကို ဆရာတစ်ပါးလိုပဲ လေးစားအားကိုး နေသည်။

''အစ်ကိုကိုယ်တိုင် သမီးကို အားကိုးနေခဲ့တာကို 'သမီးက နေမကောင်းလို့ မလိုက်ချင်ဘူး'တဲ့ ဆိုတဲ့စကား မေမေ ဘယ်လိုပြန်ပြောရမလဲ သမီးရယ်''

ဒေါ်မူမူဆွေက တောင်းပန်သလို ထပ်ပြော၏။

''ဘယ်အချိန်မှာ ရန်ဘယ်လိုဖြစ်ဖြစ် ခုလိုဖျားနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျောခိုင်းမနေသင့်ဘူး သမီး၊ ခဏလေး လိုက်ကြည့်ပေးလိုက်ပါ"

ပန်း ခေါင်းတွေမူးနောက်နေတာက တကယ်ပဲ ဖြစ်သည်။

ဒူးတွေချောင်၊ လက်တွေတုန်နှင့် အစာမရှိသည့် ရင်ထဲကပါ တလှပ်လှပ်ဖြစ်နေတာလည်း အမှန်ပါ။

မေမေ စဖြစ်ကတည်းက ဒီနေ့ထိ အားလုံးဟာ အရေးကြီးနေတာပဲဖြစ်ကာ ပန်း တစ်ရက်မှ နားခွင့်မရခဲ့ပေ။

ကိုယ့်ကျန်းမာရေးကိုင့်ဖို့ စိတ်ကူးမိပေမယ့် မေမေ့တုန်းကလည်း မေမေ့ကို ဘယ်လိုမှစိတ်မချနိုင်သောကြောင့်။

နေခကျတော့ သွေးသံရဲရဲနှင့် အသက်အန္တရာယ်ဖြစ်လာသော ရုတ်တရက်အခြေအနေများကြောင့်၊ ကိုယ်လည်း အိမ်သားဖြစ်နေတာကြောင့် ဆေးရုံမှာလည်း ကိုယ်ပဲ၊ အိမ်မှာလည်း ကိုယ်။

ဒီတာဝန်တွေ ပိလာကာမှ ကိုယ်အလွန်ဝါသနာပါသော အလုပ်ကိုပင် စွန့်လွှတ်ချင်လာမိသည်။

ဦးနေရိပ်ကလည်း သားသမီးနဲ့မခြား အရေးပေးဆက်ဆံခဲ့သည်။

မေမေ့မျက်နှာမြင်လိုက်တိုင်းလည်း ပန်းမှာ ဘာမှ ငြင်းဆန်နိုင်ခြင်း မရှိခဲ့။





"လာပါ သမီးရယ်၊ နော်…"

"အခု သူ ဘာလုပ်နေလဲ မေမေ၊ ရောဂါသည်းပြီနေသလား"

"အို… မဟုတ်ဘူး၊ သူ့ဟာသူ ဥမ်းနဲ့ကပ်ဖိပြီး ပလာစတာနဲ့ ချုပ်ထားတယ်၊ သွေးတွေက မတိတ်ဘူး သမီးရဲ့၊ အနာဟောင်းကို တစ်ခုခုနဲ့ ထိခိုက်မိထားသလိုမျိုး"

ပန်း အံကြိတ်သ ည်။

နောက်ထပ်ကိုပြန်လှည့်လိုက်တော့ ခေါင်းထဲမှာ ရိပ်ခနဲဖြစ်သွား၏။

မေမေက ဝင်လိုက်လာပြီး ပန်းကိုင်နေကျဆေးသေတ္တာလေးကို သူမပဲ ကိုင်၏။

မေမေ့လက်ထဲက ပြန်ဆွဲယူသင့်ပေမယ့် အဲဒီလောက်ဟန်ဆောင်ဖို့တောင် ပန်းမှာ အင်အားမရှိခဲ့ပါ။

ပြီးတော့ အဲဒီမျက်နှာကို ဘယ်လိုရင်ဆိုင်ရမလဲ။

ရှက်ဒေါသများနှင့် ခြေလှမ်းက မမှန်ချင်။

သူ့အခန်းထဲရောက်လာတော့ အနီပွင့်ကြီးတွေပါသည့် ဂွမ်းကပ်စောင်ကို လွှားခြုံ၍ ရင်ဘတ်မှာ ဖိကပ်ထားလျက် နေခက ပက်လက်နေရင်း မျက်လုံးတွေကို မှိတ်ထား၏။

ဦးနေရိပ်က ခုတင်ဘေးမှာ မျက်မှောင်ကုတ်ရပ်လျက် ပန်းတို့ဝင်လာမှ မျက်နှာကို ပြုပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကို ခဏခဏ ဒုက္ခပေးနေရတာ အားနာပါတယ်ကွယ်"

ဦးနေရိုဝ်စကားသံကြားမှ နေခ မျက်လုံးတွေ ဖွင့်ကြည့်သည်။ ပန်း နှုတ်ခမ်းကို တမင်ဖိပိတ်ပစ်လိုက်မိ၏။

နေခက စူးစိုက်ကြည့်နေခြင်းကို တစ်ချက်မှ ရှတ်ဖယ်ခြင်း မရှိ။ အမြဲတမ်း စူးရဲနေတတ်သော ထိုမျက်လုံးများကို ပန်း မုန်းသည်။

ကိုယ်မုန်းနေတာကို ဘူသိပါစေ။

ဆုတောင်းမပြည့်တာလား။ သူက မ..ပါဟန်ဆောင်တာလား။

"ဟာ ... ဆွေ၊ ဆွေ ဘာဖြစ်တာလဲ"

ဦးနေရိုပ် ပျာပျာသလဲ ဖြစ်သွား၏။

ဒေါ်မူမူဆွေ ရှက်ပြုံးနှင့် ခေါင်းခါသည်။

"ခြေထောက်ချင်း ခလုတ်တိုက်သွားတာ အစ်ကိုရဲ့ ဘာမှမဖြစ်ဘူး"

သမီးနောက်က ရပ်နေရင်း လှည့်အထွက်မှာ ဒေါ်မူမူဆွေ ယိမ်းထိုးသွားခြင်းဖြစ်၏။

ဦးနေရိုဝ်က စိတ်မချနိုင်ဘဲ လက်မောင်းမှနေ၍ ထိန်းကိုင်လိုက်ပြီး

"မင်းတို့သားအမိ ကိုယ်တို့ကြောင့် ပင်ပန်းကြပါ





တယ်၊ ကိုယ် လုံးဝစိတ်မကောင်းဘူး၊ သမီးလည်း ပင်ပန်းလှပြီ၊ မင်းလည်း ကျန်းမာသေးတာမဟုတ်ဘူး၊ လာပါ၊ အိပ်ရာထဲမှာ သွားလှဲနေလိုက်ပါ ဆွေရယ်၊ သမီးကို ကိုယ် ပြန်စောင့်ပါ့မယ်"

တကယ်နေကောင်းပုံမပေါ်သည့် ဒေါ်မူမူဆွေမှာ သမီးကို မထားခဲ့ချင်ပေမယ့် သက်သက်သာသာ လှဲနေချင်လှပြီမို့ ဦးနေရိုပ်ဆွဲခေါ်သည့်အတိုင်း လိုက်ခဲ့မိ၏။

ပန်း မျက်နှာကို ပေါက်ထွက်မတတ် တင်းပစ်လိုက်၏။ ဒီလိုလူနှင့် နှစ်ယောက်တည်း မနေခဲ့ချင်။

လုပ်စရာရှိတာကို မြန်မြန်ဆန်ဆန် လုပ်ပေးနေရင်း ခေါင်းထဲက မူးလာသည်။

စောစောက ဦးနေရိုပ်ပြောသွားတာကိုလည်း သတိရလိုက်မိသည်။

"ငါတို့သားအမိ ဒီသားအဖကြောင့် ပင်ပန်းဆင်းရဲနေရတာ"

ဟု အပြစ်တင် ဒေါသတွေ ဖြစ်လာ၏။

"ပန်းမျက်နှာ"

သူ့လေသံက တစ်ချက်မှ မလျော့။

"ကိုယ့်ကို စိတ်ဆိုးနေလား"

ပန်း သူ့ကို ထသတ်ချင်သည့်မျက်လုံးများနှင့် ပင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

“ရှင့်ပါးစပ်ပိတ်ပြီး မမြင်သလိုနေလိုက် နေခ၊ ရှင့်ရဲ့ ပတ်သက်သမျှ ကျွန်မဘက်က နှစ်တနေ့တစ်ခိုးတစ်စိမ့် မပါဘူး ဆိုတာ တစ်အချက်သိထား၊ နှစ်အချက် ရှင့်အတွက် ကျွန်မမှာ သူနာပြုစိတ်မာတတ်မရှိဘူး”

“နံပါတ်သုံးကရော”

“သိပ်မုန်းတယ် ဆိုတာပဲ”

ပန်း အနိုင်နဲ့ငိုင်း၍ ဖျတ်ခနဲ ဘလိုက်သည်။

သို့သော်…

“ဟာ”

နေခအသံ…

ပန်းခေါင်းထဲမှာ ဖျတ်ခနဲဆို အပြာရောင်လွှင်ပြင်ကြီး ဖြစ်သွား၏။ မျက်လုံးထဲမှာ ဝါတစ်လှည့်၊ စိမ်းတစ်လှည့်။

ပန်း ထိန်းသိမ်းနေရင်းနဲ့ပဲ သူ့ကိုယ်ပေါ်သို့ တအိအိ ပြိုဆင်းသွားလေသည်။

နေခ ပန်းကိုယ်လုံးလေးကို တယုတယ ပွေ့ယူလိုက်သည်။

ထို့နောက် ထိုင်နေရာမှ ခေါင်းအုံးပေါ်မှာ ခပ်လျော့လျော့ မှီလိုက်ပြီး ပန်းကို သူမပုံကျလာသည့်အတိုင်း ရင်ဘတ်ပေါ်မှာပဲ မှေးသိပ်ထားလိုက်မိ၏။

သစ္စာမွန်စာပေ



ကြည်နူးချမ်းမြေ့သော ရင်ခုန်သံများကို နားထောင်ခံစားရင်း မျက်ဝန်းတို့ကို ပိတ်ပစ်လိုက်မိသည်။

‘ရှည်လျားကော့ညွှတ်သော မျက်တောင်ထူထူကော့ကော့တို့ကို လည်းကောင်း၊ ကော့စင်းနေသည့် နှာတံချွန်ချွန်နှင့် ဖူးငုံ့အိစွေးသည့် နှုတ်ခမ်းလွှာလေးကိုလည်းကောင်း…

ပါးမို့မို့နီနီလေးများကိုပင် သူ မကြည့်ရဲ။

မကြည့်မိအောင် နေရသည်။

သို့သော် ပွေ့ဖိုက်ထားမိသည့် ကိုယ်လုံးလေးမှာ သူ့ရင်ခုန်ခဲ့ဖူးသော ရှည်လျားနူးညံ့သည့် ဆံနွယ်ရှည်များပါ လုံးထွေးပါဝင်နေ၏။

ဆက်ပြောလို့ရပြီ ပန်း…

နံပါတ်လေးအချက်က ကိုယ့်ကို မင်း ငြင်းခွင့်မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁍ ၂၄ ⁌

"ဘယ်လို မေမေ"

ခေါင်းတစ်ခုလုံး ချာချာလည်သွားသလိုပင်။

မတော်တဆဆိုတာကို မေမေ ဘာဖြစ်လို့ လက်မခံချင်တာလဲ။

"ပန်း နေမကောင်းလို့ဖြစ်သွားတာ၊ မူးသွားတာကို သိတယ်၊ ထိန်းနေရင်းနဲ့ လဲကျသွားတာ၊ ဒါကို သူ့ဟာသူ တမင်တကာ..."

ပန်း ဆက်မပြောရဲတော့။

"အစ်ကိုဝင်သွားတော့ သမီးက သူ့ရင်ခွင်ထဲမှာ၊ နှစ်ယောက်လုံး အိပ်ပျော်နေကြတာ"

တဲ့။ မေမေပြောတုန်းက ပန်း မယုံနိုင်။





သူမ ညကတည်းက အိပ်ခန်းထဲပြန်ရောက်နေခဲ့တာဟု ထင်ခဲ့၏။ ဘာပဲဖြစ်ဖြစ် သူမကို ပြန်ပို့ပေးကြမှာပဲဟု။

"နှစ်ယောက်လုံး အိပ်ပျော်နေကြတာကို ကိုယ် ဘယ်လိုနှီးမလဲ ဆွေ၊ သားက ဒဏ်ရာနဲ့ ရောဂါသည်မို့လို့ မနှိုးရက်တာ မဟုတ်ဘူး၊ သမီးကို ငဲ့လိုက်တာ၊ သူ့တို့ချင်း မတွဲခဲ့တာကိုလည်း သိတယ်၊ ဒါပေမယ့် ကိုယ် ဇဝေဇဝါဖြစ်သွားရလောက်အောင် မြင်ကွင်းက သဘာဝကျနေတာ၊ ဒီလိုပုံစံမျိုးက အမှုအနိုင်ကျင့်ပြီး ချုပ်ဖက်ထားတာနဲ့မှ မတူတာ"

"တကယ်ပါ၊ သမီး ဒီလောက်မူးမေ့ လဲကျသွားလောက်အောင် အားနည်းနေတာ ကိုယ် မထင်ခဲ့ဘူး၊ ဒီဘက်မှာ ကိုယ့်အနေနဲ့ကိုယ် ဖြစ်ခဲ့တာလည်းရှိတယ်၊ လူငယ်ဆိုတော့ ပင်ပန်းတယ်ဆိုတာ သိတယ်၊ ဒီလောက်ဖြစ်သွားမယ် မထင်ဘူး၊ မထင်လို့လည်း အိပ်ခန်းထဲကနေ မင်းကို သွားနှိုးထုတ်နိုင်းခဲ့တာ၊ မဟုတ်ရင် ဘယ်နှိုးရက်ပါ့မလဲ"

"စိတ်ထဲမှာ သူတို့ တကယ်ပဲ အဆင်ပြေသွားကြသလားလို့တွက်ပြီး ပုတ်နှိုးလိုက်မှ ရှက်သွားမှာစိုးတာ"

ဦးနေရိပ် ပြန်ပြောတဲ့အတိုင်း မေမေက သူမကို ပြောပြသည်။

"မနိုးအောင် သာသာလေး ပွေ့ယူသွားဖို့က သားက ပွေ့ဖိုက်ထားတော့ ကိုယ်ခေါ်ဖို့မလွယ်ဘူး၊ နောက်တစ်မျက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပထွေး၊ အရိုးအရွယ်လေးကို မွေးပြီး အိပ်ခန်းထဲ သွားချဖို့ သင့်ပါ့မလား''

တဲ့။

''နှစ်ပေါင်းကလုံးအိပ်ပျော်နေတယ်ဆိုတာကတော့ ယန်းမယုံဘူး မေမေ၊ သူအိပ်ပျော်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ အန်ကယ် မလိမ်ရင် သူလိမ်တာပဲ''

ယန်း မခံရပ်နိုင်စွာ ပြောခဲ့သေးသည်။

''ဘယ်သူမှလိမ်တာမဖြစ်နိုင်ဘူး သမီး၊ ဒါ အမှန် တရားပါ၊ ဘာဖြစ်လို့လဲဆိုတော့ အခန်းထဲပြန်ရောက်တော့ မေမေ တအားမူးပြီး အော့လိုက် အန်လိုက်နဲ့ဖြစ်တာ၊ သူ ချက်ချင်းပြန်မသွားနိုင်ခဲ့ဘူး၊ မာမီသက်သာသွားတာနဲ့ အိပ်ပျော် သွားခဲ့တယ်၊ အဲဒီကျမှ သူပြန်သွားတော့ အချိန်တွေက သိပ် ကြာသွားပြီ''

အားလုံးကို နိဂုံးချုပ်လိုက်တော့ ယန်းက သူ့ကို လက်ထပ်ရမည်တဲ့။ တရေးရေး ပြန်တွေးပြီး ယန်း အံကြိတ်မိ၏။

''ဒီလိုဖြစ်အောင် သူ သက်သက်လုပ်ယူတာ မေမေ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ယန်းကို သူ့သားရင်ခွင်ထဲမှာ တစ်ညလုံး ထားပစ်ခဲ့တဲ့ ဥပေက္ခာကရော၊ ဒါ တရား သလား''





''အို… မထားခဲ့ဘူး၊ သူ အဲဒီမှာပဲ ထိုင်စောင့်နေခဲ့ တာပါ၊ ဒါပေမယ့် သမီးရယ်၊ သမီး ဘယ်လိုမှ ခေါင်းခါဖို့ မသင့်တဲ့ အခြေအနေမှာ မာနကို နည်းနည်းလျှော့လိုက်ပါ ကွယ်''

''မလျှော့နိုင်ဘူး မေမေ၊ ယန်းမာနကို သူက ချိုးချင် နေတာ၊ ယန်းရဲ့သိက္ခာကို ကာကွယ်ပေးရတယ်ဆိုပြီး ဒီလူ တစ်သက်လုံးအနိုင်ယူသွားမှာ၊ သူတို့ပဲ ဖန်တီးခဲ့ပြီး ယန်းက ထပ်အရှုံးပေးရမှာ၊ မနစ်နာလွန်းဘူးလား မေမေ''

''သူ့ကိုလို့မပြောပါနဲ့ သမီးရယ်၊ အစ်ကိုက သမီး အပေါ်မှာ တရားသဖြင့် ဖြစ်ချင်တဲ့သူပါ၊ သူ ရိုးသားစွာဝန်ခံ ပါတယ်၊ အဲဒါက အစကတည်းမှာ တမင်တကာ ဖြစ်စေခဲ့တာ မဟုတ်ဘဲ ဒီအခြေအနေဖြစ်လာတာ လက်ထပ်ဖြစ်သွားခဲ့ရင် သူ ဝမ်းသာတယ်တဲ့၊ အဲဒါ သမီးကို သမီးအဖြစ် ရဲရဲတင်းတင်း စောင့်ရှောက်ခွင့်ရလို့တဲ့''

ယန်း နှုတ်ခမ်းမဲ့ချင်ပေမယ့် မေမေ့ရှေ့မှာ ထိန်းချုပ်ထား ခဲ့သည်။ သို့ပေမယ့် ရင်နာမိခြင်းက ပိုဆိုးလာခဲ့သည်။

တစ်ညလုံး သူ့ရင်ခွင်ထဲမှာ ရှိခဲ့သော ကိုယ်ဟာ

''ယန်း သူ့ကို လုံးဝလက်မထပ်ဘူး''

မာနစိတ်က ပြတ်သားစွာ ထွက်ဆိုခွင့်ပေးခဲ့၏။

ဒေါ်မူမူဆွေ သမီးဖြစ်သူကို ငေးမောကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမျက်နှာမှာ မာနရိပ်များဖြင့် တင်းပြတ်နေသည်။

သူမမျက်ဝန်းထဲမှာ အမြဲတမ်း ပိုင်စိုးခြင်းတွေရှိနေတတ်သော နေခဏ်မျက်နှာကို ဖျောက်လို့မရ။

မိန်းမတစ်ယောက်ကို ပတ်သက်ဆက်နွယ်မှုမရှိ၊ ချစ်နေကြသည်မဟုတ်ဘဲ ကျူးကျော်စော်ကားရဲသူ။

"ဘာဖြစ်လို့လဲ သမီး၊ သမီးနဲ့သူ လက်မထပ်ဖြစ်ရင်…"

"ဘာမှဖြစ်မသွားနိုင်ပါဘူး မေမေ၊ သူနဲ့ သူ့အဖေ ပန်းကို သိက္ခာကျ အရှက်ရအောင် အပုပ်သတင်းလုပ်ပြီး မဖြန့်ဘူးဆိုရင် ဒါ ဘယ်သူမှသိမှာမဟုတ်ဘူး"

"အို"

"အားလုံးပြီးပြတ်သွားအောင် ပန်း ဒီက ထွက်သွားမယ်"

"ဘာ"

ဒေါ်မူမူဆွေ တစ်ကိုယ်လုံး တုန်သွားသည်။

ကလေးဘဝကတည်းက အမေ့မျက်နှာတကြည့်ကြည့်နှင့် ကလေးစိတ်နဲ့မလိုက်ဖက်အောင် သိတတ်ညှာတာခဲ့တဲ့ သမီးလေး။

"ဘာပြောလိုက်တယ်၊ သမီးက ထွက်သွားမယ်ဟုတ်လား"





ပန်း မေမေ့မျက်နှာကို မကြည့်မိအောင် တစ်ဖက်လှည့်ပစ်၏။

"ပန်း သွားပါရစေ မေမေ၊ မေမေက ပန်းကို ပူပင်သလို ပန်းကလည်း မေမေ့ကို ပူခဲ့တာပါ၊ အသက်အရွယ်ကြီးရင့်တဲ့အခါ မေမေ ဆက်ပြီးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ရှင်သန်သွားရမှာ စိုးတာ၊ မေမေ့ကို ပြည့်စုံချမ်းသာစွာရှိနေစေချင်တာ၊ အခု အားလုံးပြည့်စုံနေပြီပဲ၊ ပန်းက လူငယ်ပါ၊ ပြီးတော့ အိမ်ရှိတယ်၊ ပန်းမှာ ပညာရှိတယ်၊ ဟိုမှာလည်း အသိုင်းအဝိုင်းတွေ ရှိကြတာပဲ၊ ဆေးရုံဆင်းခွင့်မရရင်တောင် စပါယ်ရှယ်နာ့စ်တော့ ဖြစ်ပါသေးတယ်၊ နောက်ပိုင်းမှာ ပန်းနဲ့မေမေ တွေ့လို့ရနေတာပဲ၊ ပန်းကို သွားခွင့်ပြုပေးပါ"

"မသွားရဘူး"

ဒေါ်မူမူဆွေ ပန်းရဲ့သောမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ပန်းပခုံးလေးနှစ်ဖက်ကို သူမဘက်သို့ ဆွဲယူ၍

"မေမေ့ဘဝပြည့်စုံပြီ ဟုတ်လား၊ သမီးက အဲဒီလို ထင်နေခဲ့သလား၊ ဆန္ဒရှိတယ်လို့ သမီးကပြောနိုင်ရင်၊ စုန့်ရှိနေတာကို မေမေက ပိုပြောနိုင်တာပေါ့၊ မေမေ အိမ်ထောင်ပြုခဲ့တာ သားမွေး၊ သမီးမွေးနဲ့ တဏှာကျွန်ဖြစ်ခဲ့တာ မဟုတ်ဘူး သမီး၊ သမီးလေးဘဝအတွက် အဓိကပါ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ မေမေ့အတွက် ဒါဟာ မအေးချမ်းဘူး၊ မှားခဲ့ပြီဆိုရင် ထပ်ခါထပ်ခါ မှားခဲ့တဲ့ မိန်းမအဖြစ် မေမေ ရဲရဲဝံ့ဝံ့ ခံယူမယ်၊ သမီးနဲ့အတူ မေမေလိုက်မှာပါ၊ မေမေနဲ့ပတ်သက်တဲ့လူတွေကြောင့် သမီးလေး အဝေးလွှင့်သွားတာကို မေမေက စိတ်ချမ်းသာ ကျန်နေခဲ့ရမှာလား၊ တားလို့မှမရရင် သမီးလေး ကြိုက်သလို ဆုံးဖြတ်ပါ၊ သွားမယ်ဆိုရင် မေမေ့ကိုမထားခဲ့ပါနဲ့''

ပန်း ရှုတ်ခမ်းစုံ ပွင့်ဟသွားခဲ့၏။

အတင်းချော့မော့ ဖြောင်းဖျတော့မှာပဲဟု ထင်ထားခဲ့သည့် မေမေ့ထံမှ ဤသို့သောစကားမျိုး ကြားရလိမ့်မည်လို့ မထင်ခဲ့။

''မဟုတ်ဘူး မေမေ၊ ပန်းပြောတာက...''

''မေမေပြောတာကလည်း သမီးပြောသလိုပါပဲ၊ သမီး စိတ်ချမ်းသာဖို့ပဲ မေမေ ဆုံးဖြတ်မယ်၊ သမီးနဲ့ မေမေက နှစ်ယောက် တစ်ဘဝပါ''

ပန်း ခေါင်းခါတော့ ဒေါ်မူမူဆွေက လက်ကာပြလိုက်ပြီး

''မပြောပါနဲ့ သမီးရယ်၊ သမီးကိုပဲ မေမေက မှာချင်ပါတယ်၊ သမီး မေမေမသိအောင် ဘာမှမလုပ်ရဘူး၊ ဘယ်မှလည်း ထွက်မသွားရဘူး၊ ဒီမှာနေကြမယ်ဆိုရင်လည်း သမီးပြောသလို ဒီအဖြစ်ကို ဘယ်သူမှမသိကြဘူးဆိုရင်တောင် သူ့နဲ့





ရင်ဆိုင်တဲ့အခါ သမီး မျက်နှာလွှဲရမယ်၊ အရှက်ရမယ်''

ဒီပြဿနာပါလာတော့ ပန်းမျက်နှာလေး ပြန်တင်းသွား၏။

''သူက အဲဒီလိုပဲနိုင်ချင်လို့ ချော်လဲရောထိုင်လုပ်တာပဲ မေမေ၊ ဒါဟာ မတော်တဆဖြစ်ခဲ့တာ ဟုတ်ချင်ဟုတ် မယ်၊ အဲဒီမတော်တဆက ပန်းမူးလဲသွားတဲ့ကိစ္စ၊ ကျန်တာက လုပ်ကြံတာပဲ၊ နေခဆိုတဲ့ယောကျ်ားက ခပ်ကြောကြောပြောတတ်သလောက် တစ်ဖက်သားအပေါ် အထင်မြင်သေးတဲ့ မျက်လုံးနဲ့ပဲ ကြည့်တဲ့သူ၊ သူ့စိတ်ထဲက ပန်းဟာ ဘာမှမဟုတ်ဘဲ မာနကြီးနေတဲ့မိန်းမဆိုပြီး ချိုးချင်တာ''

''သူကိုယ်တိုင် လက်ထပ်ဖို့ပြောတာပဲ သမီးရယ်''

''ဒါလည်း သူလိုချင် အချိန်မရွေးရတယ်ဆိုတဲ့ ပါဝါပြတာပဲ၊ ပန်း သူ့ကို မုန်းတယ်''

ထိုအခါ ဒေါ်မူမူဆွေက အလွယ်တကူပဲ ခေါင်း ညိတ်လက်ခံ၏။

''မေမေ ဖွတ်မတိုက်တွန်းတော့ပါဘူး၊ မေမေ့အနေနဲ့ လောလောဆယ်မှာ မောင်နေခက အစ်ကို့သားဖြစ်နေတဲ့အတွက် ပြောရဆိုရခက်တဲ့ အနေအထားတွေ ရှိလာပြီ၊ သမီးအထင်လွှဲတာတော့ မေမေ မခံနိုင်ဘူး၊ မေမေ့ဘဝမှာ နံပါတ်တစ်က သမီး၊ နံပါတ်နှစ်လည်း သမီးပါပဲ၊ အဲဒါကို သမီးသိရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဆုံးဖြတ်ဆုံးဖြတ် လွတ်လပ်စွာ ဆုံးဖြတ်ပါ၊ မေမေ့ကို တော့ ထားခဲ့ဖို့ မကြိုးစားပါနဲ့"

ဤနေရာမှ ထွက်ခွာတော့ဖို့ ဆုံးဖြတ်ပြီးခဲ့သော စိတ်ကူးတို့က မေမေ့မျက်နှာပေါ်မှာ···

ππ π

အခန်း » ၂၄ «

"ကိုယ် တကယ်စိတ်မကောင်းဘူး ခွေ၊ ဒီတိစ္စ ညှိနှိုင်းလို့ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ၊ မိသားစု သိုက်သိုက်ဝန်းဝန်း စိုစိုပြေပြေပဲ ရှိနေစေချင်တာ၊ ဟိုအစက သားနဲ့သမီး မသင့်မြတ်ကြတာတောင် ဒါ စိုပြေမှုပဲဆိုပြီး ကိုယ် စိတ်ချမ်းသာခဲ့တာ"

ခုတော့ ပန်းက မိသားစု ထမင်းလက်ဆုံစားဖို့ပင် မဆုံဖြစ်အောင် ရှောင်နေသည်။

မနက် လက်ဖက်ရည်ဝိုင်းမှာလည်း ပန်းမပါ။

"သမီး ဆင်းမလာသေးဘူးလား"

ဟု မေးလိုက်လျှင် ဒေါ်မွှမွှခွေ မျက်နှာမကောင်း ရှာ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အရေးကြီးလို့တဲ့ အစ်ကို စောစောထွက်သွားတယ်"

ဆိုတာမျိုး။

"သမီး ရေချိုးနေတယ်မို့လား၊ သမီးလာမှာပဲ စားရအောင်လေ၊ လူစုံတော့ ထမင်းမြိန်တာပေါ့"

ဟု ထမင်းစားဖို့စောင့်ပြန်တော့

"မဆာသေးဘူး"

တဲ့။

ဦးနေရိပ် ဆိုဖာမှထရပ်ကာ ပြတင်းပေါက်နားမှာ သွားရပ်သည်။

ရင်ထဲမှာ တကယ်မကောင်းနိုင်ပါ။ သားနဲ့ လက်ထပ်ပေးဖို့ သူကိုယ်တိုင် ပြောချင်သည်။

သဘောတူတူ မတူတူ လက်ထပ်ဖြစ်သည်ဖြစ်ဖြစ်၊ ငြင်းဆန်တာပဲဖြစ်ဖြစ်...

ဆွေးနွေးကြဖို့တော့ မျှော်လင့်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်သားဘက်ကလည်း အပြစ်ရှိနေတာကို သူသိနေ၍ တာဝန်ကျေချင်တာပါ။

ဘယ်သူမှမသိအောင် သူမျိုသိပ်ခဲ့ရသည့် နေခပြောခဲ့သော စကားတစ်ခွန်းက...

"သူ့ကို ကျွန်တော် လက်ထပ်ဖို့ကြိုးစားတာ"





တဲ့။

ပန်း မူးလဲသွားသည့်အချိန်မှာ ဒါဟာ ရောဂါကြောင့်အကြီးအကျယ် မူမြော်သွားခဲ့တာ မဟုတ်။

လှုပ်နှိုးကူညီလို့ရသည်။

အလုပ်ပင်ပန်း၍သာ မူးလဲရင်း သတိလစ်သွားတာဖြစ်၏။

ဒါကို သားက တမင်မျိုသိပ်၍ ဒီအဖြစ်တွေဖြစ်အောင် ဖန်တီးလိုက်သလို ဖြစ်သွားသည်။

ထို့ကြောင့်လည်း ပန်းကို သူ ဒီကိစ္စနဲ့ပတ်သက်ပြီး မိဘရယ်လို့ ကျကျနန စီစဉ်မပေးဝံ့ဘဲ ဖြစ်ခဲ့ရသည်။

နေခကလည်း နောက်ထပ်မဟခဲ့ပေ။

ဒဏ်ရာကို ပျောက်ကင်းဖို့ သူ့ဟာသူပဲ ကြိုးစားနေသည်။ တော်ရုံဖြစ်တာလောက်နှင့် ပန်းကို လုံးဝမခေါ်ဖို့တောင် တားသေး၏။

ဘာတွေလဲ...

ခုကျမှ တိုက်ကြီးမှာ သူကရှောင်၊ ဟိုကရှောင် ဖြစ်နေတာက ကိုယ့်သားနဲ့ သူ့သမီး။

ဘယ်သူ့ဘက်က လိုက်တယ်၊ ဘယ်ဝါ့ဘက်က ပါတယ်ဆိုတာတွေနှင့် အစွန်းမလွတ်တာတွေ ဖြစ်လာမှာဖြစ်သင့်တာကို တိုက်တွန်းဖို့တောင် ခက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

ဦးနေရိပ်က မထူးဘဲ လှည့်ကြည့်၏။

ဒေါ်မူမူဆွေက နေရာမှထရပ်လိုက်ပြီး ဦးနေရိပ်အား ကို လျှောက်သွားသည်။

"အစ်ကို အလုပ်ကိစ္စနဲ့သွားဖို့ရှိတယ်ဆို၊ သွားလေ… ကလေးတွေကိစ္စအတွက် သိပ်လည်းစိတ်ဆင်းရဲခံမနေပါနဲ့ အစ်ကိုရယ်၊ ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားကြတာပါ"

အစိမ်းရောင်ရင့်ရင့် ပါတိတ်ဝတ်စုံလေးနှင့် နောက်မှာ ဆံထုံးဖွဖွလေးထုံးဖွဲ့ထားသည့် အလွန်သိမ်မွေ့နူးညံ့နှောင်းသော ဒေါ်မူမူဆွေကို ဦးနေရိပ်က ဖူးငေးစွာ ကြည့်သည်။

ပြီးတော့ ပခုံးလေးနှစ်ဖက်ကို ဖွဖွလေးဆုပ်ကိုင်၍ မျက်ဝန်းချင်းဆုံအောင်ကြည့်ပြီး

"ဖြစ်သင့်တဲ့အတိုင်း၊ ဟုတ်လား ဆွေ၊ အဲဒါ ဘာလဲ၊ သမီးဆန္ဒရှိတဲ့အတိုင်းလို့ ပြောတာမို့လား"

ဒေါ်မူမူဆွေမျက်ဝန်းမှာ စိတ်မကောင်းဟန်လေး ဖြတ်ပြေးသွားပြီး မျက်နှာလွှဲ၏။

"ဆွေ"

ဦးနေရိပ်က ဒေါ်မူမူဆွေ မျက်နှာမော့လာအောင် ပခုံးနှစ်ဖက်ကို ပင့်ဆွဲလိုက်၏။

"မင်းကို အစ်ကိုရခဲ့ ပိုင်ခဲ့ပေမယ့် ဒီနေ့ထိ ငါပိုင်ပြီ





ဆိုတဲ့ စိတ်နဲ့ ချမ်းသာခဲ့ရတာ မရှိသေးဘူး၊ မင်းရဲ့သမီး ဆုံးဖြတ်တဲ့အတိုင်း မင်း အချိန်မရွေး လက်ခံနားလည်သွားမှာပဲ ဆိုတာ အစ်ကိုသိနေတယ်၊ ပန်းဆိုတဲ့မိန်းကလေး အိမ်က ထွက်သွားမှာကို အစ်ကို မစိုးရိမ်ရတော့ဘူးလား၊ သူထွက်သွား မှာကို စိုးရိမ်တာ ကိုယ် သိပ်ပိုရာကျသွားသလား"

"မဟုတ်ပါဘူး အစ်ကို၊ အစ်ကို စိတ်ဆင်းရဲနေတာကို လည်း ဆွေ မကြည့်ရက်လို့ ပြောတာပါ"

"ဒါဆိုရင် ဘာဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေနဲ့ပဲကြုံ ကြုံ၊ မင်း ဒီကနေ ဘယ်တော့မှထွက်မသွားပါဘူးဆိုတဲ့ ကတိ ကိုယ့်ကိုပေး"

ဒေါ်မူမူဆွေ မျက်နှာလေး လွှဲသွားလေသည်။

ဦးနေရိပ် မျက်နှာညှိုးမှောင်သွားခဲ့၏။

"ဆွေဘဝမှာ ဘယ်တော့မှမတွေဝေခဲ့တဲ့ ဆုံးဖြတ် ချက် ရှိတယ် အစ်ကို၊ အဲဒါဟာ သမီးလေးနဲ့ပတ်သက်ပြီး သမီးရဲ့မျက်နှာတစ်ခုကို အဓိကဦးစားပေး ဆုံးဖြတ်မယ်ဆိုတာ ပဲ၊ ဆွေ့ကို ခွင့်လွှတ်ပေးပါ၊ သမီးလေးဟာ ငယ်စဉ်ကတည်း က ဖခင်မဲ့ခဲ့ရှာတာ၊ သမီးကို နောက်ထပ်ပြီး ကြေကွဲထိခိုက် စေဖို့ ဆွေ ဘာမှမလုပ်ဘူး၊ သမီးကိုယ်တိုင် ကြည်ဖြူလက်ခံ တာမဟုတ်ဘဲ ဘယ်လိုကိစ္စဖြစ်ဖြစ် ဆွေ ဘယ်တော့မှ အမေး မစီစဉ်ဖို့ ဆုံးဖြတ်ခဲ့တာ ဟိုတုန်းကတည်းကပါ၊ ခုလည်း ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ။

ဒေါ်မူမူဆွေက ဦးနေရိပ်၏လက်တို့ကို အသာဖယ်ချကာ နောက်ကို ပြန်လှည့်လိုက်၏။

ဒီစကားတွေကို မျက်နှာတည့်တည့်ကြည့်၍ သူမ မပြောရက်ပေ။

သမီး ဘယ်လိုဆုံးဖြတ်တော့မှာရော…

သူမကိုယ်တိုင်လည်း နားလည်လိုက်လျှော့ပြီးခဲ့တာရော…

ဒါတွေကို ဘယ်လိုပြောရမလဲ။ သို့သော်…

"ဟုတ်ပါတယ်၊ ဒါတွေကို အစ်ကိုသိတယ်၊ သမီးကလည်း အခုကိစ္စမှာ အတိုက်အခံလုပ်ပြီး မပျက်ပျက်အောင် ရှောင်ထွက်မှာပဲ၊ သားကလည်း အောက်ကျို့မခံဘူး၊ ဘာပဲဖြစ်ဖြစ် လက်ထပ်ကြမှသင့်တော်မယ်ဆိုတဲ့ အခြေအနေဆိုတာကိုလည်း ဘယ်သူမှရှုမစိုက်ဘူး၊ သမီးက မင်းထက် မာနကြီးတယ် ဆွေ၊ ဒီပွဲမှာလည်း အစ်ကို ကျွန်ခဲ့ရဦးမှာပါ၊ ဒါ အသေချာဆုံးပဲ"

ထပ်၍ နှစ်သိမ့်ပေးဖို့စကား သူမမှာ မရှိတော့ပါ။

ဒေါ်မူမူဆွေ မျက်နှာငုံ့ထားရင်း မျက်ရည်တွေ စီးလည်လာသည်။

သမီးကိုချစ်သလို အစ်ကို့ကို သူမ ချစ်သည်။





အစ်ကို့ရင်ထဲက မေတ္တာများနှင့်ထပ်တူ သူမရင်ထဲမှာလည်း ရှိသည်။

ဒါပေမယ့် သမီးလေးနဲ့တော့ ထပ်တူမထားနိုင်။

ဦးနေရိပ် ရှေ့ကိုတိုးရပ်ရင်း ဒေါ်မူမူဆွေ ငုံ့ချထားသည့် မျက်နှာလေးကို စူးစိုက်ကြည့်သည်။

တိတ်ဆိတ်စွာ ငြိမ်သက်နေလိုက်ခြင်းဖြင့် 'ဒီအတိုင်းပဲဖြစ်လာမှာပါ' ဟု ထပ်၍အတည်ပြုပေးလိုက်သည်လား။

ရင်ထဲမှာ စူးနင့်သွား၏။

ဒါပေမယ့် သူ ဆွေ့ကို မနာကြည်းနိုင်။

လက်ဖဝါးနနကို တစ်ချက်ဆုပ်ညှစ်ပြီး နေရာမှ လှည့်ထွက်လာခဲ့၏။ ဒါတိုင်းလိုတောင် သူ့ကို ကားနားထိ လိုက်မပို့နိုင်တော့သော ဆွေ့ထံသို့ တစ်ချက်ပြန်ကြည့်ဖြစ်ရင်း သူ ကားနားမှာ ကျောက်ရုပ်ကြီး ဖြစ်သွားခဲ့၏။

ဒီလိုခြောက်သွေ့ခြင်းတွေ သူ့ထံသို့ နောက်ထပ်တစ်ကြိမ် ရောက်လာဦးမည်လား။

ဒါဟာ ကြိုတင်နိမိတ်တွေလား…

အတော်ကြီးကြာအောင် ရပ်နေပြီးမှ ကားထဲဝင်ဖြစ်သည်။

ကားသံပျောက်သွားသည်အထိ ဒေါ်မူမူဆွေ ထိုနေရာမှာပဲ ရပ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ် လိမ့်ဆင်းလာသည့် မျက်ရည်တစ်စက်ကိုလည်း သုတ်ပစ်ဖို့ သတိရသည်။

ကိုယ်ဟာ ချစ်လို့ လွမ်းလို့ ငိုယိုခံစားသင့်နေတဲ့ အရွယ်လား။

ဘဝကို သမီးလေးအတွက် ကျေကျေနပ်နပ်ကြီး ပေးဆပ်ခဲ့ပြီးမှ ဒီအချိန်မှာ ဘာကိုနှမြောတသနေရမှာလဲ။

ကိုယ့်ကိုယ်ကို တည့်မတ်အောင် ထိန်းကျောင်း၍ မျက်နှာကို ပြန်မော့သည်။

အခန်းထဲက ထွက်ခွာခဲ့ချိန်အထိ ဘေးဘီကို သတိမထားမိခဲ့သော်လည်း ပန်းကတော့ မေမေ့ကျောပြင်လေးကို တစ်စတစ်ဆုံး ငေးကျန်ခဲ့လေသည်။

ကျောပြင်နှင့် ခါး၊ တင် အားလုံးသည် တင်းပြည့်လှဝနေဆဲ။ ထို့ထက်မကသော လှပခြင်းများကိုလည်း သူမအတွက် မေမေ ပေးဆပ်ခဲ့ရသည်။

ခုလည်း ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့ရှာသည်။

ဦးနေရိပ်နဲ့ ပြောနေကြသမျှ ပန်း အားလုံးကို ကြားပါသည်။

ဦးနေရိပ် အံကြိတ်ထားရှာတာ…

မေမေ မျက်ရည်ကျတာ၊ အားလုံးဟာ သူမသာ အဓိကဖြစ်နေသည်။





သူမ ဆုံးဖြတ်ခဲ့တာ မှားသွားသလား။

ဦးနေရိပ်နဲ့ မေမေ ကွဲမကွာရအောင် ဒီမှာပဲ အရိုးထုတ်သွားဖို့က မဖြစ်နိုင်ပါ။

နေခနဲ့ သူမ ဖြစ်ခဲ့ဟာက ဒီတိုင်းမျက်နှာချင်းဆိုင်နေကြဖို့ ဘယ်လိုမှမဖြစ်နိုင်တော့သည့် အခြေအနေ။

ကိုယ် သူ့ရင်ခွင်ထဲမှာ ရှိနေခဲ့ချိန်တွင်…

ထိုး မျက်နှာလေး ရဲသွားသည်။

မေမေ အပြင်ထွက်သွားသည့်အရိပ်ကို လှမ်းကြည့်နေရင်း ပန်း ခေါင်းခါမိ၏။

နေခကို သူမ ယံက်မထပ်နိုင်။

ဒါကတော့ ရှင်းနေပါသည်။

ဒါပေမယ့် ခုချိန်ထိ တွေဝေနေခဲ့သည်က မေမေ စိတ်ဆင်းရဲမှာစိုး၍။

သနပ်ခါးသွေး၍ အောက်ခံဘာမှမလိမ်းဘဲ ပျစ်ပျစ်လေး လိမ်းလိုက်သည်။ ပြီးတော့ မခြောက်တခြောက်မှာ တို့ပတ်လေးနှင့် ဖိရိုက်ပြီး မျက်ခုံးနှင့် မျက်တောင်တို့မှာ တင်နေသည့် သနပ်ခါးတို့ကို ဘရပ်ရှ်လေးနဲ့ ခြစ်ချလိုက်သည်။

မှန်ထဲမှာ မျက်လုံး၊ မျက်တောင်၊ ခေါင်းဖြီးတော့ ဆံပင်။

လက်က သူ့တာဝန်အတိုင်း မမှားယွင်းဘဲ လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ပန်းမျက်လုံးထဲမှာ မေမေ့ကိုပဲ မြင်နေသည်။

သူမဟာ မိဘကို မျက်ရည်ကျစေတဲ့ သမီးမျိုးလား။

ဟိုစဥ်ကတည်းက တစ်လုတ်စာရှိတာတောင် တစ်ဝက်စီ ခွဲကျွေးခဲ့တဲ့ မေမေဟာ ပန်းမျက်ရည်ကျအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးပါ။

ပန်း ခေါင်းမာမာ၊ ဂျစ်ကန်ကန်လုပ်တတ်တာရှိလျှင်တောင် မရိုက်ရက်သည့် မေမေဟာ တစ်နေရာရာမှာ သွားထိုင်ချပြီး မျက်ရည်ဝဲနေတတ်ရှာသူ။

ရွှေရောင်အနက်စင်းလေးတွေပါသည့် ပြောင်အိသော ဘုံးလွှာစကတ်နှင့် ပိုးပျော့ရွှေရောင်ကို တွဲဝတ်လိုက်သည်။

ဘေးကွဲ၊ နောက်ကွဲရှတွေ ပန်း ဝတ်တတ်ပါသည်။

ဒါပေမယ့် မေမေက သိပ်မကြိုက်။

"ခေတ်မီမီ မမီမီ ကိုယ်ပေါ်မှာလှနေဖို့က အဓိကပါ သမီးရယ်၊ အတွင်းသားတွေပေါ်နေအောင် ခွဲထားမှ လှတာလား"

မတားပေမယ့် မေမေ ဒီလိုစကားဟလိုက်ကတည်းက ပန်း သိပ်မဝတ်ဖြစ်တော့ပေ။

ဒါပေမယ့် သူမ ညှာတာခဲ့သမျှ မေမေ့အတွက်ဆိုတာ အားလုံးဟာ မေမေ ကိုယ့်အတွက် ပေးဆပ်ခဲ့ရခြင်းများနှင့် နှိုင်းလို့မမီနိုင်။





ပန်း ဆံပင်တွေကို ကျစ်ဆံမြီးကျစ်ဖို့ပင် စိတ်မပါတော့ဘဲ လက်ကိုင်ပဝါလေးနဲ့ ဂုတ်ပိုးနားကနေ လက်လျှိုသွင်းပြီးဖြစ်သလို စုစည်းလိုက်သည်။

ဒီနေ့ ဒေါက်တာ ခင်သက်နှင်း၏အစ်ကိုတစ်ယောက်အတွက် နိုတ်ရှူတီယူဖို့ သူမ ကတိပေးထားသည်။

ဒီလိုလုပ်ဖို့မပြောနှင့် ဆေးရုံကို နေ့ဘက်ဆင်းနေတာတောင် ဦးနေမိုးက သဘောမကျ။

မေမေတလည်း တားမြစ်ထားသည်။

သို့သော် ဒေါက်တာခင်သက်နှင်းက ကိုယ့်ဆရာမ။

သူမှာပြုတွေအားလုံးက တစ်လှည့်စီ၊ တစ်ညစီ စောင့်ပေးကြတာ ဆရာမကို ကူညီနေကြတာ ဖြစ်သည်။

ကိုယ့်အလှည့်ကျမှ ငြင်းလို့မကောင်း။

မေမေ့ကိုလည်း မပြောရသေးပါ။

ဟိုကျမှပဲ အခြေအနေအရ စောင့်ပေးဖို့ဖြစ်လာသလိုမျိုး ဖုန်းဆက်တော့မည်။

အတူးသဖြင့် အိမ်မှာနေတော့လည်း အိပ်ခန်းထဲမှာ အားလုံး အတွေးကိုယ်စီနှင့် ခြောက်သွေ့ဆင်းရဲနေကြရသည်။

ဒါပေမယ့် ပန်း ညှော်ခန်းကိုဖြတ်သန်းဆဲမှာပင်။

"ပန်းမျက်နှာ"

ပန်းလှည့်ကြည့်လိုက်တော့ ဘောင်းဘီအနက်၊ ရှပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်အပြာနုနှင့် ဂျင်းဂျက်ကက် ထပ်ဝတ်ထားသည့် နေခ။

ပန်း လုံးဝလှည့်မကြည့်သည့် ရက်ပိုင်းလေးမှာ အထူးတလည်ဖြစ်သံမကြားရဘဲ လှုပ်ဖုံကလည်း ဘာဒဏ်ရာမှ ရှိမထားသလို မြင်နေကျအတိုင်း ခါးမတ်မတ်၊ ခပ်ရဲရဲ။

မျက်နှာ အနည်းငယ်ချောင်သွားကာ အမြဲတမ်းလည်း သပ်ယပ်လှသည်မဟုတ်သော ဆံပင်တွေက သိသာစွာ ဖွယောင်းနေသည်။

သို့သော် မလျှော့သော မာနများနှင့် မျက်ဝန်းတို့က ရှူးရဲနေဆဲ။

သူက ပန်းရှေ့ကို ပုံမှန်အတိုင်းလျှောက်လာပြီးမှ မျက်နှာ အနည်းငယ်မဲ့သွားသည်။

ရင်ဘတ်ကို လက်တစ်ဖက်က ဖိလိုက်ပြီး ချက်ချင်း ပြန်ချသည်။ ပန်း သိလိုက်သည်။

သူ့အနာကို ဆေးကုမခံခဲ့သဖြင့် အကောင်းသေသေးပုံ မပေါ်။

"ဆရာဝန်ခေါ်ဖို့ကို လုံးဝပြောမရဘူး"

မေမေ့ဆီကနေ ကြားခဲ့ရသည်။

"သူ့အသက်တောင် သူ မနှမြောတာ နေပစေပေါ့ မေမေ၊ ဒီလိုညစ်ပတ်တဲ့လူမျိုးကို ပန်း မကြည့်ပေးဘူး"





တကာယ့်ကို အပြင်တောင်မထွက်ဘဲ အခန်းတံခါးပိတ်နေခဲ့တာ ဒီနေ့ထိ။ နေ့လယ်ကမှ ဆေးရုံကနေ ဥမ္မာဝင်း ဖုန်းလှမ်းဆက်သည်။

"မနှင်းက အကူအညီတောင်းတာဟ၊ မနွယ်ရော တင်တင်တို့ညီအစ်မရော စောင့်ပေးကြတယ်၊ ငါ့အလှည့်က မနေ့ကလေ၊ အိမ်ကိုရွှေ့သွားပြီဆိုတော့ သွားရတာ တစ်ခုပဲ တာဝန်ကြီးတာပါ၊ ဟိုမှာ တစ်ညလုံး စားချင်တာစားပြီး အေးဆေးပဲ၊ စာအုပ်ဖတ်မလား၊ ဗီစီဒီကြည့်မလား၊ လူနာက သက်သာနေပါပြီ၊ ဘာမှမပင်ပန်းဘူး"

တဲ့။

ခုတလော အလုပ်ဆင်းတာကလည်း တစ်ရက်ဆင်း၊ နှစ်ရက်ပျက်လို ဖြစ်နေခဲ့ရသည်။

ပန်း ခွင့်ယူနေသမျှအဆင်ပြေနေတာလည်း ဒေါက်တာခင်သက်နှင်းကြောင့်ပဲ ဖြစ်သည်။

ထို့ကြောင့် ဒီည ကူညီပေးဖို့ဆုံးဖြတ်ခဲ့တာ ကိုယ့်အကြောင်းနဲ့ ကိုယ်။

"ခင်း ဘယ်သွားမလို့လဲ"

ရှေ့ရောက်လာပြီး စကား ချက်ချင်းမဆို။

လူကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အပြင်ကို ပြန်ငဲ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အမှန်အတိုင်း ဖြေချင်မှဖြေမှာပါ၊ ဒါပေမယ့် မင်း ဘယ်သွားမလို့လဲဆိုတာ ကိုယ်သိတယ်၊ မသွားရဘူး"

"ဘာပြောတယ်"

ပန်းပြောရင်း နားလည်လိုက်သည်က သူ ဖုန်းခိုးနား ထောင်လိုက်ပြီဆိုတာ။

ထို့ကြောင့် ဂရုမစိုက်သည့်ဟန်ကို အပြည့်တင်လိုက်ပြီး

"ကျွန်မဆုံးဖြတ်ချက်၊ ကျွန်မခြေလှမ်းကို ဘယ်သူမှ တားလို့မရဘူး၊ ရှင်က ဘာမို့လဲ"

"မင်းကို လက်ထပ်ဖို့ ကိုယ်ပြောပြီးသား"

"ဘယ်သူက လက်ခံလို့လဲ"

"ဘာဆုံးဖြတ်သင့်တယ်ဆိုတာကို သိရက်နဲ့ မင်း တမင်ဘေးဖယ်ပြီး သိက္ခာတွေကို မြောင်းထဲလွှင့်ပစ်ဖို့ ကြိုးစား နေတာပဲ၊ ဘာပဲဖြစ်ဖြစ် ဒါ မင်းရဲ့ဆုံးဖြတ်ခွင့်ဆိုတာ မှန်ပါ တယ်၊ ထားလိုက်တော့၊ အခု မင်းကိုတားနေတာက မသင့် တော်တဲ့လမ်းကြောင်းတစ်ခုကို မသွားသင့်လို့"

"ဒီမှာ နေခစား"

ပန်းက နေခကို မော့ကြည့်လိုက်၏။

"ရှင့်စိတ်ထဲမှာ ရှင်နဲ့ကျွန်မ တစ်စုံတစ်ရာနဲ့ သက်ဆိုင် ထားတယ်လို့ ထင်နေသလား၊ ဘယ်လိုအတွေးတွေနဲ့ လူကြီး





လူကောင်းလေသံတွေ လာဟာစ်နေတာလဲ၊ ရှင်နဲ့ကျွန်မ ဘာ အကြောင်းတွေပဲရှိခဲ့ ရှိခဲ့…"

ပြောနေရင်း ပန်းမျက်နှာမှာ နွေးခနဲ ဖြစ်သွား၏။

သူ ဘယ်လိုခံယူထားသလဲ။

သက်ဆိုင်နေသည်ဟု ခံယူခဲ့သည်ဆိုလျှင် ပန်းကို သူ ပါးပြင်လေးတွေ ပန်းတွေးစို့လျက် ဖျတ်ခနဲ ပြန်ငုံ့သွားတော့ နေခ ပြုံးလိုက်၏။

"ဘာအကြောင်းတွေပဲရှိခဲ့ရှိခဲ့ ဆိုတာက မင်း ကိုယ့် ရင်ခွင်ထဲမှာ တစ်ညလုံးရှိနေခဲ့တာကို ပြောတာလား၊ ဒါမှ မဟုတ် မင်းကို ကိုယ်က တစ်ခုခုကျူးလွန်ခဲ့တာရှိ…"

"ရှင်… ရှင် တော်ခတော့…"

နေခ ရယ်လိုက်၏။

"တော်လို့မရဘူး၊ မင်း မသိချင်ယောင်ဆောင်နေရင် တော့ ပြောပြရမှာပဲ၊ မင်းကို ကိုယ်က ဖက်ထားပြီးမှ ဒီတိုင်း ပဲ ငြိမ်နေ…"

"ရှင်"

ပန်း ရှက်ရှက်နှင့် သူ့မျက်နှာကို လွှဲရိုက်ပစ်လိုက်၏။ ဒါပေမယ့် မထိ။

နေခ မျက်နှာငဲ့ရှောင်ပြီး ပန်းကိုယ်လုံးလေးကို အသာ လေး ဆွဲဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်း သတိလက်လွတ်ရှုန်းပစ်လိုက်လျှင် သူ့ကိုယ်တွန့်ခနဲ ဖြစ်သွားကာ ညည်းသံသဲ့သဲ့ ထွက်လာ၏။

ပန်းလည်း လက်တွန့်သွားခဲ့၏။

နေခက ငြိမ်ကျသွားသည့် ပန်းမျက်နှာလေးကို ငုံ့ကြည့်၍

"ရန်ရှိန်ဆိုတဲ့လူနာကို မင်းသွားမစောင့်ရဘူး ပန်း၊ ဘာဖြစ်လို့လဲဆိုတာကို ထပ်မမေးနဲ့၊ သူများမကောင်းကြောင်း ကိုယ်မပြောချင်ဘူး"

"မသွားလို့မရဘူး၊ သူက ကျွန်မဆရာရဲ့အစ်ကို၊ ဒီပြင်သူနာပြုတွေလည်း စောင့်ပေးကြတာပဲ၊ ရှင် လူကိုလွှတ်နော်"

နေခက မလွှတ်။

"သူများတွေစောင့်ကြတာ ဆေးရုံမှာ၊ မင်းက အိမ်ကိုသွားမှာ"

"သွားတာ ဘာဖြစ်လဲ"

"ဟား… ကက်ကက်ကို လန်နေတာပဲ၊ ဟိုတုန်းကတော့ လူငယ်ယောက်ျားဆို လုံးဝစောင့်မပေးနိုင်ပါဘူးဆို"

"အခုက မျက်စိမမြင်တဲ့သူ၊ ခြေတစ်ဖက်မသန်ဘူး"

"ဘာပဲဖြစ်ဖြစ် အဲဒါယောက်ျားပဲ"

"ဒေါက်တာ ခင်သက်နှင်းက ကျွန်မရဲ့…"

"မင်းနဲ့ ဘယ်လိုပဲပတ်သက် ပတ်သက် ဒေါက်တာ





ခင်သက်နှင်းကို မင်းပြုစုရမှာမဟုတ်ဘူး၊ ရန်ရှိန်ဆိုတဲ့လူ ဘာလဲ မင်းသိလား"

ပန်း တွေဝေသွား၏။

နေခက ပန်းကိုယ်လေးကို လွှတ်ပေးလိုက်ပြီးမှ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ထား၍

"မျက်လုံးမြင်မြင် မမြင်မြင် မင်းကို ကိုယ် ဒီလူနဲ့ တစ်ညလုံး ခရီးဆက်ခွင့်မပြုဘူး ပန်း၊ ဘယ်သူတွေစောင့်ခဲ့တာ ပြဿနာရှိရှိ မရှိရှိ ပန်းမျက်နှာဆိုတာ သူသိရင်…"

နေခ စကားရပ်သွား၏။

ပန်းက စိတ်ဝင်တစား မော့ကြည့်သည်။

ရန်ရှိန်ဆိုသူနှင့် နေခ သိကျွမ်းခင်မင်ခဲ့ဖူးသလား။

သူမနှင့်ပတ်သက်သော တစ်စုံတစ်ရာ ပြောဆိုခဲ့ကြဖူးသလား။

"မင်းမသွားပါနဲ့၊ ကိုယ့်စကားကို နားထောင်ပါ"

"မထောင်နိုင်ဘူး"

ပန်းက နှုတ်ခမ်းလေးစေ့၍ မျက်နှာမော့၏။

ဘာပဲဖြစ်ဖြစ် နေခနှင့်သူမ ညီမျှခြင်း မဖြစ်ချင်။

"လူတိုင်း ကိုယ့်လိုပဲမှတ်မနေစမ်းပါနဲ့၊ ကျွန်မအတွက် ရှင်ပူဖို့လည်း မလိုဘူး၊ မေမေ့ကို ပြောပြီးသား"

သူ့လက်တို ဆောင့်ဖယ်ချ၍ ပန်းလှည့်ထွက်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါလေး ပြေကျသွားသည်။

စောစောက သူ အတင်းချုပ်ဖက်လိုက်စဉ် ပြေနေခဲ့တာ ဖြစ်၏။ ဆံပင်တွေ ပခုံးစွန်းနှစ်ဖက်ထိ ဖြန့်ဝဲကျလာတာကို ပန်း သိလိုက်သည်။

ဒါပေမယ့် နောက်ပြန်မလှည့်တော့ပါ။

ခြံထဲကနေ ထွက်လာခဲ့တာ တစ်ချက်မှနောက်မကြည့်ခဲ့။ ရင်ထဲမှာတော့ စိုးထိတ်မှုတွေနဲ့ပါ။

"ဆရာမအစ်ကိုဆိုပေမယ့် ဆရာမထက်နုတယ် ပန်းရဲ့၊ ဖြူနုနေတာပဲ၊ စကားပြောလည်း ကောင်းတယ်၊ ငါ စောင့်ရတော့ သူနေကောင်းနေပြီလေ၊ စကားပြောဖော်ရတယ်၊ လုံးဝပျင်းဖို့မရှိဘူး"

မမြင်ရသေးပေမယ့် ဥမ္မာဝင်းပြောပုံအရတော့ ရန်ရှိန်ဆိုသည့်လူက မိန်းကလေးတွေနှင့် ပရောပရီနေဖို့လည်း ဝါသနာပါလိမ့်မည်။

ဒါတွေကို ဖုန်းခိုးနားထောင်ခဲ့သည့် နေ့ခလည်း ကြားမည်သာ။

ဆတ်တောက်တောက်လျှောက်နေသည့် ခြေလှမ်းတွေ နှေးကွေးလာသည်။

ထိုယောက်ျား စည်းမစောင့်တတ်ဘူးဆိုလျှင် တစ်ညလုံး နေဖို့က မလွယ်။

သစ္စာမွန်စာပေ



နေ့ခပြောသောစကားများကို ပယ်ချခဲ့တာတ တခင်တက်သော။ တကယ်ဟုတ်တာတွေပြောခဲ့တာမှန်း ဟိုက်ထ သိနေသည်။

ပန်းကို ဒီလူ အစကတည်းက သိခဲ့၊ မရိုးသားခဲ့တာဆိုလျှင် စိတ်က လူကမကပ်မိဘဲ ကားတွေတားတာ တစ်စီးမှ မရ။

ကားတားလို့ရမည့်နေရာထိ လျှောက်လိုက်၊ တားလို့မရလိုက်နှင့်။

ဘေးနားမှာ ကားတစ်စီးရပ်လာလို့ ကြည့်လိုက်တော့ နေ့ခ။

"ပန်းမျက်နှာ… မင်း ကားပေါ်ပြန်တက်"

"ဘာလို့တက်ရမှာလဲ"

ပန်းမျက်နှာဟု မာကျောကျောခေါ်သံကို နားထဲမှာ ခါးနေသည်။ သူ့အသံကြားသည်နှင့် အတိုက်အခံလုပ်ဖို့က အဆင်သင့်ဖြစ်နေခဲ့ရာ။

"မင်းအမေကို ကိုယ် ဖုန်းဆက်ပြီးပြီ၊ အန်တီက မသိဘူးတဲ့၊ ချက်ချင်းပြန်လာတယ်၊ သား တားပေးပါတဲ့၊ မင်း ပြန်တက်ခဲ့"

"တောက်ဘူး၊ မေမေ့ကို ရှင် ဘာတွေမဟုတ်တာ လျှောက်ပြောလိုက်ပြီလဲ၊ သိပ်ကို စိတ်ပုပ်တဲ့လူ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းက လမ်းကို မပြေးရုံတမယ် လျှောက်ထွက်ခဲ့သည်။

ထင်သည့်အတိုင်းပဲ သူ ဆက်မောင်းလိုက်လာပြီး မှီလာတော့မှ ကားကိုရပ်၏။

ခြေလှမ်းကျဲများနှင့် ဆင်းချလာကာ ပန်းလက်ကို မိမိရရ ဆုပ်ဆွဲ၍ ကားဆီ ပြန်ခေါ်သည်။

"လာ... လိုက်ခဲ့"

"အို... မဖြစ်ဘူး၊ ကျွန်မ ဟိုမှာ ကတိပေးပြီးသား၊ ရှင် လွှတ်နော်"

"ကတိတင်မကဘူး၊ မင်းဘဝပါ ပေးရမှာ၊ နားလည်လား"

"ဟင့်အင်း... ရှင် အနိုင်မကျင့်နဲ့နော်၊ လွှတ်... လက်ကိုလွှတ်"

"လွှတ်လိုက်ပါကွာ၊ ကြည့်မကောင်းပါဘူး"

နှစ်ယောက်...

ပန်းကိုဆွဲထားသည့် သူ့လက်ပေါ်မှာ ထပ်ဆုပ်၍ ဆောင့်ဖြေချလိုက်၏။

ပြောပြောဆိုဆို လုပ်ချလိုက်တာမို့ လက်က ပြုတ်သွား၏။ လူရွယ်နှစ်ယောက်က နေခအရွယ်လောက်တွေပဲ ဖြစ်သည်။





ပန်းကို ကျောပေး၍ သူ့ကိုပဲ ရင်ဆိုင်ရပ်လိုက်ကြ၏။

"မင်း နေရာရွေးတာ မှားနေတယ်ကွ၊ ဒီလိုနေရာမျိုးမှာ မင်းအတွက် မချောင်နိုင်ဘူး"

"ဘာတွေလာပြောနေတာလဲ၊ ဖယ်စမ်း"

လူက နုလံထစပေမယ့် နေခက မာနကြီးခဲ့။

ရှေ့ကတစ်ယောက်၏ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ ထိုသူ ခြေနှစ်လှမ်းခန့် ယိုင်သွားသည်။

ဘေးကတစ်ယောက်က ဒူးနဲ့ ပတ်တိုက်သည်။

နေခ လွတ်ရုံလေးရှောင်ကာ မေးဖျားဆီသို့ ဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

သို့သော် သူမှန်းခဲ့သည့်အချက်မှာ သူဟာ လူကောင်းမဟုတ်။

အားစိုက်ထည့်လိုက်သော လက်သီးက ထိုလူမျက်နှာဆီ မရောက်မီ အားလျော့ကျသွား၏။

ဒဏ်ရာမှာ အလွန်ဆိုးဝါးသော နာကျင်မှုကြောင့် နေခမျက်နှာပါ ရှုံ့မဲ့သွားလေသည်။

"ခွေးသူခိုး"

ပထမအတွန်းခံလိုက်ရသူထံမှ ဆဲသံတို့ တိုးထွက်လာပြီး ခြေကန်ချက်တစ်ချက် ရိပ်ခနဲ ပစ်ဝင်၏။

"အ"



www.burmeseclassic.com

www.burmeseclassic.com



နေခ ရှောင်ပေးမယ့် မလွတ်။

တစ်ကိုယ်လုံး ကတုန်ကယင် စွမ်းအားမဲ့လျက် နောက် လက်သီးတစ်ချက်က ဒဏ်ရာကို ကျကျနန ပုတ်ခတ်မိလိုက်ရာ

"အမလေး"

ပန်း တအားလန့်အော်မိ၏။

ဒဏ်ရာနေရာကို ထိခိုက်မိမှန်းသိလိုက်ကာ နာကျင် သွားမည့်သူ့အစား ပန်း မျက်လုံးတွေ ပြာသွားသည်။

နှစ်ယောက်လက်ထဲမှာ သူ ခွေညွတ်ကျသွားလျှင်…

"သေပါပြီ၊ လာကြပါဦး၊ ကယ်ကြပါဦးရှင်၊ ဒီမှာ… ဒီမှာ ဝိုင်းထိုးနေကြပါတယ်"

ဟစ်ရိုးလုပ်၍ မိန်းမလှလေး၏ ပျာပျာသလဲ ကျေးဇူး တင်ရှိခြင်းကို ရယူဖို့ စိတ်ကူး[illegible]နှင့် ထိုသူနှစ်ယောက် မျက်နှာ ကျိုးကန်းတောင်းမှောက် ဖြစ်သွား၏။

"ဟော့… မအော်နဲ့လေ"

"အော်မှာပဲ၊ ဟောဒီမှာ လာကြပါဦး"

ပန်းက လမ်းမဘက်ကိုပြေးတက်၍ အော်သဖြင့် ကား နှစ်စီးက လွန်သွားပြီးမှ တုံ့ရပ်သွားကြ[illegible]သည်။

ဖြတ်သွားကြသည့် ဈေးသည်လူရွယ်နှင့် စုံတွဲတစ်တွဲ ပြန်လှည့်လာကြ၏။

လူရွယ်နှစ်ယောက် နေခကို ဝိုင်းဖွဲ့ရန် စိတ်ကူးတွေကို





ဖျက်၍ ကမန်းကတန်း ထပြေးကြလေသည်။

"ဘာတွေဖြစ်ကုန်တာလဲ၊ ဟိုကောင်တွေကရော"

"သူတို့… သူတို့ကလေ…"

ရုတ်တရက် ပန်း ဘာဖြေရမှန်းမသိ။

"ဟာ… ဓားနဲ့ထိုးသွားတာကွ၊ ဟိုမှာ သွေးတွေ ထွက် နေတယ်"

အားလုံး၏အာရုံတွေ နေခ၏ ဘယ်ဘက်ရင်အုံဆီ စုပြုံ သွားကြ[illegible]

နေခ စတ်မတ်ပြန်ရပ်လိုက်ပြီး သူတို့ကို လက်ကာပြ သည်။ ပြီးတော့ အနားရောက်လာသည့် ပန်းလက်ကလေးကို ဆုပ်ကိုင်ပြီး

"မင်း ကိုယ်နဲ့ပြန်လိုက်[illegible]လား"

ဒဏ်ရာကို ဂရုမစိုက်ဘဲမေးပေမယ့် နေခမျက်နှာက မဲ့တဲ့တဲ့။ ပန်း ဆတ်ခနဲ ခေါင်းညိတ်၍ သူ့လက်ကို တွဲလိုက် သည်။

"အားလုံးကို ကျေးဇူးတင်ပါတယ်နော်၊ ဒဏ်ရာကို ဆေးခန်းပြရဦးမှာမို့ပါ"

နှစ်ယောက်သား ကားပေါ်ရောက်ကြတော့ ကားမောင်း သည့် သူ့မျက်နှာကို ပန်း မပြတ်တမ်းကြည့်နေမိ၏။

ရင်ထဲမှာ ပူလောင်ပြင်းထန်နေတာ ဘာကြောင့်မှန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မသိ။

အမှောင်ထု လုံးလုံးဝင်ရောက်နေပြီဖြစ်သော ဆည်းဆာ၏ နိဂုံးမှာ ကားလေးက အိမ်ကိုမဟုတ်ဘဲ တစ်နေရာကို ချိုးကွေ့သွားလျှင်…

"ဘယ်ကိုသွားမလို့လဲ နေခ၊ ရှင့်ဒဏ်ရာက သွေးတွေတအားထွက်နေတာမို့လား"

သူက တစ်ချက်လှည့်ကြည့်ပြီး ကားကို လမ်းဘေးမှာ ချရပ်လိုက်၏။

ထို့နောက် မီးဖွင့်လိုက်သည့်ကားထဲမှာ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေမိကြသည်။

ပန်းက အရင်မျက်နှာလွှဲပစ်လိုက်လျှင် နေခက ပန်းအား ကို တိုးထိုင်လိုက်သည်။

ထို့နောက် ပန်းပခုံးလေးကို ခပ်တင်းတင်းဆွဲဖက်ထားလိုက်ပြီး

"ပန်း"

ပန်းလှည့်ကြည့်တာ သူ့ကို တိုက်ရိုက်မဟုတ်ဘဲ မှန်ထဲကတစ်ဆင့်မို့ သူ့မျက်နှာ အနည်းငယ်မဲ့သွားတာကို မြင်သည်။

ပခုံးမှာ ဆုပ်ဖျစ်လိုက်သည့်လက်က လျော့ကျသွားတာ သိသာလှုက်…





"မင်း ကိုယ့်ကို စိုးရိမ်သွားတယ်မို့လားဟင်"

"နေခစား… ရှင့်အတွက် အခုအရေးကြီးနေတာ ဒါ မဟုတ်ဘူးလေ၊ ဒဏ်ရာ"

"ဒဏ်ရာက အရေပြားပေါ်မှာပါ၊ ရင်ထဲကရောဂါက အရေးကြီးတယ်၊ ဒီမှာ ကိုယ့်ကိုကြည့်စမ်းပါ"

ပန်း မော့ကြည့်လိုက်တော့ မျက်နှာချင်းက နီးနီးလေး။

"မင်းကို ကိုယ်ချစ်တယ်"

ပန်း မျက်နှာပြန်ငုံ့ပစ်ပေမယ့် နေခက မေးဖျားလေးကို ပင့်ကိုင်ထားလိုက်ပြီး စူးစိုက်ကြည့်၏။

အပေါ်မီးရောင်ကြောင့် အသွက်ရှုမှားအောင် လှနေသည့် မျက်တောင်ကော့ကော့လေးတွေကို ကြည့်လို့မဝနိုင်။

"ကိုယ့်ကို ချစ်ခွင့်ပေးပါ၊ ကိုယ့်ကို လက်ထပ်ပါ ပန်းရယ်၊ နော်… ကိုယ့်ရင်ထဲမှာ မင်းထင်နေသလို မဟုတ်ဘူး၊ တကယ်တော့ အချစ်မှာ အာမာနမှမရှိဘူး၊ ရှိနေရင်တောင် အဲဒါ အရှုံးမခံနိုင်တဲ့ မာနပါ၊ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး၊ မင်းကို ကိုယ် သိပ်ချစ်တယ်"

ဟင့်အင်းလို့ ငြင်းဆဲ…

ပန်း ခေါင်းမညိတ်ဖို့ မာနကို ဆုပ်ကိုင်ထားလျက်နှင့် သူ့ရင်ခွင်ထဲ ရောက်သွားသည်။

ဖိကပ်ဖက်တွယ်ထားသည့် ရင်ခွင်လှာနှစ်ခုကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



လေကိုးဇိုမရှိ။

ယူ့ရင်ဘတ်ကသွေးတွေ ပန်းရင်ဘတ်လေးမှာ စွန်း
ပေ နေပါပြီ။

"ကိုယ့်ကို မငြင်းပါနဲ့တော့ ပန်းရယ်၊ မင်းဖြစ်စေချင်
တဲ့အတိုင်း မင်းရဲ့စိတ်တိုင်းကျ ကိုယ့်ဘဝကို ပေးပါတယ်၊
ယူမယ် မဟုတ်လားဟင်"

ပန်း ရင်ဖွေ တဒိတ်ဒိတ် ခုန်လာသည်။

မငြင်းနိုင်သော ဆုတ်ခမ်းလာခဲ့သည့် ခွန်အားတို့
နောက်ကွယ်မှာ အိုအေစစ်လေးတစ်ခုက ခံဆောင်နေ၏။

ထိုအိုအေစစ်လေးထဲမှာ ပန်း သာယာလို့ခဲ့ပြီ။

ကားထဲမှာ ဖျတ်ခနဲ မှောင်ကျသွား၏။

ပန်း ထိတ်လန့်သွားခဲ့သည်။

သို့သော်...

နူးညံ့တမ်းတခြင်းများနှင့်အတူ ကျရောက်လာသော
အနမ်းတို့ကို ခေါင်းငုံ့အရှုံးပေးခဲ့တာဟာ သူမရင်ထဲက တမင်
တကာပဲ ဆိုတာ...

*ဝရိသတ်အတွက် အမြဲတာဝန်ရှိ*
*သျှင်မ*



BURMESE CLASSIC .com

www.burmeseclassic.com